

မိကိုရူးစင်
အနမ်းပွင့်ကြွေ

# မိကိုရှူးဇင်

## အနမ်းပွင့် ... ကြွေ


စာမူခွင့်ပြုချက်အမှတ် - ၃၄၃/၂၀၀၃ (၃)

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၃၄၀/၂၀၀၃ (၃)

၂၀၀၃ခုနှစ်၊ ဩဂုတ်လ

ပထမအကြိမ်

တန်ဖိုး - ၃၀၀/-

အုပ်ရေ - ၅၀၀အုပ်

ထုတ်ဝေသူ ... ဒေါ်ခင်ခင်စိန်(၀၁၈၁၉) ချစ်မင်းလျှံစာပေ
အမှတ်-၄၃/က၊ မလိခလမ်း၊ ၇-မိုင်၊
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်း။

ပုံနှိပ်သူ ... ဦးကျော်လှိုင်(၅၅၇၃) စေတနာOFFSET
အမှတ်(၂၉)၊ (၁၉)လမ်း၊ ရန်ကုန်။


စီစဉ်သူ
မောင်ကျော်လှိုင်
စေတနာစာပေ

**မိကိုရှူးဇင်**

# အနမ်းပွင့်ကြွေ

အသစ်စက်စက် လုံးချင်းဝတ္ထု

## ဒို့တာဝန် အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး — ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး — ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကိုနှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သောပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ် ချေမှုန်းကြ

## နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေး ဦးတည်ချက် (၄)ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏လက်ဝယ်တွင် ရှိရေး

## လူမှုရေး ဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး



# အခန်း(တစ်)

နှင်းမှုန်မှုန်ရဲ့ ခြေလှမ်းတွေက နွေးကွေးလေးလံနေသည်။

တကယ်ဆို..

သူရိန့်အနေနှင့် သူမအား စောင့်နေသင့်သည်ဟု ထင်မိသည်။

အချိန်လေး နည်းနည်းနောက်ကျတာပဲ။

မိနစ်သုံးဆယ်လေး...

အင်းလေ

သူရိန့်လိုကောင်က မိန်းကလေးတစ်ယောက်ကို ဘယ်တော့မှ အလေးအနက်ထားတတ်တဲ့ ကောင်မှ မဟုတ်တာပဲဟာ... ။

ရုပ်ချောသော သူရိန်နေ၊

ငွေကြေးပြည့်စုံချမ်းသာတဲ့... သူရိန်၊

အစစ အရာရာပြည့်စုံနေသော သူရိန်၏ မာနတွေ မိုးထိအောင် မြင့်နေတာ မဆန်းပါဘူး။

သူမနှင့် သူက ကျောင်းနေဘက်သူငယ်ချင်းတွေဖြစ်ကြသည်။

မိဘတွေကလည်း ရင်းနှီးကြ၏။

တစ်ယောက်နှင့် တစ်ယောက်လည်း ငယ်စဉ်လေးကတည်းက တတွဲတွဲ။

ဒါပေမဲ့..

သူမဘက်ကသာ သူ့အပေါ် နားလည်မှုအပြည့်အဝ ပေးခဲ့ရပြီး၊ သူ့ဘက်မှ အလေးအနက်မထားတာတွေ ဂရုမစိုက်တာတွေကို သူမ အမြဲတမ်း ခံယူခဲ့ရလေ့ ရှိသည်။

အခုလည်း ကြည့်လေ...

သူမနှင့် သူ ချိန်းထားကြသည်။

စီးပွားရေးတက္ကသိုလ်တက်နေသော သူမနှင့် နည်းပညာကောလိပ်တက်နေသောသူ ဆုံဖြစ်ကြဖို့က မလွယ်။

လမ်းခရီးက တောင်နှင့် မြောက်။

ကျောင်းပိတ်ရက် တနင်္ဂနွေလေးတစ်ရက် သူမနှင့် သူ ရန်ကင်းစင်တာမှာ အသုံးအဆောင်ပစ္စည်းတွေဝယ်ရန် လိုက်ပေးဖို့ ချိန်းခဲ့သည်။

အင်း..တဲ့။

အလွယ်တကူ ခေါင်းညိတ်တတ်တာကတော့ သူ့အကျင့်ပဲ။

"နင် ဆယ်နာရီလောက် စောင့်နေနော်..သူရိန်"

"အင်း"

"ရှင် တကယ် လိုက်မှာလား.."

"အင်း"

"အသက် မပါလိုက်တာ..."

"အင်း"

"ဘာ"

"လိုက်ပါ့မယ် ဆိုမှဟာ... တစ်ခုတော့ ရှိတယ်နော်၊





ဆယ်နာရီဆို အတိအကျပဲ..၊ စောင့်ရတဲ့အလုပ် သူရိန် ဘယ်တော့မှ မလုပ်ဘူး.."

"အင်းပါ"

"ပြီးရော..."

သူမနှင့် ပတ်သက်လာလျှင် သူရိန် စိတ်မရှည်တတ်ပေ။

သူ့အပေါ် သူမ အမြဲတမ်း အောက်ကျခံကာ ပေါင်းသင်းနေရသည်။

ဘာပဲဖြစ်ဖြစ်

သူရိန်နဲ့ တွေ့ဆုံပတ်သက်နေရတာပင် သူမ ပျော်ရွှင်ကျေနပ်နေမိသည်။

ရှင်ကပျိုတိုင်းကြိုက်တဲ့နှင်းဆီခိုင်ပဲ။

မိန်းမချောလေးတွေအတော်များများက သူရိန်နဲ့ပတ်သက်ဆက်ဆံချင်ကြသည်။

သူ့အချစ်တွေကိုရယူပိုင်ဆိုင်ချင်နေခဲ့ကြ၏။

ဒီအထဲမှာ

နှင်းမှုံမှုံလည်းပါတာပဲ

ရုပ်ရည်ချောမောလှပလွန်းခြင်းမရှိတာပဲ သူမကို သူ ဘယ်လိုမှ စိတ်ဝင်စားမှုမရှိနိုင်သောအချက်များလား

သူရိန်နဲ့တွဲတဲ့ကောင်မလေးတွေက မှုံနေအောင် ချောကြတာပဲ။

ငယ်သူငယ်ချင်းဖြစ်တာ

မိဘချင်းရင်းနှီးနေကြတာတစ်ခုပဲသူနှင့်သူမ

ခင်မင်ပတ်သက်ရာအကြောင်းအရင်းဖြစ်နေခဲ့ရသည်။

သူမ ငိုချင်သွားရ၏

ရှင် ရက်စက်တယ်။

ကြည့်စမ်း

မှူး ဘယ်လောက်နောက်ကြလို့လဲ။

ညက တစ်ညလုံးအိပ်မပျော်ဘူး။

ရှင်နဲ့အတူသွားရမည့်နေ့တွေဆို သူမစိတ်ကူးတွေယဉ်ပြီး အိပ်မပျော်တတ်

ညကအတော်လေး မျက်လုံးကြောင်သွားတဲ့အတွက် သူမ အိပ်ဆေးသောက်ရသည်။

တော်ကြာ

ရွက်ကြမ်းရေကျိုလောက်လေးပဲ ချောမောပြေပြစ်သော သူမမျက်နှာ အိပ်ရေးပျက်ပြီး ချောင်ကျသွားရင် မလှမှာ အကြောက်ဆုံးပဲလေ။

အိပ်ရာထနောက်ကျသွားသည်။

မေမေကိုစောစောနှိုးဖို့ပြောထားရန်လည်း မေ့သွားသည်။

"မေမေက မှူ့ကို အစောကြီးဘာလို့မနှိုးတာလဲ"

မဆီမဆိုင်

မေမေအားနှုတ်ခမ်းစူပြီး မကြေမချမ်းအပြစ်တင်မိသည်။

"မှူ့မှမပြောထားဘဲ အိပ်ရေးဝဝအိပ်ပါစေလို့ တမင်မနှိုးဘဲ ထားတာ"





"ဟွန်း သမီးနောက်ကျနေပြီ သူရိန်နဲ့ ရန်ကင်းစင်တာသွားဖို့ ချိန်းထားတယ်လေ"

"သိပ်နောက်မကျသေးပါဘူး..သမီးရဲ့.. မြန်မြန်လုပ်လေ... သူရိန်စောင့်နေမှာပေါ့"

သူမ

အလှအပတွေ အမြန်ဆုံး ပြင်ရသည်။

မပြင်လို့လည်းမဖြစ်ဘူး။

သူမကသိပ်မလှ။

သူရိန်နှင့်တွဲပြီးသွားရမှာဆိုတော့ အလှအပပြင်မှ

" မေမေ"

" ဘာလဲသမီးလေးရယ်"

"သမီးလှရဲ့လား ဟင်"

"သမီးလေးကအချောအလှစာရင်းမဝင်ပေမဲ့ ချစ်စရာကောင်းတဲ့ မျက်ဝန်းလေးတွေကို ပိုင်ဆိုင်ထားပါတယ်ကွယ်"

သူမကိုအားပေးတတ်တာကမေမေ

မိသားစုလေးယောက်တွင် ကျွန်မတစ်ယောက်ပဲ ရွက်ကြမ်းရေကျိုလေးလှနေတာပါ။

မမဆို အလွန်ချောမောသည်။

ဖေဖေရောမေမေရော ချောကြ၏။

သူမကတော့ ကံဆိုးစွာဖြင့် မိဘတွေရဲ့ လှပချောမောခြင်းကိုမရခဲ့။

"မှုံမျက်ဝန်းကျယ်ကျယ် နက်နက်တောက်တောက်လေးတွေက အရမ်းလှတယ် တာကယ်ကိုညို့မျက်ဝန်းပိုင်ရှင်မလေးပဲ"

လူတိုင်းကပြောသည်

ကျွန်မအလှက မျက်ဝန်းလေးမှာပဲရှိ၏။

"မှုံမှုံက တစိမ့်စိမ့် ကြည့်မှချောတာ"

မမက ပြောသည်။

မိဘတွေရဲ့ အလှအပတွေကို အပြည့်အဝရလိုက်တာက မမချစ်ယမုံပင်။

အဖိုးစင်ဘဝက ဆန်ကျင်ဘက်ယောကျ်ားတွေကို ဆွဲဆောင်မှုရှိလွန်းသော မမဘဝတွင် ချစ်ခင်မြတ်နိုးစွဲလမ်းကြသော ယောကျ်ားတွေ မြောက်မြားစွာ ရှိခဲ့သည်။

အခုတော့

မမ အိမ်ထောင်ကျတာ တစ်နှစ်ရှိပြီ။

သူမက မမကို အားမကျပေမဲ့ သူရိန်နှင့်ပတ်သက်လာလျှင်တော့ စိတ်အားငယ်မှုတွေတော့ ရှိနေခဲ့ရသည်။

မမကဲ့သို့ အလှအပတွေ ပိုင်ဆိုင်ချင်၏။

သူမသာ ချောမောလှပတဲ့ မိန်းကလေးဆိုလျှင် သူရိန် စိတ်ဝင်စားမှာပါ။

နှစ်သက်မှာပါ။

အခုတော့.. ဟွန်း သူရိန်စုတ်..

သူမ အချိန်နောက်ကျတာကို အကြောင်းပြုပြီး တခြားကောင်မလေး ချောချောတစ်ယောက်နဲ့ လျှောက်လည်ဖို့





ထွက်သွားတာပါ။

ရှင့်အကြောင်း... ကျွန်မ သိတယ်။

သူမကိုတော့ မကောင်းတတ်၍ ပတ်သက်ဆက်ခံ ..နေချင်းသာ ဖြစ်သည်။

ငိုချင်လိုက်တာ။

နှုတ်ခမ်းသားလေးတွေကို တင်းကျပ်စွာ ဖိကိုက်ထားမိလိုက်သည်။

မငိုပါဘူး... ။

ရှင့်ကြောင့် မျက်ရည်ကျရင် ရှင်က မသနားတဲ့အပြင် ကျေနပ်ပျော်ရွှင်ပြီး ရယ်မောနေမှာ မဟုတ်လား။

နှုတ်ခမ်းသားလေးတွေကို စုထော်ထားမိသည်။

မလှပါဘူး။

သူရိန် စိတ်မဝင်စားတာ သူမရဲ့ မလှပတဲ့ ရုပ်ရည်ရူပကာကြောင့်ပဲ ဖြစ်နိုင်သည်။

စိတ်အားငယ်မိလာရ၏။

သူရိန်ဘယ်ရောက်သွားပြီလဲ၊

နှုတ်ခမ်းလေးတွေက တုန်ယင်ချင်နေသည်။

သူမ နွေးကွေးတဲ့ခြေလှမ်းတွေနှင့် ရန်ကင်းစင်တာသွားဖို့ထွက်လာခဲ့မိ၏။

သူ၊

ကျွန်မကို ဘာလို့မစောင့်တာလဲ။

ရန်ကင်းစင်တာမှာ သူ ရောက်နေပြီလားမသိဘူး၊

ကားလေးကို စိတ်မပါစွာ မောင်းပြီး၊ ရန်ကင်းစင်တာဘက်ထွက်လာခဲ့သည်။

ရန်ကင်းစင်တာရှေ့ ပါကင်မှာ ကားထိုးပြီး၊ သူမ ဝင်လာခဲ့၏။

မျက်ဝန်းလေးတွေက သူ့ရိန့်ကိုများ တွေ့လိုတွေ့ငြား ရှာနေမိသည်။

ဆိုင်ထဲမှာ အတွဲတစ်တွဲတွေ့တော့ သူမ ထိတ်ထိတ်ပျာပျာနှင့် သေသေချာချာကြည့်မိ၏။

ချောချောလှလှ စုံတွဲလေး၊

ပြုံးတုံးပြုံတဲကြည့်သည်။

မဟုတ်၊ တော်ပါသေးရဲ့။

တခြားကောင်မလေးနှင့်ကောင်လေးအတွဲ ဖြစ်နေသည်။

"ဟင်း.."

သူမ တစ်ဘက်သို့အလှည့်တွင် လူတစ်ယောက်နှင့်ဝင်တိုးမိတော့သည်။

"အင့်"

"ဟင်.."

"အို.."

သူမလက်ထဲမှပစ္စည်းတွေ လွတ်ကျသွားရတော့သည်။

"ဟင်.."

"ဆောရီးနော် ကလေးမ.."





လူကြီးတစ်ယောက်၊

သူမအားတောင်းပန်နေသည်။

တည်ကြည်အေးချမ်းသောမျက်ဝန်းအစုံနှင့် စူးစိုက်စွာကြည့်၏။

"မင်း ဘာရှာနေတာလဲကလေးမ"

"ရှင်"

ကျွန်မဟာကျွန်မ ဘာရှာရှာပေါ့၊

ရှင်ကြီးနဲ့ဘာဆိုင်လဲ။

နှုတ်ခမ်းသားလေးကို စုထော်မိသည်၊

မျက်စောင်းလေးက ထိုလူကြီးထံ ဝေ့ခနဲရောက်သွား၏။

ပစ္စည်းတွေပြန့်ကျဲနေတာကို လိုက်၍ကောက်ယူနေမိသည်။

"မင်းက ဝင်တိုးတာပါ"

သူမ၊

ဝယ်ထားတဲ့အထုပ်အပိုးတွေကို တစ်စစီပြန်ကောက်ယူနေရသည်။

သူကပါ လိုက်၍ကောက်ပေးနေ၏။

"မင်းမမြင်တာပါကလေးမ၊ ကိုယ်လည်းအမှတ်တမဲ့ဖြစ်သွားတယ်"

"ရှိ"

သူမ ရှောင်ထွက်သွားဖို့ပြင်လိုက်သည်။

သူ့ရိန့်ကို ရှာရဦးမယ်၊

ပစ္စည်းတွေသာ ဝယ်နေရသည့်၊ စိတ်က မပျော်ရွှင်
ဖြောင့်အောင်ဖြစ်နေသည်။

"အမိ"

"ရှင်"

"မင်း လူတစ်ယောက်ကိုရှာနေတာလား"

"ဟင် ရှင်က ဘယ်လိုလုပ်ပြီးသိနေလဲ"

"မင်းကြည့်ရတာ အရမ်းပြုးတူးပြတဲနဲ့"

"ဟွန့်"

သူမ... စိတ်မဝင်စားနိုင်။

သူရိန်ပဲ၊

နင်တမင်ရှောင်နေတာမဟုတ်လားသူရိန်။

ငါ့ကိုရှောင်တာ၊ မကျေမနပ်ဖြစ်နေမိသည်။

သူရိန်ဆိုတဲ့ကောင်က သူမအား ငယ်သူငယ်ချင်းဖြစ်နေတဲ့အပြင် လူကြီးတွေပါ ခင်မင်နေကြသဖြင့် မလွှဲမရှောင်သာ ပတ်သက်နေတာပါ။

နှုတ်ခမ်းက စူချင်လာသည်။

"နင် အဲဒီလို စိတ်ကောက်ပြီးနှုတ်ခမ်းကြီး စူပုပ်နေတာ ဝက်ပုပ်မကြီးနဲ့တူတယ်၊ အရမ်းရုပ်ဆိုးတာပဲ"

သူရိန်ပြောတာ သတိရသွား၍ စုထော်နေတဲ့နှုတ်ခမ်းတွေ ပြေလျော့သွားသည်။

နင့်အပေါ် ငါ ဘယ်လောက်အထိ အရေးတယူရှိခဲ့သလဲသူရိန်၊

မှုံ ငိုချင်လာသည်။





နာရီဝက်လောက်လေး နောက်ကျတာကိုပဲ နင်က အပြစ်ယူနေတယ်၊

ငါ့ကို ထားပစ်ခဲ့တယ်။

အခြားကောင်မလေးတစ်ယောက်နဲ့ နင်လျှောက်လည်နေမယ်ဆိုတာ ငါသိပါတယ်၊

သူမ သွားမဲ့နေရာကို သူရိန်လာပါ့မလား။

ဝေးဝေးရှောင်နေမှာပဲ၊

အနှံ့ရှာမိသည်။ မတွေ့၊

နင် ဘယ်သွားနေလဲ သူရိန်။

သူရိန်ဟာ ကြီးကျယ်ခမ်းနားလွန်းတဲ့ယောကျ်ားတစ်ယောက်အဖြစ် နာမည်ကြီးစားသောက်ဆိုင်ကြီးတွေပဲ သွားမှလား။

ဘယ်ရှာရမလဲ။

နှုတ်ခမ်းသားတွေတွင် တဆတ်ဆတ်တုန်ယင်ချင်လာမိသည်။

မရှာတော့ဘူး၊ သွားတော့မယ်။

သူရိန် ထားပစ်ခဲ့တဲ့မိန်းမတစ်ယောက်အဖြစ် လုံးဝ မကျေမနပ်၊

အင်းလေ။

မှုံက ရုပ်မှမချောတာ၊

နင်က ရုပ်ချောချော တောင့်တောင့်ဖြောင့်ဖြောင့်မိန်းကလေးတွေကိုမှ စိတ်ဝင်စားမှာပဲ။

သူမကိုယ်သူမ လုံးဝမကျေနပ်မိ၊

နင် သိပ်ချစ်ဖတ်တာပဲသူရိန်ရဲ့၊

သူမနှင့်သွားလာဖို့ သူရိန့်ဘက်မှ မလိုလား ကြောင်း သူမ သိနေသည်။

ခက်တာက၊

သူရိန့်အပေါ် သူမ စွဲလမ်းစွာနှစ်သက်နေမိ တော့သည်။

ဒီကောင်စုတ်ကို၊

မုန်းပစ်၍မရ။

အပြင်ပြန်ထွက်လာပြီး၊ ကားပေါ် ဝုန်းခနဲ တက်ထိုင်ပစ်လိုက်မိသည်။

ကားစက်နှိုးလိုက်၏။

"ဝူး.."

ကားအထွက်တွင်၊

"ဝုန်း"

"ဟင်"

ရှေ့မှာရှိနေသောသူကို သူမ လုံးဝမမြင်မိဘဲ ဝင် တိုက်တော့သည်။

သူမ၊

ကားပေါ်မှ ကမျာကယာဆင်းကြည့်မိလိုက် သည်။

"ဟင်"

သူမ ဝင်တိုက်လိုက်သောကားပေါ်မှ ဆင်းလာသူက သူမနှင့် ရန်ကင်းဆင်တာမှာ ဝင်တိုက်မိသောလူကြီး





ဖြစ်နေသည်။

"မင်းနဲ့ဖြစ်ပြန်ပြီ၊ ဒီတစ်ခါလည်း မင်းပဲ ဝင်တိုးတာ ပဲ"

သူ့စကားရော သူမ့ကားပါ အတော်လေးပိန်ချိုင့် သွားတော့သည်။

"ဒီတစ်ခါတော့ ကျွန်မ တောင်းပန်ပါတယ်ဦး၊ ကျွန်မ မှားတာပဲ၊ ဟို..ဟို..ရှင့်ကားကို ပြန်ပြင်ပေးဖို့ ကျွန်မတာဝန်ယူပါတယ်"

"အမ်"

"ရှင်"

"ကားပြင်တာက အရေးမကြီးပါဘူး၊ အမိနဲ့ကျုပ်တို့ မိတ်ဆွေဖြစ်ချင်လို့ မကြာခဏတွေ့ဆုံနေကြတာပဲ၊ ဟဲ..အမိ အမှတ်တရအနေနဲ့ တစ်ခုခုသွားစားကြရ အောင်လား"

ဟွန်း၊ ကျွန်မကို ရှင်ကြီးက ဘာထင်လို့လဲ။

တော်ကြာ၊

ကျွန်မက ရှင်ကြီးနဲ့ခင်မင်ရင်းနှီးချင်လို့ ထင်နေ ဦးမယ်။

ရေးထွင်းထားတယ်၊

ကျွန်မဘဝမှာ၊

ကျွန်မနှလုံးသားတွေထဲမှာ၊

သူရိန်မှ သူရိန်ပဲ။

"အမိ ဘာစားမလဲ"

"မစားချင်ဘူး။ ရှင်ကြီးကားပြင်ပေးဖို့ပဲပြောပါ၊ ကျွန်မ နောက်က ဝင်တိုက်တော့ ကျွန်မအပြစ်ပဲလေ"

ကားမပြင်ပေးပဲ ဒီအတိုင်းထွက်သွားလျှင် သက်ဆိုင်ရာတွေဘာတွေတိုင်ပြီး ပြဿနာဖြစ်မှာမလိုလားမိပေ။

ထို့ကြောင့်ပင်၊

ကားပြင်ပေးရန် ပြောလိုက်မိသည်။

"မလိုပါဘူး"

"ရှင်"

သူ့ကားကြီးက အရမ်းအဖိုးတန်သော ကားကောင်းကြီးဖြစ်နေသည်။

"ကိုယ်က အမိနဲ့ပဲ မိတ်ဆွေဖြစ်ချင်တာ"

သူ့ရဲ့ တည်ကြည်လေးနက်သောအကြည့်တွေက သူမမျက်ဝန်းလေးတွေထဲ ထိုးဖေါက်ဝင်ရောက်မတတ် ဖြစ်နေမိသည်။

သူမ စိတ်ညစ်နေမိ၏။

သူရိုန်ရဲ့ဥပေက္ခာပြုမှုတွေအတွက် သူမနှလုံးသားတွေထဲ နာကျင်နေရသည်။

စိတ်ထဲမှာ နောက်ကျိလာရ၏။

"အမိ"

"ရှင်"

"တို့ကားနှစ်စီးလုံး ဝပ်ရှော့သွားပြမယ်၊ ပြီးတော့ ကားပြင်တာကိုစောင့်ရင်း တစ်ခုခုသွားစားကြမယ်၊





မင်းကို ကိုယ်ပြန်ပို့ဖို့ရော ကိုယ့်အတွက်ပါ ကားတစ်စီး လှမ်းမှာလိုက်မယ်"

ပြောပြောဆိုဆိုနှင့် သူ့ဟန်းဖုန်းနှင့် ကားတစ်စီး အမြန်ပို့ရန် မှာနေသည်။

သူမစိတ်တွေကလည်း လေလွင့်ချင်နေ၏။

အိမ်မပြန်ချင်သေး၊

ဒီလူကြီးနှင့် အချိန်ဖြုန်းလိုက်တာပဲကောင်းပါတယ်လေဟု တွေးမိပြီး သူ့အစီအစဉ်တွေကိုလက်ခံရန် သဘောတူလိုက်မိတော့သည်။

□ □ □ □ □



# အခန်း(နှစ်)

"ကိုယ့်နာမည် နန္ဒပါ"
"ရှင်"
"မင်း ဘာဖြစ်တာလဲ"
"ဪ..ကျွန်မသူငယ်ချင်းက သူရိန်လေ၊ နာမည်တွေက ရှေးနာမည်တွေ ဆင်နေလို့ပါ"
"မင်းရှာနေတာ သူရိန်ဆိုတဲ့ကောင်လေးကိုလား"
"အင်း"
"ပြုံးတူးပြတဲ့ကွာ"

သူမ ရယ်မောပစ်လိုက်သည်။

သူရိန်၊

ရှင့်ကိုရှာရတာ ဘယ်လောက်သရုပ်ပျက်နေလည်းဆိုတာ စဉ်းစားကြည့်တော့။

"အမိ"
"ရှင်"
"မင်းနာမည် ပြောဦးလေ"
"နှင်းမှုံမှုံပါ"
"ကိုယ် မင်းကို တွေ့တွေ့ချင်းခင်သွားသလိုပဲ၊ ကိုယ်မညာတမ်းဝန်ခံရရင်တော့ မင်းမျက်ဝန်းလေးတွေကို နှစ်သက်သွားမိတယ်"





ကျွန်မ၊

မျက်ဝန်းလေးတွေ။

ရှင်နဲ့က အမှတ်တမဲ့ဆုံဖြစ်တာ၊

သူရိန်ဆို အမြဲလိုလို ကျွန်မမျက်ဝန်းတွေနှင့်ဆုံမိခဲ့တာပဲ။

တစ်ခါမှ၊

ချီးမွမ်းပြောဆိုခြင်းမပြုခဲ့၊

မသိချင်ယောင်ဆောင်နေသည်။

မေမေရောပါ ကျွန်မမျက်ဝန်းလေးတွေ အလွန်လှကြောင်းချီးမွမ်းတတ်ကြ၏။

တခြားလူတွေကရောပါပဲ၊

မချီးမွမ်းတာ သူရိန်။

"နှင်းမှုံမှုံ မင်းနဲ့ကိုယ် ဒီနေ့ကစပြီး မိတ်ဆွေတွေဖြစ်သွားကြပြီနော်"
"အင်း"

ဟုတ်တယ်၊

ရှင်နဲ့ကျွန်မ မိတ်ဆွေတွေပဲ။

သူရိန့်စိတ်ထဲမှာ မနာလိုဖြစ်သွားအောင်သူနှင့်တွဲပြဖို့ နှင်းမှုံမှုံဆုံးဖြတ်လိုက်သည်။

နှင့်ရင်ထဲမှာ ငါနဲ့ပတ်သက်ပြီး အချစ်တွေများရှိနေမလားပဲ၊

ငါ အမြဲတမ်းမျှော်လင့်နေပါတယ်သူရိန်။

တကယ်လို့ နှင့်နှလုံးသားတွေထဲမှာ သိမ်းဆည်း

လျှို့ဝှက်ထားတဲ့အချစ်တွေ ရှိနေခဲ့ရင် ပေါက်ကွဲလွင့်ထွက်လာမှာပဲလေ၊

ကိုနန္ဒကို မိတ်ဆွေသူငယ်ချင်းအဆင့်လောက်ပဲပတ်သက်ရတာ ဘာအန္တရာယ်မှမရှိနိုင်ပါဘူးလေ။

ရှင့်ကြည့်ရတာ၊

ရိုးသားတည်ကြည်ပုံတော့ရပါတယ်။

သူက ပညာတတ်ပြီးအထက်တန်းကျသော ရုပ်ရည်လက္ခဏာရှိနေသည်။

"အမိ"

"ရှင်"

"မင်းဘာတွေတွေးနေတာလဲ"

"မတွေးပါဘူး"

"တွေးနေပါတယ်၊ မင်း ဗိုက်ကြီးကိုပါးစပ်မှာကိုက်ပြီးအဓေးခွက်ကို စိုက်ကြည့်နေတယ်၊ အဓေးကိုသောက်မှမသောက်တာပဲ"

ကြည့်စမ်း၊

ရှင်ကြီး ကျွန်မကို ဒီမိလောက်အထိ အသေးစိတ်ကြည့်နေတာလား။

ဟုတ်တယ်၊

ကျွန်မ သူ့ရိုန်ရဲ့အကြောင်းတွေပဲ စဉ်းစားနေတာပဲ။

အခုလောက်ဆိုရင်၊

ကောင်မလေးချောချောတစ်ယောက်နဲ့ မျက်နှာ





ချင်းဆိုင်ပြီးအအေးဆိုင်တစ်ခုခုမှာ ထိုင်နေမလားပဲ။

ဒါမှမဟုတ်၊

ဟိုတယ်တစ်ခုခုရဲ့အခန်းထဲမှာ။

အို၊

မှုမတွေးရဲတော့ဘူး။

သူ့ရိုန့်အကျင့်စရိုက်တွေ ကျွန်မအသိဆုံးပဲ၊

မိန်းကလေးတွေကို အထင်သေးတယ်။

ထည်လဲတွဲချင်နေတယ်၊

ဘယ်မိန်းကလေးကိုမှ စွဲစွဲမြဲမြဲ ချစ်သူတစ်ယောက်အဖြစ်သတ်မှတ်ချင်တာမဟုတ်။

တစ်ယောက်ပြီးတစ်ယောက်တွဲ၊

ပြီးတော့၊

ကွဲသွား။

ဟွန်း၊

နင့်အကျင့်တွေကို သိသိကြီးနဲ့ ကောင်မလေးတွေကလည်း နှစ်သက်တာပဲ။

စွဲလမ်းမြတ်နိုးနေကြတာပဲ၊

အဲဒီအထဲမှာ

နှင်းမှုံမှုံဆိုတဲ့ကောင်မလေးလည်း ပါနေသေးတယ်သူ့ရိုန်၊

"ကောင်မလေး၊ မင်း ပြန်ပြီးတွေးနေပြန်ပြီမဟုတ်လား"

"အို"

ကျွန်မ၊

အအေးမသောက်ဖြစ်သေး။

"မင်းဘာတွေဖြစ်နေလဲ ကိုယ့်ကိုပြောလေ၊ ကိုယ်နဲ့ မင်း အခုမှတွေ့ပေမဲ့ မိတ်ဆွေအရင်းအချာတွေလို သဘောထားပါ"

ရှင့်လေသံတွေက တကယ့်လူကြီးတစ်ယောက် လေသံမျိုးပဲ။

မျှက်ကိုကြည့်တဲ့အကြည့်တွေက ကြင်နာယုယမှု တွေ မြည့်နေသည်။

ပူလောင်တဲ့အကြည့်မဟုတ်၊

အေးချမ်းနေသည်။

အလေးအနက်ထား၏။

ယောကျ်ားလေးတစ်ယောက်ရဲ့ စိတ်ဝင်တစား အလေးအနက်ပြုမှုကို ပထမဆုံးအကြိမ် ရင်ဆိုင်တွေ့ဆုံခြင်းပဲ လေ၊

ရှုပ်ဆိုးမလေးနှင်းမှုံမှုံကို ဘယ်သူက နှစ်သက် မှာလဲ။

ရှင်ကရော၊

နှင်းမှုံမှုံကို အထင်သေးပြီး အပေါ်စားကောင်မ လေးတစ်ယောက်လို့ ထင်နေတာလား။

စိတ်က ထောင်းခနဲ ဒေါသတွေထွက်သွားမိ သည်။

"ကျွန်မ သွားတော့မယ်"





"ဟော့ နေဦးလေ"

သူက၊

သူမအား ထိတ်ထိတ်ပျာပျာတားသည်။

"ဘာဖြစ်လို့လဲအမိ"

"မနေချင်တော့လို့"

"ကိုယ် လိုက်ပို့ပေးမှာပေါ့"

"မပို့နဲ့"

"ဟင်"

ကောင်မလေး တစ်မျိုးထင်သွားပုံပင်၊

ကိုယ်က ဘာရယ်မဟုတ်။

ခင်မင်လို့ပါ၊

နှစ်သက်တာက မျက်ဝန်းလေး။

နက်နက် တောက်တောက်လေး။

ကျယ်ကျယ်ဝိုင်းဝိုင်းလေး။

ရုပ်က မချော၊

ကိုယ့်စိတ်ထဲမှာ နှစ်သက်မြတ်နိုးမိသွားရတော့ သည်။

အတိတ်က၊

ကိုယ် ချစ်မြတ်နိုးရသော မိန်းကလေးတစ်ယောက် ကို သတိတရဖြစ်သွားရသည်။

ယမင်းခင်၊

မင်းနဲ့သိပ်တူတာပဲ။

ကိုယ်က တစ်မျိုး၊

ရုပ်ချောတဲ့ မှုံနေတဲ့မိန်းမတွေကို မနှစ်သက်ဘူး၊
အထူးသဖြင့်၊
မျက်ဝန်းလှပတဲ့ မိန်းကလေးတွေကို ကိုယ်စွဲမက်
တယ်။
ယမင်းခင်ကလည်း မင်းလိုပဲ စွဲမက်စရာကောင်း
တဲ့မျက်ဝန်းလေးတွေကို ပိုင်ဆိုင်ထားတယ်လေ၊
ကိုယ်ချစ်မြတ်နိုးရတဲ့ချစ်သူက သွေးကင်ဆာ
ရောဂါနဲ့ဆုံးသွားတာ တစ်နှစ်တိတိရှိနေပြီနှင်းမှုံမှုံ၊
"နှင်းမှုံမှုံ"
"ကျွန်မ ပြန်တော့မယ်"
"ခဏလေးနေပါဦး၊ ကိုယ်တစ်ခုလောက် မင်းကိုပြော
ပါရစေ"
ပတ်ဝန်းကျင်မှာ သူမ သရုပ်မပျက်ချင်၍ ပြန်
ထိုင်လိုက်ရသည်။
"ပြောစရာရှိတာ မြန်မြန်ပြောစမ်းပါ"
"ဒီနေ့ ကိုယ့်ချစ်သူယမင်းခင်သေဆုံးသွားတာ တစ်နှစ်
ပြည့်တဲ့နေ့"
လုပ်မနေစမ်းပါနဲ့၊
ဒါတွေက ရိုးနေပြီ။
ရှင်ကြီးပြောမှာက ကျွန်မက ရှင်ကြီးချစ်သူနဲ့
တူနေတယ်လို့ ပြောမှာမဟုတ်လား၊
ဟွန်း၊
ယောကျ်ားတွေက ပြောနေကျပဲလေ။





"ကိုယ့်ချစ်သူကို သတိရလို့ တစ်နေကုန်လျှောက်သွား
နေတာ၊ ခင်က အဝတ်အစားတွေ အသုံးအဆောင်
ပစ္စည်းတွေဝယ်တာ အရမ်းဝါသနာပါတယ်လေ"
သူမနဲ့တူနေတာပါလား၊
မိန်းကလေးတွေ အများစုက အဝတ်အစားတွေ၊
အသုံးအဆောင်ပစ္စည်းတွေဝယ်တာ ဝါသနာပါကြတာပဲ။
ရှင်ကြီး တမင်တူအောင်ပြောတာပါ၊
"ဒီမှာ ကိုယ့်ချစ်သူဓါတ်ပုံ"
သူက ပြသည်။
သူမ အားနာ၍ယူပြီးကြည့်မိသည်။
"ဟင်"
သူနဲ့တွဲရိုက်ထားတဲ့ပုံ၊
ယမင်းခင်က မချောပေ။
သူနှင့်မလိုက်ဖက်ပေ၊
"ခင်က မချောဘူး၊ ဒါပေမဲ့ ကိုယ်က မြတ်နိုးတယ်"
သူ့ရိုန်ကို တမ်းတ,မိသွားရသည်။
အားလည်းတက်သွားမိ၏။
သူမ စိတ်ထဲမှာ သူ့အကြောင်းတွေကို စိတ်ဝင်
တစားဖြစ်သွားမိသည်။
"ခင့်ကို ကိုယ်က ငယ်သူငယ်ချင်းတွေ၊ ပထမတော့
ကိုယ်က ခင့်ကို သာမန်မိတ်ဆွေအဆင့်ပဲခင်မင်ပတ်
သက်တာ"
ဘုရားရေ၊

ကျွန်မနဲ့တူလိုက်တာ။

ရှင်ကြီးက ကျွန်မအကြောင်း ဒီလောက်တော့ သိမနေနိုင်ပါဘူး၊

"ကိုယ် ငါ့နေ့ ကိုယ့်ရင်ထဲကအကြောင်းအရာတွေကို ရင်ဖွင့်ချင်တယ်အမိ"

ကျွန်မနဲ့ဘာထူးလဲ၊

တကယ်ပဲ။

ကျွန်မလည်း ကျွန်မနဲ့သူရိန့်အကြောင်းတွေ ရင်ဖွင့်ချင်လိုက်တာနော်၊

ရှင်ကြီးနားထောင်မလား။

မဖြစ်သေးပါဘူး၊

ကျွန်မဘဝနဲ့တူနေတယ်။

တော်ကြာ၊

ကျွန်မက ရှင်ကြီးကို ဆွဲဆောင်ချင်ဘူး၊ ကျွန်မဘဝနဲ့တူနေတယ်လို့ပြောမှာ ကြောက်တယ်။

"နှင်းမှုံမှုံ"

"ပြော"

"ကိုယ်အနှစ်သက်ဆုံးက သူ့မျက်ဝန်းလေးတွေပဲ"

သူရိန်ကတော့ ကျွန်မမျက်ဝန်းလေးတွေကို လုံးဝ မနှစ်သက်ပါဘူး။

ကျွန်မကိုလည်း ဘယ်တော့မှ အရေးတယူကြည့်နေတာမှမဟုတ်တာ၊

"ကိုယ် အမှတ်တမဲ့နေတဲ့အရာလေးက အမှတ်မထင်





ဂရုတစိုက်ဖြစ်မိသွားရတယ်"

ကျွန်မ ပို၍စိတ်ဝင်စားသွားပြီး ဂရုတစိုက်နားထောင်ဖြစ်သွားသည်။

"ကိုယ်ဟာ မိန်းမချောလေးတစ်ယောက်နဲ့တွဲတော့ ခင် ဝမ်းနည်းပြီး ကိုယ့်ရှေ့မှာငိုတယ်၊ ကိုယ်လည်း အတိတ် တလန့်နဲ့ဖြစ်သွားပြီး သူ့မေးစေ့လေးကို ဆွဲမော့ပြီး သူ့ မျက်ဝန်းအစုံကို စိုက်ကြည့်ဖြစ်သွားတယ်"

"ဟင်"

သူရိန့်ရှေ့မှာ ကျွန်မ ဘယ်တော့မှမငိုမိအောင် ထိန်းချုပ်ထားမိခဲ့သည်။

ဘာဖြစ်လို့လည်းဆိုတော့၊

ကျွန်မ မာနကြောင့်ပါ။

ငိုပြတော့ရော သူရိန်က ဟားတိုက်ရယ်နေမှာ စိုးမိနေခဲ့သည်။

စိတ်ဆိုးစိတ်ကောက်ရင်တောင် ရုပ်ဆိုးလွန်းတယ်ဟာတဲ့၊

"ခင့်ရဲ့မျက်ဝန်းလေးတွေကို ကိုယ်နှစ်သက်မြတ်နိုး သွားမိတာပဲ နှင်းမှုံမှုံ"

ကျွန်မနှင့်သူ အကြည့်ချင်းဆုံမိသွား၍ ကမန်းကတန်းပြန်လွှဲပစ်လိုက်ရသည်။

ယမင်းခင်ကမှ တကောင်းသေးတယ်၊

ရှင်ကြီးအချစ်တွေကို ရလိုက်တယ်လေ။

နှင်းမှုံမှုံကိုတော့ သူရိန်က လုံးဝတောင် အရေး

စိုက်တာမဟုတ်ဘူးလေ၊

အခုပဲကြည့်၊

သူတစ်ယောက်တည်းသွားချင်တာနဲ့ နာရီဝက်လောက်နောက်ကျတာကို အကြောင်းရှာပြီး လစ်ထွက်သွားခဲ့တာပဲမဟုတ်လား။

"ကိုယ်က တစ်မျိုး၊ မိန်းကလေးတစ်ယောက်က ရုပ်ရည်ချောမောလှပမှုထက် မိန်းကလေးပီသပြီး ကိုယ့်အပေါ် အနွံအတာခံနိုင်မဲ့ ကိုယ့်ကို မြတ်နိုးချစ်ခင်တဲ့ မိန်းကလေးတစ်ယောက်ကိုပဲ ကိုယ့်ရဲ့ ထာဝရ လက်တွဲဖော် အဖြစ် ရွေးချယ်ချင်တယ်"

ရှင်ကြီးလိုစိတ်မျိုး သူရိန့်ဆီမှာ ရှိနေရင် ဘယ်လောက်အထိကောင်းလိုက်မလဲနော်။

သူရိန်က မိန်းကလေးဆို ချောမှတဲ့၊

တကယ်ခက် တယ်။

ရှင်ကြီးနဲ့မတူဘူး၊

"ကိုယ့်ချစ်သူအဖြစ် ခင့်ကို ရွေးချယ်ပြီး လက်ထပ်ဖို့ စီစဉ်တဲ့အချိန်မှာ..ခင် သွေးကင်ဆာ ဖြစ်လာတယ်"

"ဟင်..."

"ကိုယ်တို့ အစွမ်းကုန် ကုသပေမဲ့ နောက်ဆုံးတော့ ကွယ်လွန်သွားတယ်.."

သူမ

စိတ်ထိခိုက်သွားရသည်။

"ကိုယ် ဘယ်တော့မှ မေ့ပစ်လို့ မရဘူး..နှင်းမှုံမှုံ..၊





ဒီနေ့ ခင် ဆုံးတဲ့နေ့ပဲ.."

မင်းနဲ့မှ လာပြီး တိုက်ဆိုင်နေတယ်..နှင်းမှုံမှုံ။

ကိုယ့်ကို မင်း လာပြီး ဝင်တိုက်တယ်။

တစ်စုံတစ်ယောက်ကို ရှာနေပုံရတဲ့ မင်းမျက်ဝန်းတောက်တောက်လေးတွေနဲ့ ဆုံမိတယ်။

ခင့် မျက်ဝန်းလေးတွေ အတိုင်းပဲ။

အသက်အရွယ်ပဲ ကွာခြားတာ။

မင်းက ခင်နဲ့ တူတယ်။

တိုက်ဆိုင်မှုတစ်ခု ဖြစ်နေပေမဲ့ သာမန်တိုက်ဆိုင်မှုလို့ ကိုယ် မထင်မိဘူး။

နောက်တစ်ခါ ထပ်ဆုံဖို့ ဖြစ်ရတယ်။

ကိုယ့်ကားကို မင်း ဝင်တိုက်ပြန်ရော...

မင်နဲ့ကိုယ် ထပ်မံဆုံဖြစ်အောင် ကံကြမ္မာက ထပ်ပြီးဖန်တီးလိုက်တာပဲ။

"နှင်းမှုံမှုံ"

"ရှင်"

"ကိုယ်ဟာ မင်းနဲ့ ခင်မင်ချင်တယ်..၊ မိတ်ဆွေ ဖြစ်ချင်တယ်..၊ ကိုယ် တကယ်ပဲ အထီးကျန် ဖြစ်နေတာကြာပြီ.."

ကောင်မလေးက နှုတ်ခမ်းသားလေးတွေကို တင်းကျပ်စွာ စေ့ကပ်ထားသည်။

ငွေကြေးချမ်းသာတဲ့ ကောင်မလေးတစ်ယောက်ပါပဲ။

ကိုယ်က သဘောရိုးပါ။

မင်းကို ခင်မင်ချင်တယ်။

နှစ်သက်တယ်။

မြတ်နိုးတယ်။

ခင်နဲ့ တူလွန်းတဲ့ မိန်းကလေးတစ်ယောက် ဖြစ်နေလို့ပဲ။

ကိုယ် အရူး ထတာပါ။

မိန်းမချောလေးတွေ ဝိုင်းဝိုင်းလည်နေတဲ့ ကိုယ့်ဘဝမှာ ခင်ကလွဲပြီး တခြားမိန်းကလေးတွေကို စိတ်မဝင်စားမိခဲ့ဘူး။

အံ့သြစရာပဲ နှင်းမှုံမှုံ။

ယမင်းခင်က မင်းလောက် အသားအရည်က လှမနေဘူး။

မျက်နှာလေး မလှတာ တစ်ခုပဲ။

မင်းရဲ့ခန္ဓာကိုယ်တည်ဆောက်မှုကတော့ စွဲမက်စရာ ကောင်းနေတယ်။

အရပ်ရှည်ရှည်မြင့်မြင့်လေး။

တောင့်တောင့်ဖြောင့်ဖြောင့်လေး။

ကိုယ်ကတော့ မင်းထက်ချောမောတဲ့ တောင့်ဖြောင့်တဲ့ ကောင်မလေးတွေနဲ့ ဆုံဖူးတာပဲ။

စိတ်မဝင်စားခဲ့ဘူး။

ခင် ဆုံးကတည်းက ကိုယ့်အလုပ်ထဲမှာပဲ စိတ်တွေကို နှစ်မြှုပ်ထားပြီး အထီးကျန်နေခဲ့တယ်။





မင်းကို ဘာဖြစ်လို့များ ကိုယ် နှစ်သက်စွဲလမ်းသွားရလဲ မသိဘူး။

"ကိုယ့်ကို မိတ်ဆွေတစ်ယောက်အဖြစ် အသိအမှတ်ပြုပါ နှင်းမှုံမှုံရယ်.."

သူ

ခခယယတောင်းပန်နေသည်။

ရှင် ပြောတာတွေ တကယ်ပဲလား။

ကျွန်မအပေါ် ဘယ်ယောက်ျားကမှ ဒီလောက် အထိ အရေးတယူ ခယ မနေဘူး။

ဟုတ်မှာပါလေ...

ကျွန်မနဲ့ ရှင့်ချစ်သူတို့ တူနေတာ။

"နှင်းမှုံမှုံ"

"ရှင်"

"ဘယ်လိုလဲ"

"ခင်မင်တာလောက်ကတော့ အပန်းမကြီးပါဘူး.. ကိုနန္ဒ..ရပါတယ်"

"ကိုယ် အရမ်း ဝမ်းသာတယ်ကွာ..။ ကဲ မင်းလည်း အအေးသောက်တော့.."

ကျွန်မရင်ထဲမှာ ပူလောင်နေတယ်။

ရှင် ဘာသိလို့လဲ...၊

သူရိန်ကြောင့်လေ၊

ငါ့အပေါ် နှင် ဒီလောက်အထိ ဥပေက္ခာ မပြုသင့်ပါဘူး သူရိန်ရယ်..။

နင့် အပေါ် ထားတဲ့ ငါ့ သံယောဇဉ်တွေကိုတော့ နည်းနည်းပါးပါးလောက်တော့ အသိအမှတ်ပြုထားသင့်ပါတယ်။

နှုတ်ခမ်းသားလေးတွေကို တင်းကျပ်စွာ ဖိကိုက်ထားမိသည်။

"ကျွန်မ ပြန်တော့မယ်"

သူမ

ထလိုက်သည်။

"ကိုယ် လိုက်ပို့မယ်..."

ကားက မနက်ဖြန်မှ ရမည်ဖြစ်သည်။

မေမေတို့ကတော့ စိတ်ပူမှာပဲ။

သူရိန်

ရှင့်ကြောင့် သိလား...။

နှင်းမှုံမှုံ့စိတ်တွေ ဘယ်လောက်အထိ လှုပ်ရှားနေသည်ဆိုတာ..

"ကိုယ် လိုက်ပို့ပါရစေနော်.."

"အင်း"

သူမလက်ခံလိုက်မိသည်။

စိတ်တွေလေပြီး နေမထိထိုင်မသာ ဖြစ်နေသဖြင့် သူရှိနေတာစိတ်ထွက်ပေါက်တစ်ခုပဲဟု သူမထင်မြင်ယူဆနေမိ၏။

သူရိန်ရယ်..

နင့်ကိုတွေ့ချင်တယ်..





ငယ်စဉ်လေးထဲက မိမိတို့လက်ပေါ် တွင်ကြီးပြင်းလာတာပဲ

မိမိကတော့ မှုံမှုံလေးကိုချစ်သည်။

သားနှင့်နီးစပ်မှုရှိစေရန်နေစေခဲ့ပေမဲ့ သားဘက်ကစိတ်မဝင်စားပေ။

မိန်းမချောလေးတွေကိုပဲ ပတ်သက်ဆက်ဆံချင်နေသည်။

မှုံမှုံလေးကို အရေးပင်မစိုက်။

ဒေါ် ညိုညိုအားနာလွန်း၍ သားကိုမကြာခဏဆုံးမနေရသည်။

"ဒီကောင်မလေးကို အရေးစိုက်မနေစမ်းပါနဲ့မေမေ သူသွားချင်တဲ့နေရာတွေလိုက်ပို့ရတာ စိတ်ပျက်တယ်"

သားကလက်မခံ

အခုလည်းကြည့်လေ

အိမ်ပေါ် ရောက်တာတောင် မှုံမှုံလေးကို ဂရုမစိုက်ဘဲ သူ့အခန်းထဲဝင်နေသည်။

မှုံမှုံလေးမျက်ဝန်းတွေထဲမှာ မျက်ရည်စတွေတွေ့ရသည်။

ငိုထားသလားပဲ..

လူငယ်တွေကိစ္စဝင်မပါချင်၍ ဒေါ် ညိုညိုမီးဖိုခန်းထဲပြန်ဝင်လာခဲ့သည်။

မှုံကတော့ ထိုင်စောင့်နေ၏။

သူရိန်နှင့် စကားတွေပြောချင်သည်။

ကိုနန္ဒအကြောင်းတွေပေါ့

နှင် သဝန်ကြောင်မလား

ဘာပြောမလဲ

မိန်းကလေးဖြစ်၍ သူရိန့်အခန်းထဲလည်းဝင်လိုက်မသွားချင်ပေ။

ထိုင်ပြီးစောင့်နေမိသည်။

အကြာကြီးကြာမှ သူရိန်ဝတ်စားပြင်ဆင်ကာထွက်လာ၏။

"နှင်ချောလိုက်တာ သူရိန်"

သူရိန်ကိုယ်သင်းနံ့က သူမရင်ထဲသို့ စူးနစ်တိုးဝင်သွားသည်။

"မှုံမှုံ"

"ဟင်"

"နှင် ဖွဲ့ကောင်းတာပဲ"

သူရိန်ရယ်..

ငါမြန်သွားအောင် နှင်တမင် အကြာကြီးလုပ်နေတာပဲ..။

"သူရိန်"

"ဘာလဲ"

"ငါ ဒီနေ့ဘာတွေဖြစ်ခဲ့လဲ နှင် သိလား"

"ဘယ်သိမလဲဟ"

"အဲဒါပြောမလို့ ငါရန်ကင်းစင်တာမှာနှင့်ကိုတွေ့လို





တွေ့ခြားရှာသေးတယ်သိလား"

"ငါကတန်တော်ကြီးစောင်းကိုသွားတာ..ချစ်သူနဲ့လူတွေထဲသိပ်မသွားချင်ဘူး"

သူမအလိုမကျသလို စူအောင့်အောင့်လေးကြည့်ိုက်သည်။

သူက စားပွဲပေါ်မှမုန့်တွေကိုပဲ တစ်ခုပြီးတစ်ခုစားနေ၏။

လူကြီးအကြောင်းပြောရမှာပင် အောင့်သက်က်ကြီးဖြစ်သွားတော့သည်။

နှင်စိတ်ဝင်စားပုံမလား။

သူများကိုမသနားတဲ့အပြင် သူ့ကောင်မလေးကြောင်းပဲပြောနေသည်။

မိန်းကလေးတွေကိုသက်ဖေ့တွဲနေချင်တဲ့ သူရိန့်ကြောင်း သူမအသိဆုံး။

ချစ်သူရည်းစားဟူ၍ ဘယ်ကောင်မလေးကိုမှတည်တကျမထားခဲ့ပေ။

"သူရိန်"

"ဟင်"

"ရန်ကင်းစင်တာမှာ ရှင့်ကိုရှာနေတုန်း ခပ်ချောချောအတွဲတစ်တွဲကိုတွေ့တော့ နှင်ထင်ပြီး ပြူးတူးပြဲတဲသွား ကြည့်ရသေးတယ်လေ"

"နှင် သိပ်ကြောင်တာပဲ"

သူမဘာက်မှ နှင်နဲ့ပတ်သက်ပြီးဘယ်လောက်

စိတ်လှုပ်ရှားနေရကြောင်း မသိမသာပြောနေမိသည်။

"နှင့်ကိုရှာနေတုန်းမှာပဲ လူကြီးတစ်ယောက်နဲ့ ဝင်တိုက်မိသွားတယ် သူရိန်"

"ဇာတ်လမ်းကအခုမှစတာ ကြည့်ကောင်းတော့မယ် ထင်တယ်"

သူရိန်မျက်နှာအမူအရာက ဘာမှပြောင်းလဲသွားခြင်းမရှိပေ။

မှုံနှင့်ပတ်သက်ပြီး သူရိန်ရင်ထဲမှာခံစားချက်တွေကင်းမဲ့နေပုံပင်။

ဝမ်းသာပျော်ရွှင်တက်ကြွစွာပင် နားထောင်နေခဲ့သေးသည်။

"ပြောလေဟာ လူကြီးကနင့်ကို ဝင်ရောတာပဲလား"

"အင်းပေါ့..အတိတ်က သူ့အကြောင်းတွေပြောပြတယ် သူချစ်သူနဲ့ငါကသိပ်တူတယ်တဲ့"

"ဇာတ်လမ်းက ဒီလိုပဲဖြစ်မယ်လေ. နင်စွံဖို့တော့သေချာနေပြီ"

ကိုနန္ဒနှင့်တွေ့ဆုံပုံတွေကို ပြောပြလိုက်မိတော့သည်။

မေမေနှင့်သိပုံတွေ

လူကြီးက သူမအားဘယ်လောက်အထိအရေးတယူရှိခဲ့ပုံတွေကိုပါထည့်ပြောဖြစ်သည်။

"မဆိုးဘူးမှုံ"

"ဘာကိုလဲ"





"နင့်ကို အတော်လေးစိတ်ဝင်စားတာပဲ ငါသဘောတူတယ်"

"ဘာ"

"ကိုကျော်နန္ဒကအရာရာပြည့်စုံနေတာပဲ ငါ့ထက်တောင်သာဦးမယ်..နင်စိတ်ကူးမမှားနဲ့ ရွေးချယ်လိုက်"

"ငါမှမချစ်တာပဲ သူရိန်"

ထိန်းချုပ်ထားသည့်ကြားမှ လွှတ်ခနဲပြောလိုက်မိသည်။

လူကြီးကို ငါမချစ်ဘူး

ငါချစ်တာနင်ပဲ

သူရိန်ရယ်..

နင်သိပါတယ်

တမင်

မသိကျိုးကျွံပြုနေတာပဲမဟုတ်လား။

နှုတ်ခမ်းသားလေးတွေက တဆတ်ဆတ်တုန်ယင်လာချင်သည်။

"နင်စိတ်ကူးမမှားစေချင်ဘူး မှုံမှုံ..ငါကတော့ နင်နဲ့သဘောတူတယ်.."

ငါဘယ်သူ့ကိုချစ်လဲဆိုတာနင်သိရဲ့လား ဟုမေးချင်မိသည်။

မိန်းကလေးတစ်ယောက်ရဲ့ ကြီးမားတဲ့ ဣန္ဒြေသိက္ခာတွေကိုထိန်းချုပ်ရမည့်အကြောင်းတွေကသူမနှုတ်ခမ်းလေး

အားစေ့ပိတ်ထား၏။

ဒီလောက်ထိတော့ မပွင့်လင်းရဲ..

အရှက်တရားတွေက သူမစိတ်တွေသွားတိုင်း

ကိုယ်မပါနိုင်ခဲ့ပေ။

"မှုံ"

"ဟင်"

"ကိုကျော်နန္ဒလာရင် ငါအကဲခတ်မယ် နင်မိတ်ဆက်

ပေးနော်"

"အင်း"

"ချစ်တာတွေ မချစ်တာတွေက သိပ်အရေးမကြီးပါဘူး

နင်တို့လိုမိန်းကလေးတစ်ယောက်အတွက်ကတော့

အရာရာပြည့်စုံနေတဲ့ ကိုကျော်နန္ဒလိုယောကျ်ားတစ်

ယောက်ကိုရွေးချယ်သင့်တာပဲ"

အချစ်ဆိုတာကိုနင်လုံးဝမခံစားတတ်သေး

တာအံ့ဩစရာပဲ သူရိန်..

ကောင်မလေးတွေနဲ့ နင်အများကြီးတွဲနေတာ

နင် အချစ်မရှိတော့ဘူးလား။

"သူရိန်"

"ပြော"

"နင်ဘယ်ကောင်မလေးကိုအချစ်ဆုံးလဲ ဟင်"

"ဟား ဟား ဟား ဘယ်ကောင်မလေးကိုမှမချစ်ဘူး"

မျှော်လင့်ချက်တွေက သူမမျက်ဝန်းလေးတွေ

ပြေးဝင်ခိုကပ်လာရသည်။





သူရိန်မိန်းမချောလေးတွေနဲ့တွဲပေမဲ့ အချစ်မရှိ

ဘူးတဲ့။

ဘယ်ကောင်မလေးကိုမှ မချစ်သေးဘူးတဲ့လေ။

"မိန်းမချောလေးတွေကိုတွဲကြည့်တာလေ အဲဒီကမှ

ငါအချစ်မြတ်နိုးဆုံးမိန်းကလေးကို ရွေးပြီးလက်ထပ်

မှာ"

နင့်မှာတော့ အဲလိုရွေးချယ်နိုင်တဲ့ အခွင့်အရေး

တွေအများကြီးရှိနေတာပဲ။

ဖျိုတိုင်းကြိုက်တဲ့ နှင်းဆီခိုင်လေ

သူရိန်ဆိုတာ မိန်းမချောလေးတွေရဲ့ စိတ်ဝင်

စားမှုအခံရဆုံးနဲ့ကောင်မလေးတွေရဲ့နှုတ်ခမ်းဖျားမှာ ရေပန်း

အစားဆုံးပဲဟာ..

မှုံမှုံရော

တစ်နေ့ကျရင်

နင်ချစ်မြတ်နိုးတဲ့ မိန်းကလေးတစ်ယောက်ဖြစ်

စေချင်တယ်

အဲဒါ

ငါ့ မျှော်လင့်ချက်ပဲ

"နင် လင်ကောင်းသားကောင်းရသွားရင် ငါအဝမ်း

သာဆုံးပဲ မှုံမှုံ"

"ကောင်စုတ်"

"တကယ်ပြောတာ နင်က ငါ့ရဲ့ငယ်သူငယ်ချင်းပဲ

ကောင်းစားစေချင်တာပေါ့ဟာ"

နင်သဝန်မကြောင်တဲ့အပြင် ငါ့အတွက်တောင် ကျေနပ်အားရနေသေးတယ်..

သူမ ငိုချင်သွားမိသည်။

ငါ့မျက်ဝန်းလေးတွေကို နင်ဘယ်တော့မှသေသေချာချာမကြည့်ဘူး..

စိတ်လည်း မဝင်စားဘူး

"ငါဒီနေ့ပင်ပန်းလာလို့အနားယူချင်ပြီဟာ နင်လည်း ကိုကျော်နန္ဒအကြောင်းတွေပြန်စဉ်းစားရင်း အနားယူတော့လေ"

သူမနှင့်တွေ့ဆုံရမှာပင် စိတ်မဝင်စားလွန်းသော ယောကျ်ားတစ်ယောက်ဖြစ်နေသည်။





## အခန်း(ငါး)

ကိုနန္ဒရောက်လာသည်။

သူမစည့်ခံပြောဆိုရတာပင် စိတ်မဝင်စားနိုင်အောင်ဖြစ်နေသည်။

ကိုနန္ဒမိခင်ပါလိုက်လာ၏။

"သမီးလေး နှင်းမှုံမှုံတဲ့ ချစ်စရာကောင်းတဲ့ သမီးလေးပဲ..သားကပြောတယ်..သမီးလေးမျက်ဝန်းကသိပ်ပြီး ချစ်စရာကောင်းတာပဲတဲ့"

ကိုနန္ဒကသူမအားကြံဖန်ပြီးချီးမွမ်းခန်းထုတ်နေခြင်းသာဖြစ်သည်။

တကယ်လည်း

သူမျက်ဝန်းလေးတွေက စွဲမက်စရာကောင်းလွန်းတာပဲ

သူရိန်...နင်ပဲ စိတ်မဝင်စားတာ ,

ငါ့မျက်ဝန်းလေးတွေကို နင်တစ်ခါလောက်တောင်စိတ်ဝင်တစားမကြည့်တတ်ဘူး။

"မှုံ"

"ရှင် မေမေ"

"ရိုစ့်သားနဲ့ စကားပြောလိုက်ပါဦးကွယ် မောင်ကျော်နန္ဒက သမီးလေးကိုခင်တယ်"

မေမေကကိုကျော်နန္ဒတစ်ယောက်တည်းထိုင်

နေရ၍ သူမအားလမ်းကြောင်းပေးနေသဖြင့် မလွှဲမရှောင်သာ၍ စကားပြောရသည်။

"မှူး"

"ဟင်"

"ကိုယ်တို့အပြင်သွားပြီးတစ်ခုခုစားရအောင် မာမီဒီမှာ အေးအေးဆေးဆေးနေမှာမဟုတ်လား"

"စားကြလေ မာမီနဲ့မာမာက စကားတွေအများကြီးပြောကြရဦးမယ်..အခုမှအေးအေးဆေးဆေး စကားပြောရမှာ"

သူမကတော့ ကိုကျော်နန္ဒအား မလွှဲမရှောင်သာ ဆက်ဆံပြောဆိုရမည်ဟု စိတ်မသက်မသာထင်မိနေသည်။

မပြောချင်ပါဘူး။

သူရိန်ကကိုကျော်နန္ဒရောက်လာရင် သူနဲ့မိတ်ဆက်ပေးပါတဲ့..

သဝန်မကြောင်တဲ့အပြင် ငါ့ကိုတောင်ကိုနန္ဒနဲ့ သဘောတူနေသေးတယ်..

စိတ်ထဲကမကျေနပ်

"ကိုနန္ဒ"

"ဘာလဲမှူး"

"ကျွန်မသူငယ်ချင်းတစ်ယောက်နဲ့မိတ်ဆက်ပေးချင်တယ်"

"ဘယ်သူလဲ"





"သူရိန်"

"မင်းသဘောပဲလေ"

သူ. . အမြဲတမ်း

သူမသဘောဆန္ဒတွေအတိုင်းလိုက်လျောနေတတ်သည်။

ရှင်နဲ့ကျွန်မ

တွေ့ကြတာဘယ်လောက်ကြာသေးလို့လဲ..

ကျွန်မအလိုဆန္ဒတွေအားလုံးကိုနန္ဒက လိုက်လျောတတ်သည်။

အရိပ်တစ်ခုလို ကျွန်မအားကြည့်နေတာ ကျွန်မသိနေ၏။

ဒါပေမဲ့

ကျွန်မကတော့ သူရိန်လောက်ပဲ စိတ်ဝင်စားမှုရှိနေသည်။

"သူရိန်ကိုပါခေါ်မယ်နော်.."

"မင်းသဘောပဲလေ"

"ဟင်း ဟင်း ဟင်း"

သူမရယ်ပစ်လိုက်မိသည်။

ကိုနန္ဒကလည်းကျွန်မကို အေးချမ်းစွာပြုံးကြည့်နေ၏။

သူရိန်တို့အိမ်ဘက်ရောက်လာတော့သည်။

"အန်တီညို သူရိန်ရော"

"အခန်းထဲမှာ သီချင်းနားထောင်နေတယ် သမီး"

"သမီးလာတဲ့ အကြောင်းပြောပေးပါအုံး"

"အေး အေး"

ကိုနန္ဒက ကားထဲမှစောင့်နေတာပဲဖြစ်သည်။

သူရိန်အောက်ဆင်းလာ၏။

"သူရိန်"

"ဘာလာနှောင့်ယှက်တာလဲ မှုံမှုံ"

"ဟွန်း"

လာနှောင့်ယှက်တာတဲ့..

မှုံကတော့ နှုတ်ခမ်းကိုစူထော်ပြီး မျက်စောင်းလေးထိုးပစ်လိုက်မိတော့သည်။

"နင့်ကို လာခေါ်တာ"

"မလိုက်ချင်ဘူး"

"ကိုနန္ဒနဲ့မိတ်ဆက်ပေးမလို့လေ"

"ဟာ ဟုတ်လား ဘယ်မှာလဲ နင့်ကိုနန္ဒ"

"ငါ့ ကိုနန္ဒမဟုတ်ပါဘူး မိတ်ဆွေပါ"

"ကဲပါဟာ ဘာပဲဖြစ်ဖြစ်ငါ့ကိုမိတ်ဆက်ပေး"

"သူရိန်"

"ပြော"

"နင် တို့နဲ့ အပြင်ကိုတစ်ခုခုလိုက်စားရမယ်နော်"

သူမနဲ့ ကိုနန္ဒနှစ်ယောက်တည်း မသွားချင်၍ဖြစ်သည်။

သူရိန်က ဘာပဲပြောပြော

ဘယ်လိုပဲ နေနေ





သူမနှစ်သက်မြတ်နိုးနေတာပဲ ဖြစ်သည်။

"လာလေ"

ခြံထဲရောက်လာသည်။

"ဟိုကားပေါ်ကလူလား"

"အင်း"

"သားနားလှချည်လား..ဒီကားက အရမ်းတန်ဖိုးမြင့်တာပဲ"

ကိုကျော်နန္ဒမဆိုးဘူးဟု သူရိန်စိတ်ထဲကထင်မိသည်။ မှုံ ဘာဂျီးများနေတာလဲ

သူမအား အရမ်းဂရုစိုက်လွန်းတဲ့ယောကျ်ားတစ်ယောက်ပဲတဲ့..

သူရိန်သိနေသည်

မှုံလာပြီးရှဲ့နေတာပါ

တမင် မသိဟန်ဆောင်နေမိသည်

သူက သူမအားစိတ်မဝင်စား

ရုပ်ဆိုးသော နှင်းမှုံမှုံအားချစ်ကြည့်၍မရပေ။

ချစ်သူအဖြစ် ဝေလာဝေးပဲ..

နှင်းမှုံမှုံကသာ သူ့အပေါ် တစ်ဘက်သတ်စွဲလမ်းစ်သက်နေတာလည်း သူရိန်သိပေမဲ့ စိတ်ဝင်စားဟန်လုံးဝမပြပေ။

ကောင်းတယ်..ကိုနန္ဒရောက်လာတာ..

လေးစားပါတယ် ကယ်တင်ရှင်ကြီး..

ခင်ဗျားကြီးရောက်လာမှ ကျွန်တော် အရှောင်

အတိမ်းလုပ်နိုင်မှာ။

မေမေကိုယ်တိုင်ပင် နှင်းမှုံမှုံလေးသံယောဇဉ်ကိုဥပေက္ခာပြုမထားရန် မကြာခဏဆူပွက်နေတတ်သည်။

ကားနားရောက်လာ၏။

ကိုနန္ဒက ကားပေါ်မှဆင်းပြီးဆီးကြိုနှုတ်ဆက်ခဲ့သည်။

"ကိုနန္ဒ သူကမှုံသူငယ်ချင်း သူရိန်လေ"

"တွေ့ရတာ ဝမ်းသားပါတယ် သူရိန် မှုံနဲ့ခင်မင်သလို ကိုယ့်ကိုလဲခင်မင်ပါ"

"ဟုတ်ကဲ့ ကျွန်တော်က အစ်ကို့နာမည်ကြားကတည်းက ခင်မင်နေတာ..ကျွန်တော့်နာမည် သူရိန်ပါ"

"ကိုယ့်နာမည် ကျော်နန္ဒပါ"

"ဟုတ်ကဲ့ အစ်ကိုနဲ့ခင်မင်ရတာအရမ်းဝမ်းသာတာပဲအဟဲ"

သူရိန်လို ရုပ်ချောချောကောင်လေးအပေါ် နှင်းမှုံမှုံပို၍အလေးအနက်ထားနေပုံပင်။

ဟိုနေ့က

ရန်ကင်းစင်တာမှာ နှင်းမှုံမှုံရှာနေတာ သူရိန့်ကိုဖြစ်မည်။

သူအကဲခတ်မိနေသည်။

ခပ်ချောချောအတွဲကို ပြုံးတုံးပြုံတဲကြည့်ရင်းသူ နှင့်ဝင်တိုက်မိခဲ့၏။

"သူရိန်"





"ဗျာ"

"ကိုယ်တို့နဲ့တစ်ခုခုလိုက်ပြီးစားပါလား"

"မိတ်ဆွေဖြစ်တဲ့ အထိမ်းအမှတ်အဖြစ်ကျွန်တော်မငြင်းဘဲလိုက်ခဲ့ပါ့မယ်.."

သူရိန် ပျော်နေမိသည်။

ကိုနန္ဒနဲ့ မှုံတို့ နီးစပ်သွားအောင် အနီးကပ်လှော်ပေးရမယ်... ။

"ကိုယ့် ကားတစ်စီးနဲ့ပဲ သွားကြရအောင်.."

"ကောင်းတယ်..အစ်ကို"

သူရိန် လိုက်လာ၍ မှုံလည်း ပျော်ရွှင်ကျေနပ်သွားမိသည်။

ကိုနန္ဒက သူမအား ဘယ်လောက်အထိ ဂရုစိုက်ကြောင်း သူရိန့်ကို သိစေချင်မိလာရသည်။

စားသောက်ဆိုင်ရောက်တော့ ကိုနန္ဒက သူမအား..

"မှုံလေး ဘာစားမလဲ..စားချင်တာ မှာနော်..၊ သူရိန်ရော..မှုံရော စားချင်တာ မှာစားကြ..၊ ကိုယ်ကျွေးမှာ ဘာမှ အားမနာနဲ့.."

သူရိန်က ဘီယာမှာသည်။

"သူရိန်... နင်.."

"ယောက်ျားလေးပဲ..ဒီလောက်တော့ ရှိတာပေါ့.."

သူရိန် ဘီယာသောက်၍ မှုံ စိတ်ပူသွားရသည်။

ဒီကောင် ဒီလောက်အထိ လုပ်တတ်နေပြီလား။

အန်တီညိုရော သိရဲ့လား။

"မှူး"

"ဟင်"

"နင့် ကြည့်ရတာ ငါ ဘီယာသောက်လို့ အထူးအဆန်း ဖြစ်နေတာလား.."

"နင် ဒီလောက်အထိ ဖြစ်နေပြီလား..သူရိန်"

"ယောကျ်ားလေးပဲ"

သူရိန်က ဘီယာကို နှစ်သက်မြတ်နိုးစွာ သောက်နေသည်။

ကိုနန္ဒက မသောက်။

"အစ်ကို မသောက်ဘူးလား..."

"ညီလေးပဲ သောက်ပါ..အစ်ကိုက မကြိုက်ဘူ.."

"မှူး ရှိနေလို့လား အစ်ကို၊ ကျွန်တော်ကတော့ ငယ်သူငယ်ချင်းတွေမို့ ဘာမှ ပန်ဆောင်မနေတော့ဘူး.."

သူရိန်ကတော့ ဘာကိုမှ ဂရုမစိုက်တတ်သော အကျင့်စရိုက်အတိုင်း လွတ်လပ်စွာ နေတတ်သူ ဖြစ်သည်။

"အစ်ကို"

"ဟင်"

"မှူးက ကျွန်တော့်ကို အရမ်း ဆရာလုပ်ချင်တာပဲ၊ ကျွန်တော်ကတော့ ဟန်မဆောင်တတ်ဘူးနော်.."

"သူရိန်ရဲ့ ပုံစံလေးကို သဘောကျပါတယ်ကွာ..၊ ကိုယ်ကတော့ အသက်အရွယ်အရရော လုပ်ငန်း





သဘောအရရော လူကြီးတစ်ယောက်လို နေနေရတယ်..သူရိန်ကိုတောင် အားကျနေမိသေးတယ်.."

"အဟက်.."

သူရိန်

နင် တော်တော် အကျင့်ပျက်နေပြီပဲ။

ကြည့်စမ်း..ဘီယာတွေ သောက်နေလိုက်တာ။

"နင် တော်တော့.."

"ရပါတယ်"

"သူရိန်ရယ် လွန်နေပြီ"

"ငါ သောက်နေကျပါ.."

သူရိန်အတွက် သူမ စိတ်တွေ ပူပင်သောကတွေ ရောက်နေမိသည်။

နင် အပြင်တွေ သွားနေတာ ဘီယာတွေသောက်နေတာလား။

ကောင်မလေးတွေကရော နင့်ကို မတားဆီးနိုင်တော့ဘူးလား။

အင်းလေ

နင့်ကို ဘယ်သူက တားဆီးနိုင်မှာလဲ။

အန်ကယ်လွင်နဲ့ အန်တီညိုတို့လည်း သူရိန့်ကို တားဆီးနိုင်မှာ မဟုတ်ဘူး။

"မှူး"

"ဟင်"

"စားလေ"

ကိုနန္ဒက မုံ့ပန်းကန်ထဲသို့စားစရာတွေ ထည့်ပေးနေသည်။

သူမစိတ်တွေလှုပ်ရှားနေတာ ကိုနန္ဒလည်းသိမှာပဲ..

မတတ်နိုင်ဘူး

နင်နဲ့ပတ်သက်လာလျှင် ငါ ဘယ်တော့မှဟန်မဆောင်နိုင်ဘူး။

အရှက်တွေ

သိက္ခာတွေလည်း မရှိတော့ဘူး

ကိုနန္ဒက ငါ့ပန်းကန်ထဲစားစရာတွေ တယုတယထည့်ပေးပေမဲ့ ငါကတော့ နင့်ပန်းကန်ထဲအသည်းဖတ်တွေထည့်ပေးလိုက်တယ်..

"သူရိန် နင်ဘီယာတွေပဲ စွတ်သောက်နေတယ်
စားစရာလည်းဘာတစ်ခုမှမစားဘူး"

"ငါက ဘီယာပဲကြိုက်တာ..ငါ့ပန်းကန်ထဲထည့်မပေး
ပါနဲ့..နင်ဟာနင်စားပါ"

သူကသူမပန်းကန်ထဲ ပြန်ထည့်ပေးနေသည်။

နင်က ငါ့ကိုဘယ်တော့မှအရေးတယူမရှိပါဘူး။

"အရက်သောက်တဲ့လူက စားစရာတွေများများစားနိုင်မှ ခံနိုင်ရည်ရှိမှာ"

"ဒါ အရက်မဟုတ်ပါဘူးကွာ..ဘီယာပါ"

သူမကတော့ သူ့ကိုတားဆီးချင်သည်။

ပြော၍မရ။





ကိုနန္ဒက ပိုက်ဆံရှင်းသည်။

ပြီးတော့

ပြန်ပို့သည်

"ကိုနန္ဒ"

"ဟင်"

"ပြန်နှင့်တော့နော်..ကျွန်မသူရိန်နဲ့နေခဲ့ဦးမယ်"

သူမစကားကြောင့် ကိုနန္ဒမျက်နှာကွက်ခနဲညှိုးသွားသည်။

မတတ်နိုင်ဘူး

သူရိန်မူးနေတယ်

အိမ်ထဲအထိလိုက်ပို့ပြီး အမူးပြေအောင် လုပ်ပေးဦးမယ်။

ကိုနန္ဒကတော့ သူမဆန္ဒအတိုင်းပင် ပြန်သွားသည်။

"သူရိန်"

"ဟင်"

"နင် သိပ်မူးနေလား"

"နည်းနည်းတော့ မူးသွားတယ်..များသွားပြီဟာ"

နည်းနည်းယိုင်နေသည်။

"နင်ဘာဖြစ်လို့နေခဲ့ရတာလဲ..ကိုနန္ဒကို အားနာစရာကြီးဟာ"

သူ

ကိုနန္ဒကိုတော့တကယ်ပဲ အားနာသွားမိသည်။

နှင်းမှုံမှုံ မလွယ်ဘူး

"နှင် ဧည့်သည်ကို ပစ်မထားသင့်ဘူး ငါကဘာအရေးလဲ အချိန်မရွေးတွေ့နိုင်တာပဲဟာ..အရေးမပါဘူးဟာ"

နှင့်ကြောင့်ပါ

ငါ့ဘဝမှာ နှင်ပဲအရေးတကြီးရှိနေတတ်တယ် သူရိန်

အဲဒါ

နှင်ဘာဖြစ်လို့မသိရတာလဲ

သိရင်လည်း နှင်က မသိချင်ယောင်ဆောင်နေမှာပဲမဟုတ်လား။

"လာ အထဲဝင်မယ်"

"နှင်ပြန်စမ်းပါ"

"နှင့်ကိုလိုက်ပို့ပေးမယ်လေ ပြီးတော့ အမူးပြေအောင်လုပ်ပေးမလို့"

"မလိုဘူး"

"ဘာ"

"ငါက မူးချင်လို့သောက်တာပဲဟာ"

နှင် သက်သက်မဲ့ ငါကိုအရေးမလုပ်သလိုလုပ်နေတာမဟုတ်လား

"နှင်ပြန်တော့လေ..ကိုနန္ဒကိုအားနာစရာ ကောင်းတယ်..ငါက ဘာမှအရေးမကြီးပါဘူး"

"ငါ့ဘဝမှာတော့ ကိုနန္ဒကအရေးမကြီးဘူး..နှင်ပဲ





အရေးကြီးတယ်"

သူမပြောလိုက်သည်။

"မိန်းကလေးတွေက ငါ့ကိုဒီလိုပဲအရေးတယူရှိကြတာပဲ ငါကလည်း အဲဒီလိုလာလုပ်ရင်စိတ်ကျဉ်းကျပ်ပြီး မကြိုက်ဘူး"

"နှင် ကြိုက်ချင်ကြိုက် မကြိုက်ချင်နေ ငါကတော့နှင့်အတွက်အရေးကြီးတယ်"

"ဝေါ့"

"ဟော ဖြစ်ပြီ"

"ဝေါ့"

"ဝေါ့"

သူရိန်ထိုးပြီးအန်နေတော့သည်။

"ဝေါ့"

"အဲဒါကြောင့် ငါပြောတာပေါ့ နှင့်ကို စိတ်မချပါဘူးလို့ အခုကြည့် နှင်အန်နေပြီ"

အန်ဖတ်တွေက သူမကိုယ်ပေါ်မှပေကျံသွားရတော့သည်။

"ဝေါ့"

"ဝေါ့"

"သူရိန်"

"နေစမ်းပါဟာ..ဒါအရက်သမားတိုင်းဖြစ်နေကျ နှင်ပဲ ရေးကြီးခွင်ကျယ်လုပ်နေတယ်"

သူရိန်ကပေကပ်ပြီး အိမ်ထဲမဝင်ဘဲ ခြံထဲမှာပဲ

ထိုင်နေသည်။

"နင်ပြန်မှ ဝင်မယ်"

"နင်"

"မလိုဘူး ငါအန်နေတကျကိုနန္ဒကစောင့်နေမှာနင်ပြန်လေမှူ"

သူရိန်က လေသံမာမာနှင့် မောင်းထုတ်သလို ပြောလိုက်သည်။

သူမကြေကွဲစွာ ခံစားရ၏။

နင့်အတွက် ဘယ်လောက်အထိပူပန်နေရလဲ သူရိန်။

"နင် မပြန်ရင် ငါထိုင်နေမှာ..မူးချင်လို့အရက်သောက်ပါတယ်ဆိုမှ..နင်လုံးဝအရေးမပါဘူးဟာ"

သူရိန်ပေထိုင်နေလျှင် အအေးပတ်မှာစိုး၍ သူမ ပြန်လာခဲ့မိသည်။





## အခန်း(ခြောက်)

သူမ

အိမ်ပြန်ရောက်တော့ ကိုနန္ဒရှိနေသေးသည်။

ခြံထဲမှာထိုင်နေ၏။

လေကအေးစိမ့်နေသည်။

"ကိုနန္ဒမပြန်သေးဘူးလား မှုံကပြန်သွားပြီထင်နေတာ"

"မင်းကိုစောင့်နေတာပါ"

"ဟင် အန်တီရော"

"မာမီပြန်သွားပြီ ကိုယ်နေခဲ့တာ"

"အန်တီဘာကားနဲ့ပြန်တာလဲ ဟင်"

ကိုနန္ဒကားရှိနေ၍ ကိုနန္ဒမာမီအငှားကားနှင့်များပြန်သွားလားဟု အားနာစွာဖြင့် မေးမိခြင်းဖြစ်သည်။

"မင်း မေမေလိုက်ပို့တယ် ကိုယ်ကတော့ မင်းကိုတွေ့ချင်သေးတာနဲ့နေခဲ့တာ"

ရှင့်မျက်ဝန်းတွေက ကျွန်မနဲ့ပတ်သက်ပြီးကြေကွဲထိခိုက်မှုတွေ ခံစားနေရသလိုပဲ ရီဝေညှို့မှိုင်းနေသည်။

"မှုံ"

"ရှင်"

"မင်းက သူရိန်အပေါ် အရမ်းဂရုစိုက်တယ်နော်"

"ဟုတ်တယ် ကိုနန္ဒသူရိန်က မှုံ လူမှန်းသိတတ်တာစ

ကတည်းက ဂရုစိုက်လာတဲ့လူတစ်ယောက်လေ"

"ကိုယ်တောင် အားကျလိုက်တာ မှူး"

သူမ ပြုံးပစ်လိုက်မိသည်။

ရှင်ကြီးဘာကိုဆိုလိုတယ်ဆိုတာ ရှင့်မျက်ဝန်းကြီးတွေက ..ငဟ်သေပြနေတယ်လေ။

မတတ်နိုင်ပါဘူး

သူရိန်အပေါ် သူမချစ်ခဲ့မိသည့်အချစ်တွေက ဘယ်တော့မှအစားထိုးမရတဲ့အချစ်တွေ၊

သူရိန်ဘာပဲဖြစ်ဖြစ်

ဘယ်ဘဝပဲရောက်ရောက်

"သူရိန်မှာချစ်သူရှိလား မှူး"

"တွဲနေတဲ့ကောင်မလေးတွေကတော့ တစ်ပုံကြီးပဲ"

"အဲဒါချစ်သူတွေလား"

"ကောင်မလေးချောချောတွေ့ရင် သူကကြိုက်တယ်တဲ့ အချစ်ကိုတော့ သူကလုံးဝမစဉ်းစားမိသေးဘူးတဲ့"

မင်းကချောမှမချောတာပဲ သူရိန့်ချစ်သူစာရင်းထဲမပါနိုင်ပါဘူးဟု ပြောချင်မိသည်။

သူရိန်ဆိုတဲ့ကောင်လေးအပေါ် မှူးတော်တော်လေး စွဲလမ်းနေ၏။

သိသာသည်။

သူရိန်မှသူရိန်

"မှူး"

"ရှင်"





"ကိုယ်ရင်ထဲမှာ မှူးကိုပြောစရာစကားတွေ အများကြီးရှိနေသလိုပဲ"

တွေ့ဆုံကြတာမကြာသေး၍ ပြောရမှာဝန်လေးတွန့်ဆုတ်မိတာတော့ ကိုယ်ဝန်ခံရတော့မလိုဖြစ်နေသည်။

ကိုယ်...မှူးကိုချစ်တယ်..

သေဆုံးသွားတဲ့ ချစ်သူအဟောင်းနဲ့တူတာထက် မင်းရဲ့ ပွင့်လင်းပြီးကလေးဆန်တဲ့အမူအရာနဲ့မင်းမျက်ဝန်းတောက်တောက်လေးတွေကို နှစ်သက်မြတ်နိုးမိနေပြီ

ကိုယ်က မှူးမျက်ဝန်းလေးတွေနှင့်ဆုံအောင်ကြည့်ဖြစ်နေသည်။

မင်းမျက်လုံးလေးတွေကို အမြတ်နိုးဆုံးပဲ မှူး

တောက်တောက်ပပလေး

မျက်စိလေးက နက်မှောင်စိုလဲ့နေတယ်..

ကော့ညွတ်နေတဲ့ မျက်တောင်ကော့ကော့လေးတွေဝိုင်းရံထားတဲ့ မျက်ဝန်းအိမ်ကျယ်ကျယ်လေး။

"မှူး"

"ရှင်"

"ကိုယ့် စိတ်ထဲမှာ မင်းအနားကနေထွက်မသွားချင်အောင် သံယောဇဉ်တွယ်မိနေပြီ"

"ရှင်"

မှူး အထိတ်တလန့်နှင့်မော့ကြည့်သည်။

"စတွေ့တွေ့ချင်းပဲ တစ်စုံတစ်ယောက်ကို အထိတ်တလန့်နဲ့ရှာဖွေနေပြီ..စိတ်သောကတွေရောက်နေရတဲ့

မင်းမျက်ဝန်းလေးတွေကို ဖွဲ့ဆောင်မှုရှိလိုက်တာလို့
ကိုယ်တွေးမိနေတယ်"

မှူကတော့ သူရိန်ကလွဲပြီး ဘယ်သူ့အပေါ် မှစိတ်ဝင်စားမှု နှစ်သက်မြတ်နိုးမှုတွေရှိနိုင်တော့မှာမဟုတ်တာသေချာသည်။

ရှင် ကျွန်မကို အရမ်းချီမွမ်းလွန်းတယ်..
သူရိန်နဲ့တခြားစီပဲ
ကျွန်မကို သူရိန်ဘယ်တော့မှစိတ်ဝင်စားမှုမရှိဘူး။
သာမန်ရွက်ကြမ်းရေကျို မိန်းကလေးတစ်ယောက်ပဲ သဘောထားတာ..

ရှင်ချီးမွမ်းနေတဲ့ ကျွန်မမျက်ဝန်းတွေကိုလည်း ဘယ်တော့မှ စိတ်ဝင်စားမကြည့်ပါဘူး။

"မှူ ကို ကိုယ်ချစ်တယ်"

"ရှင်"

မှူကိုယ်လေးက ဆတ်ခနဲတုန်ခါသွားရသည်။
ယောက်ျားလေးတစ်ယောက်က သူမအားချစ်သည့်ဟုပေါ်တင်တောင်းဆိုတာ ပထမဆုံးခံစားတွေ့ကြုံခဲ့ရတာပဲ ဖြစ်၏။

တုန်လှုပ်စွာဖြင့် အကြည့်တွေကိုမှောင်ရိပ်မဲမဲထဲမှ နှင်းဆီပွင့်လေးတွေဆီသို့ ရုတ်တရက်လွှဲပစ်လိုက်မိသည်။

မှူတို့ခြံထဲမှာ နှင်းဆီခြံလို့ခေါ် ရလောက်အောင်နှင်းဆီပန်းပင်တွေများပြားစွာရှိနေခဲ့လေ၏။

"မှူ"





မှူ မထူးမိ။

"ကိုယ့် ကိုစိတ်ဆိုးသွားပြီလား"

"အခုမှ ခင်မင်ရင်းနှီးကြတာ မကြာသေးဘူး..ကျွန်မကိုချစ်တယ်ဆိုတော့ ရှင်အထင်သေးတာပဲ"

"အို အဲဒီသဘောမျိုးမဟုတ်ပါဘူးမှူ ကိုယ်မင်းကိုမြတ်နိုးတာပါ သေဆုံးသွားတဲ့ ကိုယ့်ချစ်သူနဲ့တူနေလို့မဟုတ်ဘူးနော်..ကိုယ်မင်းကိုတွေ့ဆုံလိုက်ရတဲ့အချိန်တွင်းမှာပဲ ချစ်ခင်နှစ်သက်သွားမိလို့ပါ"

မှူ

အထင်မလွဲစေရန် နန္ဒပျာပျာသလဲရှင်းပြလိုက်မိသည်။

ကိုယ် ဟန်မဆောင်နိုင်ခဲ့။

ဂုဏ်သိက္ခာကြီးမားတဲ့ ကိုယ့်လိုယောက်ျားတစ်ယောက်က မင်းကိုချစ်မိသွားတာ ဣန္ဒြေပျက်လောက်အောင်ဖြစ်သွားခဲ့ရတာပဲ မှူ"

မှူကိုငေးစိုက်ကြည့်မိသည်။

"ကိုယ့်အချစ်တွေကို မင်းယုံကြည်ပါ..စဉ်းစားပေးပါမှူရယ် ကိုယ်က ဂုဏ်သိက္ခာကြီးမားတဲ့ လူတစ်ယောက်ပါ..အခုကိုယ်လုံးဝဟန်မဆောင်နိုင်တော့ဘူး"

ကိုယ် နောက်ကျသွားမှာစိုးရိမ်နေမိတာလည်းပါသည်။

သူရိန်ရဲ့ စိတ်ဝင်စားမှုတွေမရသေးတဲ့အချိန်လေ။

ကိုယ့်ဘဝမှာ ကိုယ့်ဆန္ဒတွေကို လိုက်လျောမဲ့ မိန်းမချောလေးတွေအပေါ် လုံးဝစိတ်မဝင်စားခဲ့တဲ့ကောင်ပါကွာ

မှုံကို ချစ်မိသည်။

မြတ်နိုးခဲ့ရင်

စွဲလမ်းနေခဲ့မိသည်။

ကိုယ့်ရဲ့ရူးသွပ်မှုပဲလား

မှုံ မျက်ဝန်းလေးတွေက အေးစက်တည်ငြိမ်နေသည်။

"မှုံ"

"ဟင်"

"ကိုယ့်အတွက် အဖြေတစ်ခုခုတော့"

"ရှင့်စကားတွေကို ပြန်ရုပ်သိမ်းလိုက်ပါကိုနန္ဒ"

"ဘာဖြစ်လို့လဲ မှုံ"

"ကျွန်မ သူရိန်ကိုပဲ ချစ်တယ်"

"သူရိန်က မှုံကို.."

"သူရိန်ဆီက ဘယ်လိုပဲ တုံ့ပြန်ပါစေ..ကျွန်မက တော့ တစ်ဘက်သတ်ချစ်နေမှာပဲ"

မှုံ...ပြတ်သားစွာပြောမိသည်။

သူရိန်ကိုပဲ ချစ်တယ်..

ဘယ်သူမှအစားထိုးဝင်ရောက်ခွင့်မရှိနိုင်တဲ့ အချစ်တွေနဲ့ပါ သူရိန်..

နင်ကငါ့ကို ချစ်တယ်လို့မပြောဘဲနေပေမဲ့ မုန်းတယ်လို့လည်း မပြောခဲ့ဘူး





တစ်နေ့နေ့ပေါ့

ငါ့အလှတွေကို နင်မြင်တွေ့သွားတဲ့နေ့လေ..

မျှော်လင့်နေတယ်

နင် ချစ်လာမှာပါ

ငါ့ကို နင်ချစ်တယ်လို့ပြောလာမှာပါ သူရိန့်ရယ်

သူမငိုချင်သွားမိသည်။

ဘာလို့များ သူရိန်နှစ်သက်မြတ်နိုးတဲ့ မိန်းမချောလေးတစ်ယောက်ဖြစ်မလာခဲ့ရတာလဲဟယ်..

"ကျွန်မ သူရိန်ကိုပဲချစ်တယ်"

ရှင့်ကိုမျှော်လင့်ချက်ပေးမထားချင်ပါဘူး

"မှုံရယ် ဒါကမင်းရဲ့အခွင့်အရေးပါ ကိုယ်ကတော့ မင်းနဲ့သူရိန်တရားဝင်ချစ်သူတွေမဖြစ်မချင်းချစ်နေနိုင်တဲ့အခွင့်အရေးရှိပါတယ်..အိုကွာ..မင်းသူရိန်ကို လက်ထပ်သွားလည်း ကိုယ်တစ်ယောက်တည်း တစ်ဖက်သတ်ချစ်နေနိုင်ခွင့်ရှိနေနိုင်တာပဲဟာ"

ကိုယ် တောင်းဆိုမိသည်။

မှုံကို ချစ်နေမှာပဲ

ကိုယ့်မှာအခွင့်အရေးရှိနေနိုင်တယ်လေ..

"ကျွန်မကတော့ ရှင့်ကိုဘယ်တော့မှ ချစ်လာနိုင်မှာ မဟုတ်ဘူးဆိုတာတော့ အသေအချာပြောနိုင်ပါတယ် ကိုနန္ဒ"

ကျွန်မ ရက်စက်တာမဟုတ်ပါဘူး

ယောကျ်ားတစ်ယောက်ကိုမျှော်လင့်ချက်တွေ

ပေးမထားချင်တာပါ။

"ကိုယ်ကတော့ မင်ကိုချစ်ဖို့နဲ့ လက်ထပ်ခွင့်ရဖို့အခွင့် အရေးရှိနေသရွေ့ ကြိုးစားနေမှာပဲမှုံ"

သူမ

ဘာမှမပြောတော့။

"ကျွန်မသွားတော့မယ်"

"ကိုယ်ကနည်းသည်ပါ မှုံ မင်းကာစပြီးကိုယ့်ကိုနှုတ်ဆက် လိုက်တော့ ကိုယ့်ကိုနှင်ထုတ်လိုက်တာပဲပေါ့"

"ရှင် ပြန်သင့်ပြီ တစ်ခုတော့ပြောနိုင်တယ် အကျိုး မရှိတဲ့ကြိုးစားအားထုတ်မှုမျိုးတွေနဲ့ အချိန်မကုန်စေ ချင်တာပါ"

ရှင်က မိန်းကလေးတွေနှစ်သက်တဲ့ ရုပ်ရည်ရူပ ကာနဲ့ ဂုဏ်သိက္ခာတွေပိုင်ဆိုင်ထားပါတယ်။

မိန်းကလေးတစ်ယောက် လက်ခံသင့်တဲ့ ယောကျ်ားတစ်ယောက်ပါပဲ..

ကျွန်မကတော့ ကြောင်တယ်..

အရူးထတယ်ပဲ ရှင်ပြောမလား။

ကျွန်မအပေါ် လုံးဝဂရုမစိုက်..အရေးတယူ မရှိတဲ့ ကျွန်မကိုလည်းဘယ်တော့မှချစ်ခင်နှစ်သက်မှမဟုတ်တဲ့ ယောကျ်ားတစ်ယောက် အချစ်တွေပဲ မျှော်လင့်နေမိသည်။

"ကိုယ်ပြန်မယ် မှုံ"

"ဟုတ်ကဲ့"

သူကား ထွက်သွားသည်ကိုပင် စောင့်ကြည့်





မနေတော့ဘဲ တိုက်ထဲသို့သူမပြန်ဝင်လာခဲ့မိသည်။

"မှုံ"

"ဟင် မမ"

မမရောက်နေသည်။

သီးသန့်နေသောမမသည် တစ်ခါတစ်ရံမေမေ့ ထံတွင် လာရောက်ညအိပ်တတ်သည်။

"ကိုကို ခရီးထွက်နေလို့ ညီမလေးနဲ့ ညအိပ်မလို့ မမလာတာ"

မမရောက်နေတာပင် သူမလုံးဝမသိခဲ့ပေ။

"ကိုနန္ဒစောင့်နေတာကြာပြီ သူရိန်ဆီမှာကြာလိုက်တာ ဟယ် အားနာစရာ"

ခင်စိမ့်စိမ့်ကတော့ ညီမလေးအရေးမပါတာ တွေ လုပ်နေသည်ဟု ထင်မိသည်။

ကိုနန္ဒလိုလူတစ်ယောက်ကို မထေမဲ့မြင်မလုပ် သင့်ဟုလည်း ထင်မိ၏။

"သူရိန်အန်နေလို့ပါ မမ..မှုံစောင့်ကြည့်ပေးနေမိတာ ပါ..ကိုနန္ဒပြန်သွားမယ်ထင်တာ"

"မှုံ"

"ရှင်"

"ကိုနန္ဒက မဆိုးပါဘူးနော်..နင့်အပေါ် တော်တော် လေးသံယောဇဉ်တွယ်နေသလိုပဲနော်"

"ကျွန်မကို သူကချစ်တယ်လို့ပြောတယ်မမ"

"ဟယ် တကယ်လား နင်တော်ကောင်းတာပေါ့ မှုံ"

"မမကလည်း"

မှုံကတော့ အလိုမကျသလို မျက်နှာလေးရှုံ့မဲ့ပစ်လိုက်မိသည်။

"နင် သူရိန်ကိုမျှော်လင့်နေတာ လုံးဝအမိပ္ပါယ်မရှိဘူးဟာ"

မှုံက သူရိန်အပေါ် ကျိတ်ပြီးစွဲလမ်းနှစ်သက်နေကြောင်းထင်ရှားသည်။

မဖြစ်နိုင်တာပဲ

ပြီးတော့

သူရိန်ကခပ်ဆိုးဆိုး

"သူရိန်ကရုပ်ချောမှ အိစက်နေမှ ကြိုက်မှာ..ကိုနန္ဒကိုကြည့်စမ်း မိန်းမတွေအားကိုးလောက်တဲ့ အရည်အချင်းတွေအပြည့်ရှိတယ်"

"မှုံတို့အတွက် ငွေကြေးမှမလိုဘဲမမ"

"ဘာ"

"တကယ်ဆိုအချစ်ပဲလိုတယ်"

"ကောင်မလေး"

သူမပြောင်ပြောင်စပ်စပ်နှင့် မမအားပြောလိုက်မိသည်။

"မှုံရယ် မမကတော့ သူရိန်နဲ့စာရင် ကိုနန္ဒနဲ့ပဲသဘောတူတယ်"

"မမကလည်း နောက်ပေါက်တဲ့ရွေကြာပင်ကိုများ"

"မဟုတ်ဘူးနော် ကိုယ့်ကိုချစ်မြတ်နိုးတဲ့ယောကျ်ား





တစ်ယောက် အဘက်ဘက်ကပြည့်စုံတဲ့ယောကျ်ားတစ်ယောက်ကိုပဲ နင် ရွေးချယ်ပါ"

"ဟင့်အင်း"

"ခေါင်းသိပ်မာတဲ့ကောင်မလေးပဲ"

ကျွန်မတို့မိသားစုတွင် တစ်ယောက်နဲ့တစ်ယောက်တားဆီးချုပ်ချယ်တာတွေ ဝင်ရောက်စွက်ဖက်တာတွေကတစ်ခုမှမရှိခဲ့။

ကိုယ်ပိုင်လွတ်လပ်စွာ ဆုံးဖြတ်ပိုင်ခွင့်ရှိကြသည်။

ဝင်ရောက်အကြံဉာဏ်ပေးတာမျိုးရှိပေမဲ့ တစ်ယောက်အခွင့်အရေးကိုတစ်ယောက်နားလည်ကြ၏။

"မမ"

"ပြော"

"ကျွန်မ သူရိန်ကိုပဲချစ်တယ်"

"ကောင်းပါတယ်"

"သူရိန်အပေါ် ငယ်ငယ်လေးကတည်းက သံယောဇဉ်တွယ်နေတာလေ"

"မမကတော့ မှုံစိတ်ဆန္ဒတွေကိုနှောင့်ယှက်တာ မဟုတ်ပါဘူးဟယ်..ကိုနန္ဒကရွေးချယ်သင့်တဲ့ယောကျ်ားတစ်ယောက်လို့ထင်မိပြီး အကြံပေးတာပါ"

"မှုံသဘောပေါက်ပါတယ်"

"သူရိန်ကဆိုးတယ် ညီမလေးနဲ့လက်ထပ်ဖြစ်ရင်တောင် ညီမလေးဘက်ကတစ်ဘက်သတ် အနိုင်အတာခံရမှာနော်"

"သူရိန်အတွက်ဆို ကျွန်မဘယ်လောက်ပဲသောကတွေ ရင်ဆိုင်ရပါစေ..ကျွန်မကျေနပ်သလိုပဲ"

"ကံကြမ္မာပဲလေ"

စိမ့်စိမ့်လည်းကိုယ်ချစ်တဲ့သူကိုယူခဲ့တာပဲ

သူနှိပ်စက်သမျှ

ဆိုးသွမ်းသမျှ အောင့်အီးသည်းခံရတာပဲဖြစ်သည်။

ကိုကိုလည်း ဘာထူးလဲ

သူမချစ်ပြီးလက်ထပ်တာ

အခုကြည့်လေ

မိန်းမအပေါ် အငဲလေးအနက်မထားတတ်ဘဲ ထင်ရာစိုင်းနေတတ်သည်။

စီးပွားရေးထက်အပျော်အပါးမက်သော ယောကျ်ား ဖြစ်၏။

စိမ့် ဘာမှမပြောသာ

မေမေတို့သိမှာကြောက်၍ပင် ကျိတ်မှိတ်ခံစားနေခဲ့ရသည်။

"မမလိုဖြစ်မှာ စိုးရိမ်တယ်မှုံလေးရယ်"

မမအိမ်ထောင်ရေးအခြေအနေကို မေမေထက်မှုံကပိုသိနေသည်။

ညီအမနှစ်ယောက်က ပိုပြီးအနေနီးခဲ့ကြသည်မဟုတ်လား။

မမခင်ပွန်းက အပျော်အပါးနှင့်မိန်းမကိစ္စရှုပ်





ပွေချင်သည်။

ခရီးထွက်သည်ဆိုတာလည်း စီးပွားရေးအတွက် မဟုတ်ပေ။

ချောင်းသားကမ်းခြေသွားတာ

မမကိုတော့မခေါ်ပေ။

ကိုကိုဘေးမှာ ကောင်မလေးချောချောတစ်ယောက် ပါသွားမှာတော့သေချာသည်။

"မှုံ"

"မမ"

"အိမ်ထောင်မှုဘုရားတည် ဆေးမှင်ရည်စုပ်ထိုး ဤသုံးမျိုးမပိုင်ရင် နောင်ပြင်ရန်ခက်သည့်အမျိုးတဲ့ မမကိုပဲကြည့်ပါဦး မှုံရယ်"

မမစကားတွေက သူမအသိတရားတွေ တည့်မတ်ထိန်းကျောင်းနိုင်ခြင်းမရှိခဲ့။

နားထဲ ဝင်မလာတာပါ

သူမ ခေါင်းမာတတ်သည်။

"ကိုနန္ဒကိုပဲရွေးချယ်ပါ နင်အပေါ်အနွံအတာခံပြီး ခွင့်လွှတ်မဲ့ယောကျ်ား"

"ဟင့်အင်း"

သူမ

ခေါင်းကိုခါယမ်းပြီး ငြင်းဆန်ပစ်လိုက်မိသည်။

□ □ □ □ □

## အခန်း(၅ုနှစ်)

"မေမေ သူရိန်ကိုငွေငါးသိန်းလောက်ပေးစမ်းပါ"

"ဘာလုပ်ဖို့လဲ သားရယ် မင်းဘဏ်စာရင်းဖွင့်ထားတာတွေကုန်သွားပြီလား"

ဖေဖေနိုင်ငံခြားသွားနေတုန်း သူရိန်ထင်တိုင်းကြဲနေမိသည်။

မေမေကတော့ သူ့သဘောပဲ

နည်းနည်းလေးစိတ်ကောက်ပြလိုက်တာနဲ့ သူရိန်ဆန္ဒ ပြည့်ဝပြီ

"လုပ်ပါမေမေရာ သူရိန်မှာလုပ်စရာရှိနေလို့ပါ.. ဘဏ်စာရင်းမှာလည်း ကုန်ပြီ"

"သားဘာတွေသုံးလဲ အသုံးများလွန်းနေပြီနော်"

"မေမေကလည်းဗျာ သူရိန်လူကြီးဖြစ်နေပြီ လုပ်ငန်းတစ်ခုလုပ်ချင်လို့ပါ ကလေးမုန့်ဖိုးပေးသလိုပေးမနေစမ်းပါနဲ့"

သားမျက်နှာတစ်ချက်ပျက်သွားသည်နှင့် ဒေါ်ညိုညို မနေတတ်တော့ပေ။

တစ်ဦးတည်းသောသား

ယေ်စဉ်ကတည်းက အစွမ်းကုန်အလိုလိုက်ထားခဲ့တာပဲ။





သားမျက်နှာလေးကိုတစ်စက်မှပင် မညိုစေချင်ပေ။

အင်းလေ..

မိမိတို့ စည်းစိမ်ချမ်းသာတွေအားလုံး ဒီသားတစ်ယောက်ပဲသုံးဖြုန်းဖို့ရှိတာပဲဟာ..

မိဘ ဘိုးစဉ်ဘောင်ဆက်ချမ်းသာတဲ့အပြင် ယောက်ျားကလစာကောင်းသော နိုင်ငံခြားသင်္ဘောမှ ကပ္ပတိန်တစ်ယောက်

အသုံးအဖြုန်းမရှိသောခင်ပွန်းက ရှာဖွေစုဆောင်းတတ်သည်။

အားလုံးသားအတွက်ပဲလေ..

"မဖြစ်သေးပါဘူး သားဘဏ်စာရင်းထဲ မေမေငွေထပ်ထည့်ပေးထားမှပါ"

"အကောင်းဆုံးပဲ မေမေ သားတစ်ယောက်တည်းရှိတာ..သားလူ့လောကစည်းစိမ်ကြီးကို ပျော်ပျော်ကြီးခံစားပါရစေ"

သူရိန်

မိဘတွေအလိုလိုက်ထားခြင်းခံခဲ့ရ၍ ဘဝမှာပျော်ရွှင်မှုကလွဲပြီး ဘာကိုမှနားလည်သိရှိထားခြင်းမရှိခဲ့ပေ။

ကြည့်စမ်း

ဘယ်လောက်ပြည့်စုံသလဲ

ချမ်းသာ

ပြည့်စုံသည်

သူရိန်ဘာလုပ်လုပ် ဘယ်လိုပဲနေနေပြောမဲ့ဆိုမဲ့ သူလည်း မရှိ။

ဖေဖေကသဘော်တက်နေတာများသည်။

မေမေက အရှုပ်

"မေမေ"

"ဟင်"

"သား စီးပွားရေးတစ်ခု လုပ်ချင်တယ်"

"ဟုတ်လားသား"

သားစီးပွားရေးလုပ်မည်ဆို၍ ဒေါ်ညိုညိုဝမ်းသာသွားမိသည်။

"သားစီးပွားရေးလုပ်မှာဟုတ်လား ..ဘာစီးပွားရေးလုပ်မှာလဲ"

"ထုတ်ကုန်သွင်းကုန် ကုမ္ပဏီတစ်ခု သူငယ်ချင်းတွေ ရှယ်ယာဝင်ပြီးလုပ်မယ်"

"ကောင်းသားပဲ သား"

သားကိုစီးပွားရေးလုပ်ငန်းတစ်ခုခုလုပ်ပြီး အခြေကျစေချင်သည်။

"အရင်း သိန်းနှစ်ရာလောက်နဲ့စမယ်မေမေ"

"ကောင်းသားပဲသား လုပ်မယ်ဆိုရင် မေမေထုတ်ပေးမှာပေါ့"

သားကဘာလုပ်မလဲဆိုတာ သားကမပြောပြပဲ ဆက်မမေးရဲ

မေမေကမယုံဘူးလားဟု သား အားငယ်သွား





မှာ စိုးမိသည်။

မိမိတို့မှာ ဒီသားပဲရှိတာ..

သားလုပ်ချင်တာ လုပ်ပါစေ..

"နောက်တစ်လအတွင်း သားအကောင်အထည်ဖော်မှာနော်"

"အေးပါကွယ်"

"အခု လောလောဆယ်တော့ ငါးသိန်းလောက်ပဲလိုတာပါ"

"သားစီးပွားရေးလုပ်ငန်းတွေလုပ်မယ်ဆိုတော့ မေမေ ဝမ်းသာတယ်ကွယ်..သားကိုအလုပ်တွေ ခိုင်းချင်တာ မဟုတ်ပါဘူး.. စိတ်တွေတည်ငြိမ်ပြီး လူကြီးဆန်စေချင်တာ"

သားတောင်းတဲ့ငွေကို ဒေါ်ညိုညိုအလွယ်တကူ ထုတ်ပေးလိုက်သည်။

အမိက သား ပျော်ရွှင်ဖို့ပဲ

ကျေနပ်စေချင်သည်။

"မေမေ သားအပြင်သွားမယ်နော်"

"အင်း"

သူအပြင်အထွက်တွင် အခန်းဝ၌ နှင်းမှုံမှုံနှင့် ဆုံမိကြသည်။

"သူရိန် ညကနင်အရမ်းမူးသွားပြီး တစ်ခုခုများဖြစ်နေမလားလို့ စိတ်ပူပြီးလာကြည့်တာလေ"

သူရိန် အန်တီညိုဆီမှပိုက်ဆံတွေတောင်းနေသံ

လည်းကြားရသည်။

လက်ထဲမှာငွေတွေ တစ်ထွေးတစ်ပိုက်။

"သူရိန်"

"ဘာလဲ"

"နင် ဒီလောက်အထိငွေတွေတောင်းသုံးနေလား

"ဘာဖြစ်ထဲ ဒါအသေးအမွှားပါ..နင်ကကြားက

မဆီမဆိုင်နှမြောနေတာလား မှုံမှုံ"

"နင်ဘာတွေလုပ်နေလဲ"

"ငါလုပ်တာတွေပြောရမလား"

"အင်း"

"မိန်းမရှုပ်တယ်"

"ဟင်"

"လောင်းကစားလုပ်တယ်ဟာ အရက်သောက်တ

ဟာ"

"တော်ပါတော့ သူရိန်ရယ်..ငါစိတ်ပူတတ်မှန်းသိ

နင်တမင်ရွဲ့ပြောနေတာမဟုတ်လား"

"ငါတကယ်ပြောတာ..နင့်ကို လိမ်ညာပြောဖို့မ

နဲ့ ငါ့မေမေတောင် ငါ့အမှန်အတိုင်းပဲ ငါဖွင့်

တယ်"

"ဘုရားရေ အန်တီညိုက နင်လုပ်သမျှ ဘာမှမ

ဆို မဆုံးမတော့ဘူးလား"

"မပြောဘူး"

နှင်းမှုံမှုံ ဆရာမကြီးလုပ်ချင်နေတာတွေကို





အမြင်ကတ်လာမိသည်။

အလကားဟာမလေး

နေရာတကာ စပ်စုချင်သည်။

လူကြီးတစ်ယောက် ဂိုက်ဖမ်းပြီးဆုံးမစကားတွေ

ပြောချင်နေ၏။

"ငါ့အမေတောင်ပြောတာမဟုတ်ဘူး နင်လေကုန်ခံ

ပြီး ဆုံးမစကားတွေလာပြောမနေနဲ့ အမြင်ကတ်တယ်"

သူရိန်ထံမှ အမြင်ကတ်တယ်ဆိုတဲ့စကားကြောင့်

သူမနှလုံးသားတွေထဲမှာစူးနစ်နာကျင်သွားရတော့သည်။

နင်ပြောရက်တယ်

မှုံရဲ့အကြင်နာတွေကို နင်ဘာဖြစ်လို့ ဥပေက္ခာ

ပြုထားရတာလဲ

"ငါက နင်တစ်ခုခုဖြစ်သွားမှာစိုးလို့ပါ သူရိန်ရယ်"

"ငါ့ဟာငါ ဘာဖြစ်ဖြစ်နင်နဲ့ဘာဆိုင်လဲ"

"နင်မကြိုက်ရင်လည်း မပြောတော့ပါဘူးဟယ်"

မှုံဘက်ကအလျှော့ပေးစကားတွေ ပြောပစ်လိုက်

မိသည်။

သူရိန်မျက်နှာလေးတင်းမာသွားတာကိုပင် မှုံ

မခံစားနိုင်ပေ။

"နင် ဘယ်သွားမလို့လဲ သူရိန်"

"အပြင်"

"ငါ နင်နဲ့ တိုင်ပင်စရာရှိလို့လာတာသိလား"

"ရပါတယ်..ပြော နင့်ရဲ့ဆရာလုပ်တတ်တဲ့အကျင့်

တွေစပ်စုတာတွေပြင်လိုက်ရင် ငါနဲ့ပြောဆိုဆက်ဆံ
လို့ရမယ် မှုံ"

သူရိန်ရယ်

ငါက စေတနာနဲ့ပါ

နှင်အရက်တွေသောက်တာ

လောင်းကစားဝိုင်းတွေ သွားနေတတ်တာတွေ

မိန်းကလေးတွေနဲ့ ရှုပ်ပွေနေတာတွေကို မှုံသိနေတော့ နှင်တစ်ခုခုဖြစ်သွားမှာ ဒုက္ခရောက်မှာအရှက်သိက္ခာတွေကျမှာ ငါအလွန်အမင်းစိတ်ပူနေခဲ့လို့ပါ

"မှုံမှုံ"

"ဟင်"

"ပြောလေ..ငါအပြင်မှာရှိတာနဲ့ ချိန်းထားတယ် အချိန်မရှိဘူးနှင်ဘာပြောမလို့လဲပြောလေ"

"တခြားတော့ မဟုတ်ပါဘူး ငါ့အိမ်ထောင်ရေးကိစ္စပဲ"

"ဘာလဲ နှင်ယောကျ်ားယူတော့မလို့လားမှုံ ကိုနန္ဒနဲ့လား"

"ကိုနန္ဒက ငါ့ကိုလက်ထပ်ခွင့်တောင်းတယ်"

"လက်ခံလိုက်"

"ဘာ"

"ကိုနန္ဒလိုလူကလက်ထပ်ခွင့်တောင်းတာ နှင်အိုင်တင်ခံမနေနဲ့ လက်ခံလိုက်"

နှင့်မျက်နှာအမူအရာတွေက ဘာမှပြောင်းလဲမသွားတာ ငါ တွေ့နေတယ်..





သာမန်သူငယ်ချင်းတစ်ယောက်အနေနဲ့ပဲ နှင်ခံစားမှာပါ

ငါတ

နှင် တုန်လှုပ်သွားစေချင်တာ

ငုပ်လျှိုးနေတဲ့ နှင့်နှလုံးသားတွေထဲက လျှို့ဝှက်ချက်တွေ ဟန်မဆောင်နိုင်တော့ဘဲပေါက်ကွဲထွက်လာမယ်လို့ ငါထင်နေတာ..

နှင့်ကိုစမ်းသပ်တာပါ

"ကိုနန္ဒက နှင့်ရွေးချယ်သင့်တဲ့ယောကျ်ားပဲ နှင်က ဘာတိုင်ပင်ချင်နေတာလဲဟ..နှင်မပြောချင်ရင် ငါဖုန်းဆက်ပြီး နှင်ကလက်ခံတဲ့အကြောင်းပြောပေးရမလား"

"တော်စမ်းပါဟယ်"

"အဲ့ကောင်းပြောတာဟာ နှင့်လိုရုပ်ဆိုးဆိုးကောင်မလေးကိုဘယ်သူက ကြိုက်မှာလဲ"

"ကိုနန္ဒက ငါ့မျက်ဝန်းလေးတွေ အရမ်းလှတာပဲတဲ့ စွဲမက်စရာကောင်းတယ်တဲ့"

"ဟား..ဟား..ဟား..ရှမ်းကြိုက်တော့ နွားချောတာ ပေါ့ဟာ မဟုတ်ဘူးလား"

"နှင်နော် ကောင်စုတ်"

သူမမျက်ဝန်းလေးတွေကို သူများသတိထားမိသွားမလားလို့ ရေလာမြောင်းပေးစကားတွေပြောလိုက်မိသည်။

သူရိန်က ရယ်မောလျှောင်ပြောင်စရာဟုပင်

ထင်မှတ်ခနလားမသိ။

"နေပါဦးမှုံ နင်က ကိုနန္ဒလိုယောက်ျားတစ်ယောက်
ကိုဘာလို့ မရွေးချယ်ချင်ရတာလဲ"

"မချစ်လို့"

"အဟတ်"

"မလျောင့်နဲ့"

"ကိုနန္ဒလို ဂုဏ်သိက္ခာရှိရှိ ပညာတတ် ရုပ်ချော ဥစ္စာ
ပေါ အောင်မြင်နေတဲ့စီးပွားရေးလုပ်ငန်းရှင်ကြီးကို
မှမချစ်ရင် ဘယ်သူ့ကိုသွားချစ်မှာလဲ"

နင့်ကို ဟုပြောချင်သည်။

နှုတ်ခမ်းလေးတွေကို တင်းကျပ်စွာစေ့ပိတ်ထား
ဖို့ ထိန်းချုပ်လိုက်ရ၏။

"ကိုနန္ဒကို ငါချစ်လို့မရဘူး တကယ်ပါ"

"စိတ်ကူးမလွဲနဲ့ မှုံ ငါတော့ သဘောတူတယ် အကောင်း
ဆုံးကိုရွေးချယ်စမ်းပါ"

သူရိန်ကသွားခါနီးပြီဖြစ်၍ တကြွကြွဖြစ်နေ
သည်။

"နင်ပြောချင်တာဒါပဲလား"

"နေပါဦးဟယ်"

" ငါချိန်းထားတယ်ဟ ရီတာစောင့်နေလိမ့်မယ်"

"နင့်ကောင်မလေးတွေနာမည်ကလည်း စုံနေတာ
ဟာ ရီတာဆိုတာနင့်ရည်းစားလား"

"အဟဲ"





"နင့်ကို မေးစရာရှိလို့"

"မေး"

"နင် လက်ထပ်မဲ့ မိန်းကလေးတစ်ယောက်သတ်မှတ်
ထားတာမျိုးရှိလား သူရိန်"

"မထားဘူး ငါ့ကို ချုပ်ချယ်အမိန့်ပေးမဲ့ မိန်းမ..
လွှမ်းမိုးမဲ့မိန်းမတစ်ယောက်ရှိနေတာမျိုးမဖြစ်ဘူး
ငါကငါထင်သလိုနေမှာဘဲ ငါနဲ့လက်ထပ်တဲ့မိန်းမ
စိတ်ဆင်းရဲရမှာနော် မှုံ"

နင်က မိန်းမတစ်ယောက်နဲ့တရားဝင်အကြင်
လင်မယားဖြစ်ရမှာအကြောက်ဆုံးဖြစ်နေတာမဟုတ်လား။

"မှုံ"

"ဟင်"

"နင် ဘာပြောစရာရှိသေးလို့လဲ"

နင့်ကိုသတိပေးစကားတွေ အရက်တွေအရမ်း
မသောက်ဖို့ လောင်းကစားတွေလုပ်နေတုန်းအဖမ်းခံရမှာတွေ
သတိပေးချင်တယ်..

"ငါ သွားတော့မယ်"

"သူရိန်"

"ဘာလဲဟ"

"နင် ဒီလိုလုပ်နေတာတွေ အန်တီညိုသိလား"

"သိသင့်သလောက်တော့သိတာပဲမှုံ တချို့ဟာတွေ
တော့မေမေကိုတမင်အသိမပေးတာ မေမေ့အကြောင်း
ကိုနင်သိသားပဲ ငါဘာပဲလုပ်လုပ်အားလုံး အကောင်း

ချည်းပဲလေ"

ဟုတ်လဲဟုတ်ပါတယ်လေ

အန်တီညိုက သူရိန်ဘာလုပ်လုပ်အပြစ်မတင်ရက်

စိတ်သောကတွေကိုသာ ကျိတ်မှိတ်ခံစားနေချင်နေမှာ..

နင့်အမေကနင့်ကိုတည်တည်ငြိမ်ငြိမ်နဲ့အေးအေးချမ်းချမ်းမြင်ချင်မှာပဲ

"အန်တီညိုက နင်လုပ်နေတာတွေကိုသဘောကျပါ့မလားဟင်"

"နင်နဲ့မဆိုင်ပါဘူးဟာ ငါ့ကိစ္စပါ"

"သူရိန်"

"တော်ပြီ ငါသွားတော့မယ်..နင်ရှေ့ဆက်စပ်စုချင်ရင်မေမေနဲ့ပြောတော့"

"ဟွန်း"

သူရိန်ထွက်သွားပြီ

နောက်ကြောင်းကို လှည့်မကြည့်တော့

သူမငေးငိုင်စွာဖြင့် ကျောက်ရုပ်တစ်ရုပ်ကဲ့သို့အာသိမှဲ့စွာရပ်ကြည့်နေမိသည်။

"သမီးလေး"

"ဟင်"

အန်တီညို သူမအနားရောက်နေတာပင် သတိမထားမိ။





"သားသွားပြီလား အထဲဝင်လေ မှုံမှုံအတော်ပဲ အန်တီအုန်းနို့ခေါက်ဆွဲချက်တယ် သမီးစားသွားအပြန်ကျရင်အိမ်အတွက်ယူသွားနော်"

"သမီးပြန်တော့မယ်"

"ဘာဖြစ်လို့လဲ သမီးရဲ့ သူရိန်နဲ့ဘာတွေဖြစ်လို့လဲသမီးကိုဘာပြောသွားလဲ"

သားနဲ့မှုံမှုံက ငယ်သူငယ်ချင်းတွေဖြစ်ကြတဲ့ အပြင်သားကိုအတော်လေးသံယောဇဉ်တွယ်နေခဲ့သောမိန်းကလေးဖြစ်သည်။

ဒေါ်ညိုညိုလည်း ချစ်၏။

သားအပေါ် အနွံအတာခံသည်။

မှုံမှုံလေးကိုသားက အမြဲတမ်းအနိုင်ကျင့်တတ်၏

"မှုံမှုံ"

"ရှင်"

"သမီးလေးနဲ့ သားဘာဖြစ်ကြလဲ"

"ဟင့်အင်း"

သူရိန်လုပ်ရပ်တွေကို အန်တီညိုသိရဲ့လား။

မကောင်းမှုဒုစရိုက်တွေကို နှစ်မြိုက်စွာလုပ်ကိုင်နေသည်။

"သားမတရားလုပ်ရင် အန်တီကိုပြောနော်"

"မလုပ်ပါဘူး"

"မှုံစိတ်ထဲမှာ သူရိန်အမှားတစ်ခုလုပ်မိမှာ စိတ်ပူနေသလိုပဲအန်တီ"

မှုံလေးရယ်..သူရိန်ကလေးမှ မဟုတ်တော့တာပဲ

သားကသူ့စိတ်ချမ်းသာသလိုနေပါစေကွယ်

သမီးလေး ဖြစ်စေချင်သလို

သားလေးက လုပ်ချင်မှလုပ်မှာ

သူရိန်လောင်းကစားတွေလုပ်နေတာကို အန်တီညို သိလားဟု မမေးရက်

စိတ်သောကတွေ မရောက်စေချင်ပေ

သားလုပ်သမျှလည်းအန်တီညိုပြောရက်မှာမဟုတ်

စိတ်မပါဘဲ အန်တီညိုချက်သော အုန်းနို့ခေါက်ဆွဲကို စားသည်။

အန်တီညိုက သူမအိမ်အတွက် ချိုင့်နှင့်ထည့်ပေးနေ၏။

သူမခြေလှမ်းလေးတွေက နှေးကွေးလေးလံနေမိသည်။

□ □ □ □ □

♥♦♠♣





# အခန်း(၅)

နှင်းမှုံမှုံက သူရိန်ဆိုတဲ့ကောင်လေးကိုပဲ စွဲလမ်းနှစ်သက်နေသည် ဟု နန္ဒစိတ်ထဲကသိနေနှင့်ပြီးသားဖြစ်သည်။

သူရိန်ကနှင်းမှုံမှုံကို စိတ်ဝင်စားဟန်မရှိခဲ့။

အင်းပေါ့လေ

ကိုယ်ကအသက်အရွယ်ရှိနေပြီပဲ

မင်း ဘယ်စိတ်ဝင်စားပါတော့မလဲ မှုံ

သက်တူရွယ်တူ စတိုင်မိတဲ့ကောင်လေးတစ်ယောက်ကိုပဲ မင်း စိတ်ဝင်စားမှာပေါ့

ကိုယ်ကံဆိုးပြီးထင်တယ်..

မှုံကိုမေ့ပစ်လို့မရဘူး

ကိုယ့်ဘဝမှာ ကိုယ်နဲ့လိုက်ဖက်တင့်တယ်မဲ့မိန်းမချောလေးတွေ တစ်ပုံကြီးပဲ

ဒါပေမဲ့

ကိုယ် ရူးသွပ်စွာနဲ့ မင်းကိုပဲချစ်ခင်နှစ်သက်နေမိတယ်..

မေ့ပစ်လို့မရဘူး မှုံ

ရှေးဘဝကရေစက်လားပဲ

ကိုယ်မင်းအပေါ် ချစ်ခင်စွဲလမ်းနေတာ စဉ်းစားလို့တောင်မရဘူး

မင်းမျက်ဝန်းလေးတွေ

စွဲမက်စရာကောင်းတယ်..

ကိုယ်ချစ်သူနဲ့မင်းတူတာကြောင့်လည်း ဖြစ်နိုင်ပါတယ်..

ငွေကြေး ဂုဏ်ပကာသနတွေမမက်မောတဲ့ မင်းကိုလည်း နှစ်သက်တယ်

သူရိန်ကလွဲပြီးတခြားယောကျ်ားတွေစိတ်မဝင်စားတာလည်း မင်းရဲ့စွဲဆောင်နိုင်စွမ်းရှိတဲ့ အချက်တစ်ခုပါပဲ

ကိုယ့်အလုပ်တွေကိုထားပစ်ခဲ့သည်။

မင်းနဲ့တွေ့ချင်လာမိ၏။

ကိုယ့်ကားလေးက မင်းဆီဦးတည်နေခဲ့သည်။

"သူရိန်ပါလား"

ကောင်မလေးချောချောတစ်ယောက်နှင့် သူရိန်ကိုတွေ့လိုက်သည်။

မှုံအတွက် စိတ်မကောင်းဖြစ်ရ၏။

ဒီကောင်မလေးကြည့်ရတာ မိန်းမကောင်းလေးတစ်ယောက်တော့မဖြစ်နိုင်ပေ။

သူရိန်ဘာတွေလုပ်နေလဲ

ကိုယ်သတင်းကြားရတာတော့ လောင်းကစားတွေပါလုပ်နေသည်။

မှုံသိရဲ့လား

စားသောက်ဆိုင်ရှေ့ရောက်တော့ မှုံတို့ အိမ်သားတွေစားဖို့ ခေါက်ဆွဲကြော် ကြာဇံကြော်တွေဝယ်သည်။





သူရိန်ကိုထပ်တွေ့၏။

"အစ်ကို"

"သူရိန်"

"စားစရာတွေ ကိုယ်တိုင်ဝယ်နေပါလား"

သူရိန်ကိုကြည့်ရတာ အရက်တွေသောက်ထား ပုံပင်။

ဘေးကကောင်မလေးက သူရိန်လက်မောင်း အား တင်းကျပ်စွာဖက်ထားသည်။

"ကျွန်တော်ငွေရှင်းပေးလိုက်မယ် အစ်ကို"

"နေ နေ သူရိန် အစ်ကိုပေးလိုက်ပါ့မယ်"

"ရပါတယ် အစ်ကို ကျွန်တော်ပဲပေးလိုက်ပါ့မယ်"

သူရိန်ပေးတာကိုလက်မခံဘဲ ကိုယ်တိုင်ရှင်းပေး လိုက်သည်။

"အစ်ကို သွားမယ်"

"ဟုတ်ကဲ့"

သူရိန်က သူ့ကိုတော့ တလေးတစားဆက်ဆံ တတ်သည်။

မင်းအတော်ပျက်စီးနေပြီပဲ

ကိုယ်ပြန်လာခဲ့ပြီး မှုံမှုံထံရောက်လာခဲ့သည်။

"မှုံ"

မှုံတစ်ယောက်တည်းခြံထဲမှာထိုင်နေသည်။

နှင်းဆီအိုးတွေကိုငေးမောကြည့်နေ၏။

"မှုံ"

"ဟင်"

"ကိုယ်စားစရာတွေ ဝယ်လာတယ် ကိုယ်လည်းဘာမှ
မစားရသေးဘူး မှုံနဲ့အတူစားချင်လို့ဝယ်လာတာ"

"မှုံ မစားချင်ပါဘူး"

မှုံက တစ်ယောက်တည်းပဲ သူရိန့်အကြောင်းတွေ
စဉ်းစားချင်နေမိသည်။

သူရိန့်ဘာတွေလုပ်နေသလဲ

ကောင်မလေးတစ်ယောက်ရဲ့ ရင်ခွင်ထဲမှာ
သူရိန် မှိန်းမောနေမှာပဲ

နှင်းဆီပန်းတွေကို သူရိန်ရောမှုံပါနှစ်သက်ကြ
သည်။

နှစ်ယောက်သား နှင်းဆီပန်းပင်တွေကို ပြုစုပျိုး
ထောင်ခဲ့ကြ၏။

ငယ်ငယ်ကတော့ သူမနှင့်သူရိန်တတွဲတွဲဖြစ်နေ
တတ်သည်။

အခုမှ

"မှုံ လာလေ အိမ်မှာ အန်တီရောရှိလား"

"ဘယ်သူမှမရှိဘူး မှုံတစ်ယောက်တည်း ရှိတယ်"

"လာ ကိုယ်စားစရာတွေ ပြင်ပေးမယ် မှုံလေးကိုကျွေး
ချင်လို့"

မှုံလေး စိတ်ညစ်နေမယ်ဆိုတာ ကိုယ်သိနေသည်။

ထို့ကြောင့်ပင်

စိတ်ပြေလက်ပျောက်အနေနှင့် ကိုယ်နှင့်အစား





သောက်တွေကျွေးချင်သည်။

မှုံကို ဇွတ်အတင်းပင်ခေါ်လာခဲ့၏။

သူကိုယ်တိုင် စားစရာတွေပြင်နေတာ မှုံထိုင်
ကြည့်နေသည်။

"ကိုယ့်မာမိက အစားအသောက်တွေချက်တာ ဝါ
သနာပါတယ် ကိုယ်ကိုလည်းပညာရေးနဲ့စားသောက်
ရေးကလွဲပြီး တခြားကိစ္စတွေလုံးဝအလိုမလိုက်ဘူးမှုံ"

သူရိန် နေ၍မရ

စည်းစနစ်ကြီးသည်

"တစ်ဦးတည်းသော သားဖြစ်ပေမဲ့ မေမေကလုံးဝ
အလိုမလိုက်ဘူး ငွေကိုလည်းစီးပွားရေးလုပ်ငန်းတွေ
လုပ်မှ ကိုယ်ကိုင်တွယ်ရတာ..အိမ်မှုကိစ္စတွေကိုလည်း
တစ်ခါတစ်ရံကိုယ်ကူညီရတယ် မှုံ"

ရှင့်နေရာမှာ သူရိန်ဆိုရင် ကျွန်မဘယ်သောက်
ပျော်ရွှင်နေမလဲ..

အန်တီညြိကတော့ သူရိန့်ကိုအလွန်အမင်းအလို
လိုက်လွန်းတယ်

အရွယ်နဲ့မလိုက်အောင်ငွေကြေးကိုင်တွယ် သုံးစွဲ
တယ်..

ကိုနန္ဒကတော့ တကယ့်ကို သပ်ရပ်တိကျတဲ့
တစ်ယောက်ပဲ

စွယ်စုံတော်တဲ့သူလေ.

"စားလေ မှုံ"

"ကျွန်မမှမဆာတာ"

"နည်းနည်းပါးပါးပေါ့ ကိုယ်နဲ့အဖော်ဖြစ်အောင်"

သူမအားနာလာ၍ ထမင်းစားပွဲမှထိုင်လိုက်မိ
သည်။

သူလည်းထိုင်၏။

"ကိုယ်စားသောက်ဆိုင်မှာ ဝင်ဝယ်တော့ သူရိန်ကို
တွေ့တယ်"

"ဟင်"

စောစောကအသက်ကင်းမဲ့သလို ငြိမ်သက်နေ
သောနှင်းမှုံ့မှုံ့ကိုယ်လုံးလေးက လှုပ်လှုပ်ရှားရှားဖြစ်လာသည်
တက်ကြွလာရ၏။

"သူရိန်နဲ့တွေ့တယ် ဟုတ်လားကိုနန္ဒ"

"အင်း"

"အတွဲနဲ့လားဟင်"

"အင်း"

"ဟင်"

"သူရိန်ဘာတွေလုပ်နေသလဲ မင်းသိလား"

သူရိန်မဟုတ်တာတွေလုပ်နေတာကို အပြစ်ရှာ
ဖေါ်ထုတ်ချင်တာမဟုတ်ပေမဲ့ တစ်ယောက်ယောက်ကတားဆီး
သင့်တယ်ဟု ထင်သည်။

"သူရိန်အရက်တွေသောက်ထားတယ် ကောင်မလေး
ကလည်း အပျက်မလေး ထင်တယ်"

"ဟင်"





ကိုယ်သူရိန်ရဲ့အားနည်းချက်တွေကို ဖေါ်ထုတ်
ပြီး မင်းအသုံးမကျတဲ့ကောင်ကိုဘာအထင်ကြီးနေတာလဲမှုံ ဟု
ပြောချင်တာမဟုတ်ပါဘူးမှုံ

အမှားအယွင်းတွေမဖြစ်စေချင်မိတာပါ

အချိန်မီပြုပြင်စေချင်တယ်

"သူရိန့် သတင်းတွေက တစ်ခုမှမကောင်းဘူးမှုံ..သူ့
အမေသိလား"

"အန်တီညိုကတော့ အရမ်းအလိုလိုက်တယ်..ကိုနန္ဒ
သူရိန်က ဆိုးတာ"

"မှုံ တားသင့်တယ်"

"မှုံစကားတွေဆို သူကပိုပြီးတော့တောင် နားမထောင်
သေးတယ်.."

မှုံစိတ်မသက်သာစွာဖြင့်ပြောနေမိသည်။

သူရိန်အရက်တွေသောက်လာသည်ဟု သိရ၍
စိတ်ထဲမှာစိုးရိမ်ပူပန်မှုတွေဖြစ်သွားမိ၏။

"မှုံ စားလေ"

မှုံအားနာလွန်း၍ သူကျေနပ်စေရန် နည်းနည်း
ပါးပါး စားနေမိသည်။

စိတ်ကတော့ သူရိန့်ဆီရောက်နေမိ၏။

နင်ဘာတွေလုပ်နေလဲ..

သူရိန်အခြေအနေက အတော်လေးဆိုးသွမ်း
နေပြီဖြစ်သည်။

အရက်တွေသောက်တတ်နေပြီပဲ

နင်က ကားမောင်းအရမ်းကြမ်းတယ်

အရက်မူးပြီး မောင်းရင် နင်တစ်ခုခုဖြစ်သွားမှာ ငါစိုးရိမ်နေတယ်..

စားစရာတွေက သူ့မအတွက် အရသာကင်းမဲ့နေရသည်။

ကိုနန္ဒရှိနေတာလည်း စိတ်ရှုပ်နေရ၏။

"မှုံ"

"ဟင်"

"မင်းဘာတွေဖြစ်နေတာလဲ"

"မဖြစ်ပါဘူး ကိုနန္ဒ ဘာဖြစ်လို့လဲဟင်"

"တစ်ခုခုအတွက် စိတ်သောကတွေရောက်နေသလိုပဲ သူရိန့်အတွက်မဟုတ်လား"

"အင်း"

မှုံ ရယ်

သဘာဝတရားပဲဟာ..

ကိုယ်ကမင်းကိုရယူပိုင်ဆိုင်လိုမှုထက် ပေးဆပ်ခြင်းမျိုးနဲ့ပဲ နှစ်သက်မြတ်နိုးမိတာပါကွာ..

မပိုင်ဆိုင်ရလဲ ယုယကြင်နာမှုတွေပေးနေမှာပါ

မှုံစိတ်တွေကြည်လင်ရွှင်ပြလာအောင် ကိုယ်ဘာ လုပ်ပေးနိုင်မလဲဆိုတာပဲ စဉ်းစားနေမိသည်။

□ □ □ □ □





# အခန်း(ကိုး)

နင်နဲ့တွဲလာတဲ့ ကောင်မလေးက မိန်းမကောင်းလေးတစ်ယောက်တော့မဖြစ်နိုင်ဘူးတဲ့၊

ကိုနန္ဒပြောကတည်းက ငါစိတ်ပူလွန်းလို့ နေမထိထိုင်မသာဖြစ်နေရတယ်၊

အခုချိန်မှာ အိပ်ချ်အိုင်ဗွီရောဂါပိုးတွေကလည်း ကူးစက်လွန်းနေတယ်၊

ကြောက်စရာကောင်းနေတယ်၊

နင်ထင်တိုင်းမကြဲနေသင့်ဘူးသူရိန်။

ငါတားဆီးပေးချင်ပေမဲ့ နင်က ငါ့ကိုအရေးစိုက်တဲ့ကောင်မှမဟုတ်တာ။

နားထောင်မှာလည်းမဟုတ်ဘူး၊

အန်တီညို့ကိုပြောပြရင်ကောင်းမလား။

သားကို အလိုလိုက်လွန်းတဲ့အန်တီညိုသိတော့ရော စိတ်ဆင်းရဲရမှာပဲ၊

နင်ကရောငါ့ကို ပိုပြီးစိတ်ဆိုးသွားမှာ၊

မဖြစ်သေးပါဘူး။

နင့်ကို နည်းနည်းပါးပါးတော့ ပြောကြည့်ရဦးမှာပဲလို့ တစ်နေကုန် ငါ တွေးနေမိတယ်၊

သူရိန်ကတော့ တစ်နေကုန်ပြန်မလာ။

"မမေ"

"ဘာလဲသမီးလေး"

"သမီးအန်တီညိုတို့ခြံဘက် သွားလိုက်ဦးမယ်"

"အေးအေး"

မေမေကတော့ သူမအား ယုံကြည်စိတ်ချသည်။

မိဘအရှက်သိက္ခာကျဆင်းအောင်လုပ်မဲ့ သမီးလေးမဟုတ်ဘူးဟု အမြဲတမ်းချီးမွမ်းပြောဆိုနေတတ်၏။

မမနှင့်ဆို သူမအား ပို၍စိတ်ချယုံကြည်နေခဲ့ကြသည်။

မိန်းမပွေရှုပ်ပြီး အလုပ်အကိုင်အတည်တကျမလုပ်လိုသောယောကျ်ားတစ်ယောက်နှင့် ခိုးရာလိုက်ပြေးခဲ့တဲ့ မမအတွက် မေမေတို့အရှက်ကြီးရှက်ခဲ့ကြရဖူး၏။

"မှုံမှုံလေးနော်၊ သမီးနှစ်သက်မြတ်နိုးရင် ဘယ်လိုယောကျ်ားပဲဖြစ်ဖြစ် ခိုးရာလိုက်ပြေးတာတွေ ဘာတွေမလုပ်နဲ့ မေမေတို့ကိုဖွင့်ပြော၊ သင့်တော်သလို စီမံပေးမယ်"

သူမက သူရိန့်အပေါ် သံယောဇဉ်ကြီးနေခဲ့တာလည်း မေမေတို့သိသည်။

ဆိုးပေတေချင်တဲ့သူရိန့်အကျင့်စရိုက်တွေကိုသဘောမကျပေမဲ့ မိဘမျက်နှာနှင့်မကန့်ကွက်၊

သတိတော့ပေးသည်။

"သူရိန်က သမီးကို အထင်မကြီးနိုင်ပါဘူးတဲ့"

သူမကတော့ သူရိန့်ကိုပဲ စွဲလမ်းနှစ်သက်နေမိသည်။





အချစ်ဆိုတာ တော်တော်ခက်တယ်နော်သူရိန်၊

ကိုနန္ဒက ငါ့ကိုချစ်နေတယ်၊

ယုယကြင်နာတယ်။

အလိုလိုက်တယ်၊

ငါ့အပေါ်လည်း ခွင့်လွှတ်သည်းခံတတ်တဲ့ယောကျ်ား ပဲ။

အဲဒါ၊

ငါ ဘာဖြစ်လို့မချစ်ရတာလဲ။

မချစ်နိုင်နေရတာလဲ၊

ပြောစမ်းပါ။

ငါ့အပေါ် လုံးဝမချစ်မနှစ်သက်တဲ့ယောကျ်ား၊

အထင်မကြီးတဲ့ယောကျ်ားတစ်ယောက်ကို ကျတော့ ချစ်နေမိတယ်၊

နင်က ငါငယ်စဉ်လေးကတည်းက သံယောဇဉ်ကြီးခဲ့ရတဲ့ယောကျ်ားပါ။

သူရိန်တို့အိမ်ဘက် ထွက်လာခဲ့သည်။

အန်တီညိုကတော့ သူမကိုတွေ့သည်နှင့် ချစ်ခင်နှစ်သက်စွာ ဆီးကြိုလေ့ရှိ၏။

"သမီးလေး လာလည်တာလား၊ သူရိန်လည်းခုထိ ပြန်မလာသေးပါလား၊ အန်တီညို စိတ်ပူပြီးစောင့်နေတာ"

"မှုံလည်း စိတ်ပူလို့ပဲအန်တီညို"

"သားလေး အလည်လွန်နေပြီထင်တယ်၊ အန်တီညို ညစာတောင် မစားရသေးဘူး"

သားအတွက်စိတ်ပူပြီး ဒေါ်ညိုညို ညစာမစား ရတဲ့ ရက်တွေမနည်းတော့၊

ညဥ့်နက်မှပြန်လာတတ်သောသားက အရက် မူးနေတတ်သည်။

မပြောရက်၊

စိတ်တွေသာ ပူလောင်နေမိသည်။

ဖခင်ဆီ စာရေးပြီးတိုင်ပင်ဖို့ကလည်း အလုပ် တာဝန်တွေထမ်းဆောင်နေရသောယောကျ်ားစိတ်ပူနေမှာလည်း မလိုလားမိ၊

တစ်ယောက်တည်း ကျိတ်မှိတ်ခံစားနေရသည်။

"အန်တီညို"

"ဟင်"

"မှုံ ကူပြီးစောင့်ပေးနေမယ်နော်"

"သားက ညဥ့်နက်တယ်သမီးရဲ့၊ မိန်းကလေးတစ် ယောက်တည်း အချိန်အကြာကြီးစောင့်နေလို့ မသင့် တော်ပါဘူး"

"မှုံ ဘယ်သူမှဂရုမစိုက်ပါဘူး၊ အရေးကြီးတာက သူရိန် အရက်မူးမူးနေတယ်လို့ ကိုနန္ဒက,ပြောတယ်"

"ဟင်"

"သူရိန်အရက်သောက်တာ အန်တီညို သိလား"

"သိတော့သိပါတယ်ကွယ်၊ ဒါပေမဲ့ သားအကြောင်း လည်း မှုံမှုံလေးအသိဆုံးပဲ၊ ပြောလို့မှမရတာ"

မိမိ မပြောရက်တာပါ၊





သားမျက်နှာလေး တစ်ချက်ပျက်သွားတာပင် ဒေါ်ညိုညို မလိုလားနိုင်အောင်ဖြစ်နေရသည်။

"သူရိန်ကိုတော့ သမီး သတိပေးရမယ်၊ စိတ်ဆိုးချင် ဆိုး မဆိုးချင်နေ၊ သူနဲ့တွဲနေတဲ့ကောင်မလေးတွေက သိပ် မဟုတ်ဘူးတဲ့"

ဒေါ်ညိုညိုလည်း သိသည်။

သားကို မှုံလေးနှင့် နီးစပ်စေချင်ပေမဲ့ သား ကိုယ်တိုင်ကမနှစ်သက်၊

လက်မခံပေ။

"ဒီလောက်ရုပ်ဆိုးတဲ့ကောင်မလေးကို သား လက်ထပ် ရမှာလား၊ စိတ်ကူးထဲမှာတောင် မရှိဘူးမေမေ"

မှုံမှုံက ရုပ်ကလေး အချောကြီးမဟုတ်ပေမဲ့ ချစ် စရာကောင်းတဲ့မိန်းကလေးတစ်ယောက်ဖြစ်နေသည်။

"မှုံ"

"ရှင်"

"သားကို သမီးလေး ပြောစမ်းပါ၊ အန်တီညို ပြောရင် လက်မခံဘူး၊ တကယ်ဆို သားကို မှုံလေးနဲ့နီးစပ်စေ ချင်တာ"

မှုံမှုံလေး ရှက်ကိုးရှက်ကန်းနှင့် ခေါင်းငုံ့သွား သည်။

"မှုံလေးမှာ ချစ်သူရှိလား"

"ဟင့်အင်း"

"မောင်နန္ဒဆိုတဲ့သူငယ်လေးက သမီးကို ချစ်နေတယ်

မဟုတ်လား"

"သမီးဘက်က ငြင်းထားတယ်အန်တီညို"

"မှုံမှုံလေးရယ်"

သူ့အပေါ် ငြိတွယ်နေတဲ့သံယောဇဉ်ကြောင့် သမီးလေး မောင်နန္ဒလိုယောကျ်ားတစ်ယောက်ကို ငြင်းဆန်ခဲ့သည်။

ဘယ်လောက် လေးစားမြတ်နိုးဖို့ကောင်းတဲ့ မိန်းကလေးလဲ၊

သားက အထင်မကြီးခဲ့။

စိတ်လည်းမဝင်စားပေ၊

"မှုံ"

"ရှင်"

"တကယ်လို့သာ သားကလက်ခံရင် သားနဲ့လက်ထပ်ဖို့ သမီးလေး သဘောတူမလား"

သူမ၊

ဆတ်ခနဲ မော့ကြည့်မိသည်။

မဖြစ်နိုင်တာပဲ အန်တီညို၊

သူ့ရိန် သဘောတူမှာမဟုတ်ပါဘူး။

မှုံ သိနေပါတယ်။

"သူ့ရိန် ငြင်းမှာပဲအန်တီညို"

"မဖြစ်မနေလုပ်ရမယ်၊ သားကို အတင်းအကျပ် တောင်းဆိုရမှာပဲ မှုံ"

"သူ့ရိန့်ဆန္ဒမပါဘဲ ဘာမှမလုပ်ပါနဲ့အန်တီ"





"မလုပ်လို့မရဘူး၊ တော်ကြာ မသင့်တော်တာတွေနဲ့ လက်ထပ်မိမယ်ကွယ်၊ အန်တီညိုတော့ မှုံလေးနဲ့ပဲ သဘောတူတယ်"

ဒေါ်ညိုညိုကတော့ မဖြစ်မနေလုပ်ဆောင်ဖို့ပဲ ဆုံးဖြတ်ထားမိသည်။

သားက မလွယ်ဘူး၊

ကြည့်လေ၊

ခုထိပင် ပြန်မလာသေးဘူး။

ဘယ်နှစ်နာရီရှိနေပြီလဲ၊

"မှုံ ပြန်တော့လေ"

"သူ့ရိန့်ကို စောင့်ဦးမယ်၊ အန်တီညိုတစ်ယောက်တည်း စိတ်သောကတွေခံစားနေရမှာစိုးလို့"

မှုံမှုံလေးက မိမိအပေါ် လည်း မိခင်တစ်ယောက်ကဲ့သို့ သံယောဇဉ်ကြီးမားသူသာဖြစ်သည်။

သားကိုပြောရမည်၊

ခြေငြိမ်သွားအောင် မှုံမှုံလေးနဲ့ပဲ လက်ထပ်ပေးရမယ်။

ဟုတ်တယ်၊

သားနဲ့တွဲနေတဲ့ကောင်မလေးတွေက ရုပ်ရည်ချောမောကြပေမဲ့ ကိုယ်ကျင့်တရားကောင်းတဲ့မိန်းကလေးတွေ မဖြစ်နိုင်ဘူး။

မိမိနှင့် မကြာခဏဆုံခဲ့ဖူးသည်။

ရဲရဲတင်းတင်းလေးတွေ၊

တွေးမိတိုင်း သောကမီးတွေတညီးညီးလောင်
မြိုက်နေခဲ့ရသည်။

ညဉ့်နက်တော့မယ်၊

သား ပြန်မရောက်သေး။

မှုံမိခင် ဒေါ်မာလာက ဖုန်းဆက်ပြီးခေါ်သည်။

"သမီးလေး ပြန်လာသင့်ပြီကွယ်"

"ဒီမှာ အန်တီညိုတစ်ယောက်တည်းဖြစ်နေလို့ပါ မေမေ"

မေမေခေါ်နေတော့လည်း အန်တီညိုက ပြန်
ခိုင်းသည်။

"သားက တစ်ခါတလေ ညတောင်ပြန်အိပ်တာ မဟုတ်
ဘူးသမီး၊ ပြန်ပါကွယ်"

မှုံ ပြန်လာခဲ့သည်။

မေမေကတော့ သူရိန့်အပေါ် သံယောဇဉ် ဒီ
လောက်ကြီးမနေသင့်တော့ဘူးဟု ပထမဆုံးအကြိမ် ထုတ်ဖော်
ပြောကြားခဲ့၏။

"မှုံကို မေမေပြောစရာရှိတယ်"

"ရှင် မေမေ"

မေမေ့မျက်ဝန်းအကြည့်တွေက စူးစိုက်ပြီး လေး
နက်နေသည်။

"မေမေပြောမဲ့စကားတွေကို မှုံ အသေအချာ နား
ထောင်ပါ"

"ပြောပါမေမေ"

"တခြားတော့မဟုတ်ပါဘူးကွယ်၊ သမီးလေးနဲ့ မောင်





နန္ဒကို စေ့စပ်ထားချင်တာပါပဲ"

"ရှင်"

မေမေ ဘာပြောတာလဲ၊

ကိုနန္ဒက တောင်းဆိုတာလား။

မေမေနှင့် ကိုနန္ဒမာမီ ဒေါ်ရီစီက ငယ်သူငယ်
ချင်းတွေ၊

"မောင်ကျော်နန္ဒက ဘာတစ်ခုမှ မတောင်းဆိုပါဘူး
သမီး၊ မေမေတို့ လူကြီးချင်းစီစဉ်တာပါ မှုံ"

"သမီး လက်မခံနိုင်ဘူးမေမေ"

"ဘာဖြစ်လို့လဲသမီး"

"ကိုနန္ဒကို သမီးမှမချစ်တာ"

"ကိုယ့်ဘဝတစ်လျှောက်လုံး လက်တွဲရမဲ့ယောကျ်ား
တစ်ယောက်ကို အချစ်တစ်ခုတည်းနဲ့တော့ မရွေးချယ်
သင့်ဘူးသမီး"

သူရိန်နှင့်လက်ထပ်လျှင်လည်း သမီးလေး တစ်
သက်လုံး စိတ်ဆင်းရဲရမည်၊

မိန်းမချောလေးတွေကိုသာ အထင်တကြီးတွဲ
ချင်တဲ့သူရိန်လိုယောကျ်ားတစ်ယောက်အား သမီးလေးမှုံမှုံ ဆွဲ
ဆောင်နိုင်မှာမဟုတ်ပေ။

"မောင်နန္ဒက သမီးကိုချစ်တယ်၊ တန်ဖိုးလည်းထား
တယ်၊ လူကြီးလည်းဆန်တယ် မှုံ၊ သမီးဘဝတစ်
သက်တာအတွက် အကောင်းဆုံး အသင့်တော်ဆုံး
ယောကျ်ားက မောင်နန္ဒပဲသမီး"

လူကြီးမိဘတွေက အတင်းအကျပ်စီစဉ်မှုဖြစ်မည်။

သမီးက သူရိန်မှသူရိန်ပဲ၊

မိမိတို့လက်ပေါ်မှာ ကြီးပြင်းလာခဲ့တဲ့ကလေးဆိုပေမဲ့ မိမိတို့ကို အရေးပင်မစိုက်။

"မေမေ"

"ဘာလဲသမီး"

"သမီး မချစ်မနှစ်သက်တဲ့ယောကျ်ားတစ်ယောက်ကိုတော့ ဘယ်လိုလူမျိုးပဲဖြစ်ပါစေ၊ သမီးလက်မထပ်နိုင်ဘူး"

"မာမိတို့လူကြီးတွေစီစဉ်တာ သမီးလက်ခံပါ"

"ဟင့်အင်း"

"မှဲ့"

"မှဲ့တို့မိသားစုလေးက တစ်ယောက်လွတ်လပ်ခွင့်ကို တစ်ယောက် နားလည်ကြသူတွေပါမေမေ၊ သမီးကို မချုပ်ကိုင်ပါနဲ့နော်"

သမီးမျက်ဝန်းတွေထဲမှာ မျက်ရည်တွေဝဲလာတော့ မေမေစိတ်လျှော့သွားသည်။

"သမီးလေး မနှစ်သက်တာ မေမေမလုပ်တော့ပါဘူး၊ သမီးကြီးအတွက် ပတ်ဝန်းကျင်မှာ မျက်နှာမပြရဲအောင် ဖြစ်ခဲ့ရတဲ့အတွက် အဖတ်ပြန်ဆယ်လို့ ရမလားလို့ပါကွယ်၊ မောင်နန္ဒလို ဂုဏ်သရေရှိတဲ့ယောကျ်ားတစ်ယောက်နဲ့ဆိုတော့.."





သူမ၊

ခေါင်းကိုသာ တွင်တွင်ခါမိသည်။

ကိုနန္ဒနှင့်တရားဝင်စေ့စပ်ဖို့ဆိုတာ လုံးဝမဖြစ်နိုင်ဘူး၊

သူရိန်ကိုပဲချစ်တယ်။

ပိုင်ဆိုင်ချင်တယ်၊

မျှော်လင့်ချက်လေးတစ်စက်တလေတောင် မျှော်လင့်နေချင်တယ်။

အန်တီညိုရဲ့ကြိုးစားမှုကို သူမ,စောင့်ကြည့်နေချင်သေးတယ်၊

"မေမေရယ် မှဲ့ကိုအပြစ်မတင်ပါနဲ့နော်၊ သူရိန်နဲ့အပေါ် မှဲ့ ဘယ်လိုမှ သံယောဇဉ်မဖြတ်နိုင်လို့ပါ"

သူမ၊

မျက်ရည်တွေဝဲလာသည်။

"သမီးလေးစိတ်မကောင်းမဖြစ်ပါနဲ့နော်၊ မေမေဘာမှ အလျင်စလို မစီစဉ်ပါဘူး"

ဒေါ်မာမာ သမီးစိတ်ထိခိုက်နေတာ မကြည့်ရက်ပေ။

"မှဲ့ အိပ်တော့"

"ဟုတ်ကဲ့"

"မောင်နန္ဒကိုတော့ အလိုက်အထိုက် ဆက်ဆံစေချင်တယ်သမီး"

"ဟုတ်ကဲ့ပါမေမေ"

"သမီးလေးက လိမ္မာပါတယ်ကွယ်၊ မိဘတွေ ဂုဏ်သိက္ခာတွေကို အဖတ်ဆယ်ပေးမဲ့သမီးလေးပါ"

"မွှံကို အခွင့်အရေးလေးတစ်ခုတော့ မေမေပေးပါနော်"

"မွှံ"

"ရှင်"

"တကယ်လို့ မောင်သူရိန့်ဘက်က ငြင်းဆန်မယ်ဆိုရင်တော့ မောင်နန္ဒနဲ့မေမေ စေ့စပ်မှာနော်"

"ဟုတ်ကဲ့"

"သမီးလေး အိပ်တော့"

သမီးအခန်းထဲမှ မေမေထွက်သွားတော့သည်။

သူရိန်၊

နင့်ကိုပဲ ချစ်တယ်။

ငါ့နှလုံးသားတွေထဲမှာ နင်ပဲ။

ကိုနန္ဒကို မချစ်ဘူး၊

ငါ့ဘဝရဲ့ လက်တွဲဖော် အဖြစ်လည်း ရွေးချယ်ဖို့ငါ့မှာ ဆန္ဒမရှိဘူး။

သူမ၊ ပြတင်းပေါက်ကို ဖွင့်လိုက်သည်။

သူရိန်တို့ဘက်သို့ လှမ်းမြင်နေရ၏။

"သူရိန်ရယ် နင်ဘာတွေလုပ်နေလဲ၊ ဘာလို့ပြန်မလာသေးရတာလဲ"

သူရိန့်ခြံဆီမှ ကားဟွန်းသံတွေ နားစွင့်နေမိသည်။





ညဥ့်နက်နေပြီ၊

နင်ပြန်မလာသေးဘူး။

တစ်ခါတစ်ရံ၊

သူရိန် နိုက်ကလပ်တွေဘာတွေတက်တတ်ကြောင်း သိထားသည်။

အရက်မူးပြီးပြန်လာရင်၊

"သူရိန်က ဆိုးသွမ်းပေတေနေတယ်နော် မွှံ၊ သူကဆရာကြီးဟာ..၊ ပြုပြင်လို့ လွယ်မယ်မထင်နဲ့"

မမက ပြောသည်။

"ကိုကို့ကြောင့် မမဘဝတစ်လျှောက်လုံး စိတ်သောကတွေနဲ့ရင်ဆိုင်ရတော့မယ် မွှံ၊ နင့်အလှည့်ကျရင် အဲ့ဒီလိုအမှားမျိုးတွေနဲ့ မကြုံတွေ့စေချင်ဘူးဟယ်"

မမကလည်း သူရိန့်အား မရွေးချယ်ရန် အမျိုးမျိုးပြောပြနေတတ်သည်။

ငါက ခေါင်းမာတယ်သူရိန်၊

နင်မှနင်ပဲ။

သံယောဇဉ်ကြိုးကို ဖြတ်တောက်ပစ်နိုင်တဲ့အင်အားတွေ မဲ့နေတယ်၊

ငါ့ရဲ့ အကြီးမားဆုံးမျှော်လင့်ချက်တွေက နင့်အချစ်တွေကို ရယူပိုင်ဆိုင်ဖို့ပဲ။

သူမ အတွေးတွေ ရှုပ်ထွေးကာ အိပ်မပျော်နိုင်ဘဲ ဖြစ်နေရသည်။

❑ ❑ ❑ ❑ ❑

## အခန်း(တစ်ဆယ်)

"သူရိန်"

ဟင်"

"နင် ညက ဘယ်အချိန်မှ ပြန်ရောက်လာလဲ"

"မနက်မှ"

"ဘာ"

"နင်ကလည်းဟာ၊ ငါက နိုက်ကလပ်မှာ အချိန်ေ ကုန်သွားတယ်၊ မနက်မိုးလင်းမှပဲ ပြန်ဖြစ်တော့တယ ဘာဖြစ်လဲ"

သူရိန့်ထံ သူမ ရောက်သွားသည်။

မနက်မိုးလင်းမှပြန်လာသောသူရိန်၊ ခေါင်းေ ကိုက်လာလို့တဲ့။

သူမဲက စိတ်ပူပြီး အမေးအမြန်းထူနေတ သဘောမကျဖြစ်နေသည်။

"နင့်အတွက် စိတ်ပူနေတာပေါ့ဟာ"

"ဘာပူစရာရှိလဲ၊ ငါက အသက်မပြည့်သေးတဲ့ကလေ မှမဟုတ်တာ၊ လုပ်မနေနဲ့ အရေးမပါတာ"

"သူရိန်"

"ဘာလဲ"

"နင် ခေါင်းကိုက်နေတယ်ဆို"

"အင်း"





"ဆေးသောက်ရအောင်နော်၊ အန်တီညှိုလည်း အိပ်ရေးပျက်ပြီး စိတ်မကောင်းဖြစ်နေတယ်"

သူ၊

မိုးလင်းသွားသည်။

မေမေ့ဆီဖုန်းဆက်ပြောဖို့ မေ့ပြီး အပျော်လွန်သွား၏။

ခေါင်းတွေကိုက်ပြီး အခန်းထဲ တန်းဝင်လာပြီး အိပ်နေလိုက်သည်။

မေမေဝင်လာပြီး သူ့နဖူးလေးကို လာစမ်းတော့ မေမေ့လက်တွေ ပူချစ်နေ၏။

စကားမပြောချင်တာနှင့် ငြိမ်နေလိုက်သည်။

ခဏပဲ၊

အိပ်ပျော်သွားသည်။

နိုးလာတဲ့အချိန်တွင် ခေါင်းတွေကိုက်နေ၏။

ဖျားချင်ချင်ဖြစ်နေ၏။

မှုန်မှုန်ရောက်လာတာ သူ့ကိုအကူအညီပေးနိုင်မေမဲ့ စကားများလွန်းသည်။

စပ်စုနေ၏။

သူရိန်မကြိုက်ဆုံးက ဆရာလုပ်ခြင်းပင်၊

"သူရိန်၊ ရော့ ဆေး"

"ဘာဆေးတွေလဲ"

"အကိုက်အခဲပျောက်ဆေးလေ၊ ခေါင်းကြည်ဆေးလည်း ပါတယ်၊ ကော်ဖီနဲ့မုန့်တော့ နည်းနည်းစားလိုက်

နော်"

"ဆေးပဲသောက်မယ်၊ ကော်ဖီတွေမုန့်တွေ မစားချင်ဘူးဟာ"

"မစားလို့မရဘူးသူရိန်၊ အကိုက်အခဲပျောက်ဆေးတွေက အစားနဲ့သောက်မှ၊ စားလိုက်ပါဟယ် သူရိန်ရယ်နော်"

သူမ၊

ချော့မော့ပြီးတိုက်ရသည်။

ခေါင်းမာတဲ့သူရိန်က ဆေးပါမသောက်တော့ဘူး လုပ်နေ၍ မနည်းတိုက်ရ၏။

"သူရိန်ရယ် နင်အပြင်တွေ သိပ်မထွက်ပါနဲ့၊ အန်တီညိုက ဘယ်လောက်စိတ်ပူရသလဲ၊ အသက်ကြီးပြီဟဲ့၊ အိပ်ရေးတွေ သိပ်ပျက်ရင်လည်း မကောင်းပါဘူး"

သူရိန် အပြင်မထွက်စေရန် အန်တီညိုနှင့် ခြောက်ပြီးပြောရသည်။

"မမေက ငါ့အကြောင်းသိနေပြီ၊ ဒီလောက် စိတ်မပူတော့ပါဘူး၊ ငါမရှိလို့ မနေတတ်မထိုင်တတ်ဖြစ်နေတာက နင် မဟုတ်လားမှုံ"

သူရိန်က ပြုံးဖြီးဖြီးနှင့်ပေါ့ပျက်ပျက်နှင့် ပြောသည်။

နင် သိနေတာပဲသူရိန်၊

မလျှောင်ပါနဲ့ဟယ်။

နင် ငါ့ကိုဘာဖြစ်လို့များ အရေးတယူမလုပ်နေ





ရတာလဲ၊

သူရိန့်ကို မော့ကြည့်မိသည်။

ကိုနန္ဒက ပြောတော့ မှုံ့မျက်ဝန်းလေးတွေက စွဲမက်စရာကောင်းတယ်တဲ့၊

သူရိန့်အမူအရာ ပြောင်းလဲမသွားခဲ့။

မှုံ့ကိုမကြည့်ပဲ မျက်ခွံတွေကိုဖိကပ်ထားနေသည်။

"သူရိန်"

"ဟင်"

"နင် ဘာတွေစဉ်းစားနေတာလဲ"

"ငါ့ကောင်မလေးအကြောင်း"

"နင့်မှာ ကောင်မလေးတွေတစ်ပုံကြီးမဟုတ်လား"

"တစ်ယောက်ရှိတယ်"

"ကိုနန္ဒနဲ့တွေ့တုန်းက နင်တွဲတဲ့ကောင်မလေးလား"

"မဟုတ်ဘူး"

"များလိုက်တာ"

"ငါ ကောင်မလေးတစ်ယောက်နဲ့တွဲလာတယ်လို့ နင့်ကိုပြောလား"

"အင်း"

"ကိုနန္ဒက နင့်ကို ကြွေတယ်နော်"

"ဟင်း"

"နင်စားဖို့တဲ့ စားစရာတွေဆင်းဝယ်တာ၊ ကိုနန္ဒလိုလူတစ်ယောက်က ဒီလောက်အထိ အဆင့်နှိမ့်ပြီး နင့်ကို ဆက်ဆံတာ ငါအံ့ဩတယ်"

"ဘာ"

"နင့်ထက်ချောတဲ့ တောင့်ဖြောင့်တဲ့ ကောင်မချော
လေးတွေအများကြီးပဲဟာ၊ နင့်ကျမှ"

သူမကို နှစ်သက်တဲ့ ကိုနန္ဒကိုပင် ကဲ့ရဲ့ရှုံ့ချ
သေးသည်။

"ဒီလူ ဘာချောလို့ချောမှန်းမသိဘူး"

"သူရိန်နော်"

"ငါက အကောင်းပြောတာ"

"ဟွန်း"

မျက်စောင်းထိုးပစ်မိသည်။

သူရိန်၊

နင် တော်တော်ရက်စက်တာပဲ။

ငါ နင့်အပေါ် ဒီလောက်အထိ ကြင်နာပြနေတာ
နည်းနည်းလေးမှတောင် အသိအမှတ်မပြုချင်တော့ဘူးလား
ဟယ်၊

ကော်ဖီတိုက်သည်။

မုန့်ကျွေး၏။

ပြီးတော့၊

ဆေးတိုက်သည်။

"မှုံ"

"ပြော"

"နင့်ကို အကြံဉာဏ်တစ်ခုလောက် ပေးချင်တယ်"

"ဘာလဲ၊ ကိုနန္ဒကိုလက်ခံလိုက်ဖို့ပဲမဟုတ်လား"





"ငါက သူငယ်ချင်းတစ်ယောက် ကောင်းစားရေးအ
တွက် စေတနာနဲ့ပြောတာပါ။ ကိုနန္ဒက နင့်ကို ချစ်နေ
တာပဲ"

မှုံ၊

သူ့ကြောင့် ကိုနန္ဒအချစ်တွေကို လက်မခံသေး
တာဖြစ်ကြောင်း သူရိန်သိနေသည်။

နင့်မျက်ဝန်းအရိပ်တွေက ငါ့အပေါ် ဘယ်
လောက်အထိ သံယောဇဉ်ရှိနေကြောင်း သိသာထင်ရှားနေ
တာပဲ၊

မှုံ့ကို သူ ချစ်ကြိုက်ဖို့ဆိုတာ စိတ်ကူးထဲပင်
ထည့်၍မရခဲ့။

အလှအပကြိုက်တဲ့ ငါ၊

အချောအလှတွေ ဝိုင်းနေတဲ့ငါက နင့်ကို စိတ်
ဝင်စားမလား။

ငယ်သူငယ်ချင်း ကစားဖော်ကစားဖက်တွေ ဖြစ်
နေလို့ အလိုက်အထိုက်ဆက်ဆံတာ၊

ပြီးတော့၊

မေမေ့ကြောင့်၊

မှုံ စိတ်တွေ သူ့ဘက်ယိုင်နေတာများထက် ကိုနန္ဒ
ဘက်သို့ ယိုင်စေချင်သည်။

သူ့ကို မျှော်လင့်မနေဖို့ ပြတ်သားစွာပြောပစ်
ချင်နေမိသည်။

ပြောရမယ်၊

မှူး အရှုံးမထစေချင်ဘူး။

"မှူး နင့်ကို ငါလည်းတစ်ခုလောက်တိုင်ပင်ရဦးမယ်"

"ဘာလဲ"

သူရိန်တိုင်ပင်မယ်ဆိုတော့ သူမ တုန်လှုပ်စွာ ခပ်လန့်လန့်ဖြစ်သွားရသည်။

သူ့ကို မော့ကြည့်လိုက်တော့ မျက်နှာက တည်နေ၏။

"ငါ ကောင်မလေးတစ်ယောက်နဲ့ လက်ထပ်တော့မယ်"

"ဘာ နင်လက်ထပ်မှာ ဘယ်ကောင်မလေးလဲ ဟင်"

"နေခြည်တဲ့"

"ဟင်"

"ငါ့ဘဝ လက်တွဲဖော် အဖြစ် ရွေးပြီးပြီ၊ တို့နှစ်ယောက် ချစ်သူတွေဖြစ်ကြတာ မကြာသေးဘူးလေ"

"ဒါဆို တခြား နင်တွဲနေတဲ့ကောင်မလေးတွေကရော သူရိန်"

"အရေးမကြီးပါဘူး၊ ဒီလိုပဲ တစ်ယောက်နဲ့တစ်ယောက် နားလည်မှုရှိပြီးသားပါဟယ်"

"လွယ်လိုက်တာ"

"သူတို့ကလည်း ငါဖြတ်လို့ ဘာမှမဖြစ်ဘူး"

"ဟင်"

"ငါနဲ့နေခြည် ငွေလုံးငွေရင်းနဲ့ စီးပွားရေးတွေ အတူ လုပ်ကြမယ်၊ မေမေ့ကို ပြောပြီးပြီ၊ ငါ လုပ်ငန်းတွေ





စီးပွားရေးတွေလုပ်ချင်လာအောင် နေခြည်က စည်းရုံးသိမ်းသွင်းနိုင်တယ် မှူး"

နင့်ကို စည်းရုံးသိမ်းသွင်းနိုင်တဲ့မိန်းကလေးတစ်ယောက်နဲ့ ငါ တွေ့ချင်လိုက်တာ၊

ဘယ်သူလဲ၊

ဘယ်လောက်အထိ ချောမောလှပနေမလဲ၊

အဖက်ဖက်က ပြောစရာမရှိအောင် ပြည့်စုံနေမှာပဲနော် သူရိန်။

"နင် တကယ်ပြောတာလားဟင်"

"တကယ်ပေါ့၊ နင်နဲ့ တစ်နေ့ မိတ်ဆက်ပေးမယ်လေ"

နင်က ယုံရတာမဟုတ်ဘူး၊

ငါ့ကို အမြင်ကတ်ပြီး တမင်ရွဲ့ပြောချင် ပြောနေမှာပါ။

အဲ့ဒီလို ဖြစ်ပါစေဟယ်၊

"မှူး"

"ဟင်"

"နင် ကိုနန္ဒနဲ့လာခဲ့ ငါက နေခြည်နဲ့လာမယ်၊ တို့စုံတွဲတွေ အမှတ်တရ တစ်ခုခုသွားစားကြတာပေါ့"

"ငါနဲ့ ကိုနန္ဒက ချစ်သူတွေမှမဟုတ်တာပဲ၊ သူနဲ့တွဲပြီး မလာချင်ပါဘူး၊ ငါတစ်ယောက်တည်းပဲ လာတွေ့မယ်"

နင်ပဲ တွဲပါသူရိန်၊

ငါ ဘယ်တော့မှ ချစ်သူတစ်ယောက်နဲ့မတွဲပါဘူး။

ဘာကြောင့်လဲ သိလား၊

နှင့်ကို ငါ အသက်ရှင်နေသရွေ့ မျှော်လင့်ချက်တွေ ထားချင်နေသေးလို့ပါ။

ငယ်သံယောဇဉ်တွေကိုမှ မထောက်ထားဘဲ နှင် ငါ့ကို ဥပေက္ခာပြုရက်တယ်။

"နှင် ခေါင်းကိုက်ပျောက်သွားပြီလားသူရိန်"

"ကိုက်နေသေးတယ်"

"ငါ နှိပ်ပေးရမလား"

"ရပါတယ်",

"ရပါတယ်လုပ်မနေစမ်းပါနဲ့ဟယ်၊ နှင် ခေါင်းကိုက်နေတာ ငါမကြည့်ရက်ပါဘူး၊ ခေါင်းကိုက်တာ အခံရခက်တယ်ဟဲ့"

သူမ ဇွတ်အတင်းပင် သူရိန့်ဇက်ကြောတွေကို ဆေးလိမ်းပေးရင်း နှိပ်နယ်ပေးနေမိသည်။

ယောက်ျားလေးတစ်ယောက်အခန်းဆိုပေမဲ့ သူရိန်နှင့်မှုံ့အတွက် မဆန်း၊

အမြဲတမ်း

တရင်းတနှီးနေနေကျပါ၊

သူရိန့်ကို ပြုစုနေရတာပင် သူမ ပျော်ရွှင်ကျေနပ်နေမိသည်။

"နောက်ဆို နှင်နဲ့ငါ အခုလိုတရင်းတနှီး သိပ်နေလို့ မကောင်းတော့ဘူးနော်"

"ဘာဖြစ်လို့လဲ"





"ငါ့မိန်းမက ဘယ်ကြိုက်မလဲဟာ မှုံ့ရ"

နှင်က ဒီလောက်အထိတောင် ရည်ရွယ်ထားပြီးပြီလား၊

ငါ့မိန်းမတဲ့။

နေခြည်၊

ရှင့်ကို မှုံ့ တွေ့ချင်လိုက်တာ။

ဘယ်လိုမိန်းကလေးမျိုးလဲ၊

သာမန်မိန်းမချောလေးလောက်တော့ ဘယ်နည်းနဲ့မှ သူရိန်လက်ထပ်ဖို့အဆင့်အထိ ရည်ရွယ်မှာမဟုတ်။

"သူရိန်"

"ပြော"

"နေခြည်ဆိုတဲ့ကောင်မလေးကို နှင် တကယ်ပဲ ချစ်သူအဖြစ် သတ်မှတ်လိုက်ပြီလား၊ လက်ထပ်ဖို့အထိတောင် ရည်ရွယ်ထားလိုက်ပြီလားဟင်"

"ရည်ရွယ်ထားလို့ ပြောတာပေါ့ဟာ၊ နှင်က ငါ့ရဲ့ငယ်သူငယ်ချင်းဆိုတော့ ပထမဆုံးအသိပေးလိုက်တာပဲဟာ၊ မေမေ့ကိုတောင် မပြောရသေးဘူး"

သေချာနေသည်။

နေခြည်ဆိုတဲ့မိန်းကလေးကို သူရိန် လက်ထပ်တော့မှာပဲဖြစ်၏။

မှုံ့ ဘာလုပ်ရမလဲ၊

မျှော်လင့်ချက်ရောင်ခြည်တွေ တစ်စတစ်စ မှေးမှိန်ပျောက်ကွယ်သွားရတော့မှာလား။

"နင်လည်း စိတ်ကူးမလွဲနဲ့နော် မှုံ၊ ကိုနန္ဒလိုယောကျ်ား တစ်ယောက်ကို မစွန့်လွှတ်သင့်ဘူး"

ရတုန်းယူထားဆိုတဲ့သဘောမျိုးနဲ့ နင်ပြောတာ မဟုတ်လား၊

ငါ့ကို နင် အရမ်းအထင်သေးတာပဲ။

"သူရိန်"

"ဘာလဲ"

"နင် သိထားဖို့က ငါမချစ်တဲ့ကိုနန္ဒကို ဘယ်တော့မှ ငါ့ဘဝတစ်သက်လုံး မရွေးချယ်ဘူး"

"နင် ရူးနေပြီပဲ မှုံ"

"ဟုတ်တယ်၊ ရူးနေပြီ သိလားသူရိန်၊ ငါတကယ်ပဲ ရူးသွပ်ချင်တယ်၊ အရာအားလုံးကို မေ့ပစ်ချင်တယ်၊ အရူးမ,ဆိုတော့ ဖြစ်ချင်တာတွေ ရယူပိုင်ဆိုင်မှုတွေ၊ နှလုံးသားခံစားချက်တွေ အချစ်တွေ မရှိတော့ဘူးပေါ့ နော်"

ထင်ရာမြင်ရာ ပြောဆိုလုပ်ကိုင်နိုင်တဲ့ အရူးမ တစ်ယောက်ပဲဖြစ်ချင်တယ်၊

ငါ နင့်ကိုချစ်တယ်လို့ ပြောဖို့ဝန်လေးနေမိသလို ပဲ။

နင် လက်ခံမှာမဟုတ်ဘူးလေ၊

မှုံ့ကို အသိမိတ်ဆွေတစ်ယောက်အဖြစ်ကနေ ရပ်စဲမှာလည်းစိုးတယ်။

မှုံ့ရဲ့ တစ်ခုတည်းသောမျှော်လင့်ချက်တွေက





သူရိန့်မေမေ အန်ကီညိုပဲ၊

အန်တီညို ဗွတ်စီစဉ်ရင်၊

ငါ့ရင်ထဲမှာ နွေးထွေးသွားတယ်သူရိန်၊

တကယ်ပါ၊

နင်နဲ့ပတ်သက်တဲ့မျှော်လင့်ချက်လေး တစ်ခု တလေလောက်ကို ငါ အမိအရ ဖက်တွယ်ထားနေဆဲပဲ။

ကိုနန္ဒအပေါ် ငါ ချစ်လို့မရဘူး၊

ခေါင်းမာတဲ့ငါ့အကျင့်လေ။

"တော်ပြီမှုံ၊ နင်ပြန်တော့၊ ဒါမှမဟုတ်လည်း မေမေ့ကို သွားကြည့်လိုက်၊ ငါ နေခြည့်ဆီ ဖုန်းဆက်လိုက်ဦး မယ်"

သူမ၊

ကြေကွဲစွာ ခံစားလိုက်ရသည်။

ငါ့အပေါ် နည်းနည်းလေးတောင်မှ အရေးတယူ မရှိတာပါလား၊

နေနိုင်တယ်၊

ဘာခံစားမှုမှရှိမနေတဲ့သူရိန်က သူ့ဟန်းဖုန်းနှင့် ဂဏန်းတွေကို နှိပ်နေသည်။

သူမကို မကြည့်တော့၊

"နေခြည်လား၊ မောင်,ပါ.."

သူမ ဆက်ပြီးကြားနိုင်စွမ်းမရှိတော့သဖြင့် သူ့ အနားကနေ ထ,ပြေးလာမိသည်။

"မှုံမှုံ"

လှေကားရင်းတွင် အန်တီညိုနှင့်သွားပြီးဆုံရ တော့သည်။

"ပြန်တော့မလို့လား"

"အင်း"

သူမ နှုတ်ခမ်းသားလေးတွေ တဆတ်ဆတ်တုန် ယင်လာ၍ အန်တီညိုကိုပင် နှုတ်ဆက်စကားတွေမပြောနိုင် တော့။

"မှုံမှုံ ဘာဖြစ်လာလဲ၊ သားက ဘာပြောလိုက်လဲတင်၊ အန်တီညိုကိုပြောစမ်း"

"ဟင့်အင်း ဟင့်အင်း ဘာမှမပြောပါဘူး၊ ဘာမှမလုပ် ပါဘူး"

စကားတွေကို ဝါးလုံးဝါးထွေးနှင့်ပြောပြီး တိုက် ထဲမှ ပြေးထွက်လာခဲ့မိသည်။

မေမေတို့တစ်မျိုးထင်မှာစိုး၍ အရှိန်ကို သတ်ပစ် လိုက်ရ၏။

သူရိန်၊

နှင့်ကို ငါ လက်ထပ်ခွင့်ရအောင် ဆက်ကြိုးစား မှာပဲ၊

တစ်နေ့ကျရင်၊

ငါ့ရဲ့ချစ်ခြင်းမေတ္တာတွေနဲ့ အကြွင်းနာတွေကို နင် အသိအမှတ်ပြုရမှာပါ။

မှုံ လက်မလျှော့ချင်၊

နေခြည်နဲ့သူရိန်က လက်ထပ်ရသေးတာမှ မ





ဟုတ်တာပဲ။

တော်သေးသည်၊

သူမ အိမ်ထဲဝင်သွားတော့ မေမေမရှိပေ။

တစ်ယောက်တည်း စိတ်လွတ်ကိုယ်လွတ် ငိုပစ် လိုက်မိသည်။

# အခန်း(တစ်ဆယ့်တစ်)

"မှုံ"
"ဟင့်"
"မှုံ အလှအပတွေတောင် ဘာလို့မပြင်တာလဲ"
"အလှအပပြင်လည်း ကျွန်မက လှမှမလှတာပဲ ကိုနန္ဒ"
"မှုံက မလှပေမဲ့ ချစ်စရာကောင်းတယ်"

အဲဒါ၊

မဖြစ်နိုင်ဘူး။

သူရိန်က ကျွန်မကို လုံးဝမလှဘူးတဲ့၊

ချစ်စရာကောင်းတယ်လို့ တစ်ခါမှလည်းမပြောဖူးပါဘူး။

"ကိုယ်က မှုံ့ကို စိတ်ချမ်းသာစေချင်တယ်၊ မှုံ့ လိုအင်ဆန္ဒတွေကို ဖြည့်စွမ်းပေးချင်တယ်"

ကျွန်မ လိုအင်ဆန္ဒတွေကို ရှင် ဖြည့်စွမ်းပေးနိုင်မှာမဟုတ်ပါဘူး ကိုနန္ဒ၊

သူရိန့်အချစ်တွေကို ရှင်ယူပေးနိုင်စွမ်းရှိလို့လား။

နေခြည် ၄

သူရိန်လက်ထပ်ဖို့ ရွေးချယ်ထားတဲ့မိန်းကလေး





ဖြစ်နေသည်။

နေခြည်ဆိုတာ အဖက်ဖက်ကနေ ပြည့်စုံလွန်းနေတဲ့မိန်းကလေးဖြစ်မှာပါ။

မတွေးချင်ပါဘူး၊

ငိုချင်တယ်။

ရင်ထဲမှာ ဝမ်းနည်းကြေကွဲမှုတွေနှင့် ပြည့်နှက်နေတယ်။

"မှုံ ဘာဖြစ်နေလဲ"
"ဟင့်အင်း"
"မင်း ကြေကွဲမှုတစ်ခုခုတော့ ခံစားနေတာပဲမဟုတ်လား"
"မခံစားပါဘူး"
"မင်း ညာတာ"

ကျွန်မ၊

အသည်းကွဲနေတယ်။

ရှင် ကူညီနိုင်မှာမဟုတ်ပါဘူးကိုနန္ဒ၊

"ကိုယ် ဘာကူညီနိုင်မလဲ"
"မလိုပါဘူး"

မှုံ၊

နေခြည်ဆိုတဲ့မိန်းမကို တွေ့ချင်တယ်။

ရင်ဆိုင်ရမှာလည်း သတ္တိမရှိဘူး၊

ကြောက်နေတယ်။

နင်၊

တစ်နေ့နေ့

နေခြည့်ကိုခေါ် လာပြီး ငါနဲ့မိတ်ဆက်ပေးမှာ မဟုတ်လားသူရိန်၊

ကိုနန္ဒကတော့ သူမအား အလိုလိုက်အကြိုက်ဆောင်လွန်းသည်။

အရိပ်လေးတစ်ရိပ်လို ကြည့်နေတတ်၏။

ဒါပေမဲ့၊

ကိုနန္ဒကို ချစ်လို့မရဘူး။

သူရိန်ပဲ ရှိနေတယ်၊

"မှုံ"

"ဟင်"

"ကိုယ်နဲ့မှုံ ကားလျှောက်မောင်းရင်း မှုံ ဈေးဝယ်ချင်ဝယ်လေ"

ကိုနန္ဒနှင့် လျှောက်လည်နေလျှင် ကောင်းမလားဟု တွေးမိသည်။

စိတ်ညစ်နေ၏။

အရာရာပြည့်စုံနေသောသူမဘဝတွင် မပြည့်စုံမှုတစ်ခုက ကြီးမားသောဆန္ဒဖြစ်နေရတော့သည်။

အန်တီညိုကရော သူရိန့်ကို ထိန်းချုပ်နိုင်စွမ်းမရှိပါဘူး၊

သူမအားလက်ထပ်ဖို့ပြောလျှင် သူရိန်က လက်ခံမှာမဟုတ်၊ ငြင်းဆန်မှာပဲ။

ချစ်မှမချစ်တာ၊





သူရိန်မချစ်လောက်အောင် သူမ ဘာကြောင့် ချောမောလှပမနေရတာလဲ။

"မှုံ အပြင်ထွက်ရအောင်၊ မင်း သူရိန့်ကြောင့် စိတ်ထိခိုက်ကြေကွဲနေရတာမဟုတ်လား"

သူမ၊

ငြိမ်သက်နေမိသည်။

ဆိတ်ဆိတ်နေခြင်းက ဝန်ခံခြင်းပါပဲ၊

ဟုတ်တယ် ကိုနန္ဒ၊

သူရိန့်ကြောင့်ပဲ။

"မှုံ"

"ဟင်"

"ကိုယ့်အချစ်တွေကို မင်း ဘာဖြစ်လို့ငြင်းဆန်ချင်ရတာလဲ ဟင်"

သူ့ကို သူမ ဆတ်ခနဲမော့ကြည့်လိုက်မိတဲ့ မျက်ဝန်းတွေထဲမှာ မျက်ရည်တွေနှင့်ပြည့်ဝိုင်းနေတော့သည်။

"မင်း ချစ်နေတာ သူရိန်ပဲမဟုတ်လား မှုံ"

"အင်း"

သူမ ရင်ဖွင့်လိုက်သည်။

"ကိုယ် ဘာလုပ်ပေးနိုင်မလဲ"

"ကျွန်မ ရှင့်ကို မချစ်တာ ရှင်စိတ်မဆိုးဘူးလား ဟင်"

သူက၊

ခေါင်းခါပြသည်။

"မှုံ့ဆန္ဒတွေကို အမြဲတမ်းဖြည့်ဆည်းပေးချင်တဲ့ ကိုယ့်အတွက် မင်း ဘယ်လိုပဲပြုမူပါစေ၊ ကိုယ်ကျေနပ်ပါတယ်"

နန္ဒရင်ထဲကလာသော စစ်မှန်တဲ့ချစ်ခြင်းမေတ္တာတွေသာဖြစ်သည်။

မှုံမှုံလေးကို သူ ချစ်မြတ်နိုးမိ၏။

သံယောဇဉ်ကြီးမားစွာ တွယ်ငြိနေသည်။

ရယူပိုင်ဆိုင်မှုတစ်ခုပဲမဟုတ်၊

ခွင့်လွှတ်သည်းခံတာတွေ၊ အနစ်နာခံတာတွေ ပေးဆပ်မှုတွေ၊ အလိုလိုက်မှုတွေ၊ ကိုယ် မင်းအတွက် ဖြစ်စေရမှာပါ။

မင်းက ကိုယ့်ချစ်သူနဲ့တူလွန်းတာလည်း တစ်ကြောင်းပဲ၊

"မှုံ"

"ဟင်"

"မင်းကို ဖြူစင်ရိုးသားတဲ့အချစ်တွေနဲ့ ကိုယ် ချစ်မြတ်နိုးတာပါ၊ ကိုယ့်ကို မင်းချစ်ဖို့ ကိုယ် ဘယ်တော့မှ အတင်းအကျပ်မတောင်းဆိုပါဘူး မှုံရယ်"

ကိုယ်၊

ကြေကွဲစွာပြောမိသည်။

မှုံ့ကို စူးစိုက်စွာကြည့်မိ၏။

မင်း မျက်ဝန်းလေးတွေကို ကိုယ် အမြတ်နိုးဆုံးပဲ နှင်းမှုံမှုံ၊





"ရှေးရေစက်ပဲထင်တယ် မှုံ၊ ကိုယ်နဲ့တိုက်မိပြီး အထိတ်တလန့်မျက်ဝန်းလေးတွေနဲ့ ကိုယ့်ကို မော့ကြည့်လိုက်တဲ့ မျက်ဝန်းလေးတွေကို စ,တွေ့လိုက်ကတည်းက ကိုယ် မြတ်နိုးသွားတာ"

လောကကြီးက ဆန်းကြယ်တယ်လို့ပဲ ပြောရမလား သူရိန်၊

ကိုနန္ဒက ငါ့ကိုချစ်နေတယ်။

ယုယကြင်နာမှုတွေ ပေးစွမ်းတယ်။

ငါ့အလိုဆန္ဒတွေ ဖြည့်ဆည်းပေးဖို့ အမြဲတမ်း အဆင်သင့် ရှိနေတယ်။

နင်ကတော့ ငါ့ကို မချစ်ဘူး။

ယုယကြင်နာဖို့ ဝေလာဝေး..ငါ့အနားတောင် နင်မကပ်ချင်ဘူး မဟုတ်လား။

ကြည့်စမ်း

ငါ့ကို ချစ်နေတဲ့ ကိုနန္ဒကိုတော့ ငါ လုံးဝ မချစ်ဘူး။

စိတ်လည်း မဝင်စားဘူး။

သူ ရှိနေတာတောင် စိတ်ညစ်နေမိသေးတယ် သူရိန်။

ငါ့ကို မချစ်တဲ့ နင့်ကိုကျတော့ ငါက ချစ်နေမိတယ်။

နင့်ကို မစွန့်လွှတ်နိုင်ဘူး။

တခြားမိန်းကလေးတစ်ယောက်နဲ့ လက်ထပ်

တော့မယ်ဆိုတာတောင် ငါ မစွန့်လွှတ်နိုင်ဘူး။

ချစ်နေတယ်။

ပိုင်ဆိုင်ချင်တယ်။

နင့် အချစ်တွေကို မျှော်လင့်နေမိသေးတယ် ဟယ်။

"မှူး အပြင်သွားစို့"

"သွားမယ်"

ကိုနန္ဒနဲ့ လျှောက်လည်ရင်း အချိန်တွေကို ဖြုန်းပစ်ချင်လာတယ်။

ငါတစ်ယောက်တည်း မခံစားနိုင်လို့ပါ သူရိန်။

နင် ဘာလုပ်နေလဲ။

ဘယ်သွားနေလဲ။

ကောင်မလေးတစ်ယောက်ယောက်နဲ့ နင် အပျော်လွန်နေပြီလားလို့ ငါ အမျိုးမျိုးတွေးရင်း ပူလောင်နေမိတတ်တယ်လေ။

နင် အရက်တွေ အရမ်းသောက်လာတတ်တယ်ဆိုတာလည်း ငါ သတိထားမိလာတယ်။

စိတ်ပူရပြန်ရော။

ပြီးတော့

နင်က ကားမောင်းကြမ်းတယ်။

တစ်ခုခု ဖြစ်ရင်...

နင့်အကြောင်းတွေကို ငါ တကယ်ပဲ မတွေးချင်တော့ဘူး သူရိန်ရယ်။





စိတ်ပူပင်ရလွန်းလို့ပါနော်... ။

"မှူး"

"ဟင်"

"ဘယ် သွားမလဲ"

"ကိုနန္ဒ သွားချင်ရာ သွားလေ.."

"ကိုယ်က မင်းကိုသူရိန်နဲ့လွတ်ကင်းအောင် စကြာဝဠာကြီး အပြင်ဘက်ခေါ် သွားချင်တာ"

"ဘာ"

ကြည့်

သူစနောက်တာပင် အထိတ်တလန့်ဖြစ်သွားတော့သည်။

"သူရိန်နဲ့ ဝေးရာကိုခေါ် သွားလို့ကတော့ ကျွန်မသေမှာပဲ"

"မှူးရယ်"

သူ

သက်ပြင်းမောကြီးကိုမှုတ်ပစ်သည်။

ကျွန်မရက်စက်တာလား

မဟုတ်ပါဘူး

ရှင့်ကိုမျှော်လင့်ချက်တွေ ပေးမထားချင်တာပါ ကိုနန္ဒ

မှူးရင်ထဲမှာ သူရိန်ပဲရှိတယ်

သူ့ကိုပဲချစ်တယ်

ကျွန်မရအောင်ယူမှာ..

တခြား မိန်းကလေးတစ်ယောက်နဲ့လက်ထပ်သွားမှာ ကျွန်မသေမလောက်စိုးရိမ်ကြောင်းကြနေတယ်..

လက်မခံနိုင်ပါဘူးနော်

ကိုနန္ဒက သူမအားစိတ်ပြေလက်ပျောက် ရှေးပင်းစင်တာကြီးတွေခေါ်သွားသည်။

စိတ်တိုင်းကျ ပစ္စည်းတွေဝယ်စေ၏

"မှုံဝယ်နော်..ကိုယ်ပိုက်ဆံရှင်းပေးပါရစေနော်"

"ကျွန်မကတော့ ကျွန်မပိုက်ဆံနဲ့ပဲဝယ်ချင်တယ်"

ရှင့်ဆီက ကျွန်မဘာတစ်ခုမှမလိုချင်ပါဘူး

ဘာမျှော်လင့်ချက်မှလည်း ကျွန်မဘက်ကပေးမထားနိုင်ဘူးလေ

ကျွန်မ

သူရိန်ကိုပဲ လက်ထပ်မှာ

"မှုံ ကိုယ့်ကိုဒီလောက်အထိ တစိမ်းမဆန်စမ်းပါနဲ့ကွာ..ကိုယ်မှုံအတွက်လက်ဆောင်ပစ္စည်းလေးတွေဝယ်ပေးခွင့်တော့ရှိသင့်ပါတယ်"

"ကျွန်မအားနာလို့ပါ"

" ဘာအားနာစရာမှမရှိတာပဲ မှုံမှုံ"

"ရှင့်ဘက်က ဘယ်လောက်အထိလိုက်လျောပါစေ ကျွန်မဘက်က တုံ့ပြန်မှုဘာတစ်ခုမှ မပေးနိုင်လို့ပါ"

"မလိုဘူး"

"ဟင်"

"ကိုယ် မင်းဆီက ဘာအခွင့်အရေးမှ မလိုချင်ဘူး





မှုံ တစ်ခုတော့ရှိတယ်နော်..ကိုယ့်အသက်နဲ့ ခန္ဓာ တည်မြဲနေသရွေ့ မင်းနဲ့လက်ထပ်ခွင့်ဆိုတဲ့ မျှော်လင့်ချက်ကိုတော့ထားနေမှာပဲ..အဲဒါ ကိုယ့်လုပ်ပိုင်ခွင့်"

"ကျွန်မရှင့်ကို လုံးဝချစ်လာနိုင်မှာမဟုတ်ဘူးနော် ကိုနန္ဒ"

သူမက ကိုနန္ဒသိအောင် ထိုစကားပင် ထပ်ကာထပ်ကာပြောမိသည်။

ရှင် မျှော်လင့်မနေပါနဲ့တော့

ကျွန်မ သူရိန့်ကိုပဲချစ်မှာ

သူရိန်ကလွဲပြီး တခြားယောကျ်ားတစ်ယောက်ကိုလက်မထပ်တော့ပါဘူး

ကျွန်မဆုံးဖြတ်ချက်ပဲ

"နှင်းမှုံမှုံရယ် မင်းပျော်ရွှင်နေတာကိုယ်မြင်တွေ့ချင်တယ် မင်းလိုအင်ဆန္ဒတွေပြည့်ဝဖို့ ကိုယ်အမြဲဆုတောင်းနေမိတာပါ"

"မှုံရဲ့ အပြင်းပြဆုံးဆန္ဒက သူရိန့်နဲ့လက်ထပ်ဖို့ပဲ"

"ပြည့်ပါစေ"

"ရှင် တကယ်ပဲဒီဆန္ဒတွေပြည့်စေချင်တယ်လား"

"အင်း"

"တကယ်နော်"

"အင်း"

"သူရိန်တို့တွေ့ရင် ကျွန်မသိပ်ချစ်နေတဲ့အကြောင်း ဘယ်လောက်အထိသံယောဇဉ်ကြီးနေတဲ့အကြောင်း

တွေ ရှင် ပြောပြပေးပါလား"

မှူး

ရက်စက်တာမဟုတ်ပါဘူး

ကျွန်မနဲ့ သူရိန်ကြားမှာအောင်သွယ်တော်ကောင်းတစ်ယောက်လောက်လိုအပ်တယ်လေ..

တခြားသူတွေက လှောင်ပြောင်ရယ်မောကြမှာသေချာတယ်

ရှင့်ကိုတော့ ကျွန်မယုံတယ်

တည်ကြည်လေးနက်တဲ့ ရှင့်မျက်ဝန်းတွေကိုလေးစားပါတယ်

"ကိုယ်ပြောပြပေးမယ်မှူး"

သူ့အသံတွေက အဖျားခတ်တုန်ရီလိုက်ဆို့သွားရသည်။

ရှင့်ရဲ့ ချစ်ခြင်းမေတ္တာတွေကို ကျွန်မတန်ဖိုးထားပေမဲ့

အချစ်တွေကိုမပေးစွမ်းနိုင်တာတော့ အမှန်ပဲ

"မှူး ကိုယ့်ကို အခွင့်အရေးတစ်ခုပေးပါ"

"ပြော"

"ဒီနေ့ မှူးဝယ်သမျှပစ္စည်းတွေရဲ့ တန်ဖိုးငွေကိုယ်ပေးပါရစေ"

"ကောင်းပါပြီ ကိုနန္ဒ"

"ကျွန်မကိုဝယ်ပေးနေရင် ရှင်ပဲပိုက်ဆံကုန်မှာစိုးလို့ပါ"





ကျွန်မ

ထပ်ပြောလိုက်မိသည်။

ဪ ဘာမျှော်လင့်ချက်မှမပေးချင်ဘူး

ဘလေဇုန်ရောက်တော့ ရှင်နဲ့ ကျွန်မစားသောက်ခန်းထဲဝင်ပြီး ကော်ဖီသောက်ကြတယ်

အထဲဝင်ဝင်ချင်းပဲ အတွဲတစ်တွဲဆီကိုကျွန်မအကြည့်တွေရောက်သွားတယ်လေ

ဒီလိုပဲ

ချောချောလှလှ ငယ်ငယ်ရွယ်ရွယ်အတွဲတွေ့ရင် သူရိန်လားလို့ ကျွန်မကြည့်နေကျ..

"ဟင်"

ကျွန်မခြေလှမ်းတွေတုန့်ခနဲရပ်သွားသည်။

"မှူး ဘာဖြစ်တာလဲ"

"ဟိုမှာ"

"သူရိန်တို့ပါလား"

သူရိန်နှင့်ကောင်မလေးဖြူဖြူချောချောလေးထိုင်နေသည်။

နေခြည်လား

"သူရိန်နဲ့တွဲနေတဲ့ကောင်မလေးက သိပ်ပြီးအကောင်းထဲကမဖြစ်နိုင်ဘူး နာမည်ပျက်နေတဲ့ကောင်မလေးပဲ"

"ကိုနန္ဒက သိလို့လား"

"ကြုံဖူးတာပါ ကိုယ့်သူငယ်ချင်းလုပ်ငန်းရှင်တစ်ယောက်နဲ့တွဲဖူးတယ်"

"နေခြည်လား"

"သိတာတဲ့"

"ဟင်"

များလိုက်တာသူရိန်ရယ်..

"သူရိန်အတွက် အန္တရာယ်သိပ်များတယ်နော် မင်း တားဆီးသင့်တယ်"

ကျွန်မမှမတားဆီးနိုင်တာဘဲ

ပတ်ဝန်းကျင်ကို လုံးဝဂရုစိုက်တတ်တဲ့ကောင် မှမဟုတ်တာဘဲ

သူမတို့ကို သူရိန်တွေ့သွားသည်။ တစ်ယောက် တည်း ထလာ၏

"မှူ နင်ကအတွဲနဲ့လာတာကိုး"

"သူရိန်နော်"

"စောစောကပဲ နေခြည်နဲ့ငါလမ်းခွဲလိုက်ကြတာ နင်နဲ့ မတွေ့လိုက်တာနာတယ်ဟာ"

"သူရိန်"

"ပြော"

"နေခြည်ကနင်နဲ့ လက်ထပ်မဲ့ မိန်းကလေးဆို"

"အင်းလေ"

"စောစောကပဲလမ်းခွဲပြီး အခုနောက်တစ်ယောက်နဲ့ ဆိုတော့ မလွန်ဘူးလား"

"မိန်းမတရားဝင်မရခင်တွဲတာပဲဟာ.. နေခြည်လည်း သိတယ် တို့နှစ်ယောက်ရဲ့နားလည်မှုလေ"





"နင် ဒုက္ခရောက်လိမ့်မယ်"

"လုံးဝပဲ"

ကိုနန္ဒနှင့်သူမအားစနောက်ကာ သူရိန်ပြန်ထွက် သွားသည်။

ခဏကြာတော့

သိတာဆိုသည့် မိန်းကလေးနှင့်လက်ချင်းတွဲ ကာ ပြန်ထွက်လာသည်။

"အစ်ကိုတို့အတွက် ရှင်းပြပြီနော် သွားမယ်"

သူရိန်ထွက်သွားရာသို့ သူမမှိန်းမောစွာ ငေးစိုက် ကြည့်မိနေသည်။

"မှူ"

"ဟင်"

"အအေးသောက်လေ"

"သူရိန်အတွက် ကျွန်မအရမ်းစိတ်ပူတယ် တကယ့်ကို ပေါ့ပေါ့နေပေါ့ပေါ့စားပဲနော် ကိုနန္ဒ"

ဒီလိုကောင်လေးမျိုးကိုမင်းဘာဖြစ်လို့ဘဝ လက်တွဲဖေါ်အဖြစ်ရွေးချယ်ချင်ရတာလဲ နှင်းမှူမှူရယ်

မိုက်မဲတာပဲ

သူရိန်ကငယ်ရွယ်တယ် ခေတ်မီသားနားတယ် မိန်းမတစ်ယောက်အားကိုးလောက်တဲ့ အစွမ်းအစတော့ရှိမယ် မထင်ပါဘူး

ကိုယ်ဘာမှမပြောဖြစ်

သူရိန့်အပေါ်မနာလိုဝန်တိုတာဟု မှူဘက်မှ

သတ်မှတ်မှာကိုမလိုလားမိပေ။

ကိုယ်ကတော့ ပေးဆပ်မှုတစ်ခုပါပဲ

မှုံ စိတ်ချမ်းသာပါစေ

ပျော်ရွှင်ကျေနပ်နိုင်ပါစေ

ရေခဲတွေတောင်ပျော်ဝင်နေပြီဖြစ်တဲ့အဓေ

ခွက်ပင်ပွေလောင်ချင်နေသည်။

"ပြန်မယ်"

ကိုယ့်အအေးခွက်ကို မသောက်ဖြစ်တော့ပဲ

လာခဲ့မိသည်။

❑ ❑ ❑ ❑ ❑







# အခန်း(တစ်ဆယ့်နှစ်)

"သမီးလေးလည်း သားအတွက်စိတ်သောကတွေ မအေးနိုင်တော့ဘူး..သားကတော့နေနိုင်တယ်ကွယ်"

"အန်တီညို"

"ပြောလေမှုံ"

"သူ့ရှိန်ဘာပြောလဲ"

"ဟင့်အင်း"

"နေခြည်ဆိုတဲ့ ကောင်မလေးတစ်ယောက်အကြောင်း မပြောဘူးလား"

"မပြောဘူး ဘာဖြစ်လို့လဲကွယ်"

"သူ့ လက်ထပ်မှာတဲ့"

"ဟင် ဘယ်ကကောင်မလေးလဲ"

ဒေါ်ညိုညိုထိတ်ထိတ်ပျာပျာဖြင့်မေးလိုက်မိသည်။

သားကဘာမှမပြောသေး။

မှုံမှုံနှင့်လက်ထပ်ဖို့ကိစ္စလည်းမိမိပြောရခက်နေသည်။

သားနှင့်ကောင်းကောင်းပင် စကားပြောဆိုခွင့်မရဘဲဖြစ်နေ၏။

"နေခြည်ဆိုတာဘယ်သူလဲ"

"မသိပါဘူး သူရိန်ပြောတာပဲ သူလက်ထပ်ဖို့ရွေးချယ်ထားတာတဲ့"

"အန်တီညိုတော့ သေချင်တာပဲ သူ့အဖေကိုပြန်ခေါ်မှ ဖြစ်မယ်ထင်တယ်..အန်တီကိုတော့ ဘာမှမပြောသေးပါဘူး"

"အန်တီ"

"ဟင်"

"သူရိန်ကနေခြည်နဲ့ လက်ထပ်ဖို့ဖွင့်ပြောလာရင်ရောဟင်"

ဒေါ်ညိုညိုဖြေရခက်သော မေးခွန်းတစ်ခုသာဖြစ်သည်။

သားဆန္ဒပဲ

"သားဆန္ဒကိုအန်တီညိုလွန်ဆန်လို့ရမှာ မဟုတ်ဘူးထင်တယ်မှုံ..သားကလည်းခပ်ညံ့ညံ့မိန်းကလေးတစ်ယောက်ကိုတော့ရွေးချယ်မှာမဟုတ်ဘူးထင်တယ်"

အန်တီညို့စကားတွေကြောင့် သူမစိတ်ပျက်အားလျော့လာရသည်။

သူရိန်ဆန္ဒတွေကို တားဆီး၍မရနိုင်

ငယ်စဉ်ကတည်းက သူလုပ်ချင်တာလုပ်ပိုင်ခွင့်ရှိနေတဲ့ သူရိန်ပဲဟာ

"အန်တီညို မှုံနဲ့သဘောမတူဘူးလားဟင်"

"မှုံ"





"ကျွန်မနဲ့ သူရိန်လက်ထပ်ဖို့ လူကြီးတွေအတင်းစီစဉ်ပါနော်"

"သမီးလေးရယ်"

သားကိုဖွင့်ပြောဖို့ခက်နေ၍ ဒီလောက်အထိကြာနေခြင်းပင်။

"အန်တီညိုကတော့ မှုံမှုံလေးနဲ့ပဲဖြစ်စေချင်တာပေါ့ကွယ်"

"သူရိန်အကြောင်းမသိရင် တခြားမိန်းကလေးတစ်ယောက်နဲ့အဆင်ပြေပါ့မလားဟင်"

"သားအဖေကိုပြန်ခေါ်ပြီး စီစဉ်မယ် မှုံ တခြားမိန်းကလေးတစ်ယောက်နဲ့တော့ အန်တီလုံးဝသဘောမတူနိုင်ပါဘူး"

ဒေါ်ညိုညိုလည်း သားအတွက် စိတ်ပူပင်မှုတွေခံစားနေရသည်။

သားလေး စိတ်ဆင်းရဲမှာဆိုး၍ မဆူရက် မတားဆီးရက်ပေ။

"သူရိန်ကနေခြည့်အပြင် တခြားကောင်မလေးတွေနဲ့လည်း တွဲနေတယ်..ပြဿနာတွေတက်နိုင်တယ်"

အန်တီညို သူရိန်တွဲတဲ့ကောင်မလေးတွေထဲမှာအပျက်မလေးတွေပါနေသည်။

"သူရိန်ကအရမ်းပေါ့ပျက်ပျက်နိုင်တာပဲ အန်တီညို"

"သားကိုအလိုလိုက်ထားတာ မှားပြီထင်တယ်ကွယ်"

ဒေါ်ညိုညိုထိတ်ထိတ်ပျာပျာနှင့် ဖြစ်နေသည်။

သားအတွက် စိတ်ပူမိ၏။

မတတ်နိုင်။

ပျော်ရွှင်လွတ်လပ်စွာနေတတ်တဲ့ အကျင့်စရိုက်တွေ သားဆီမှာ အမြစ်တွယ်နေသည်။

မဖြစ်ဘူး..မှုံလေးနဲ့ပဲဖြစ်အောင်လုပ်ရမယ်

"အခုတလော အန်တီညိုလည်းနေမကောင်းဘူး နှလုံးရောဂါပြန်ထချင်နေတယ်"

"မှုံ ဘာလုပ်ပေးရမလဲ ဟင် မှုံ စကားတွေကြောင့် အန်တီညို စိတ်ထိခိုက်သွားပြီလား ..သူရိန်က မိဘကိုတော့စိတ်ချမ်းသာစေချင်မှာပါ"

အန်တီညို့ကိုစိတ်ထိခိုက်စရာတွေပြောမိတာမှားပြီဟု ထင်မိသည်။

"မှုံ"

"ရှင်"

"သမီးလေးနဲ့ပဲလက်ထပ်ဖြစ်အောင် အန်တီ ရောဂါတွေအကြောင်းပြပြီးပြောမယ်..သားအတွက် အသင့်တော်ဆုံးက မှုံလေးပဲကွယ်"

သူမ

အန်တီညိုနားမှာ ပြုစုပေးနေမိတော့သည်။

ညနေကျတော့ ဆေးခန်းကိုလိုက်ပြပေးရ၏

သူရိန်ကမလာသေး။

ဖုန်းဆက်ခေါ်ဖို့လည်း အန်တီညိုက သားစိတ်အနှောင့်အယှက်မဖြစ်စေချင်ဘူးတဲ့။





"မှုံလေး ပင်ပန်းနေပြီ"

"မပင်ပန်းပါဘူး အန်တီညိုက မှုံရဲ့အမေပါပဲ ငယ်ငယ်လေးထဲက မှုံကိုထိန်းကျောင်းလာတာပဲဟာ"

"လိမ္မာလိုက်တဲ့ သမီးလေးပဲကွယ်"

သူရိန်

နှင့်အတွက် ငါတစ်ပုံတစ်ခု အတိုင်းအတာအထိ
တ့ကြိုးပမ်းနေရဦးမှာပဲ

မျှော်လင့်ချက်တွေရှိနေသေးသရွေ့ပေါ့

"နေခြည်ဆိုတာလည်း သမီးစိတ်ပျက်အောင် နောက်ပြောင်ပြောတဲ့နာမည်လားမှမသိတာပဲဟာ"

အန်တီညိုကတော့ သားကမိဘသဘောမကျတဲ့
းမတစ်ယောက်ကိုလက်ထပ်မှာမဟုတ်ပါဘူးဟုပြောသည်။

"သမီးလေးကိုချွေးမတော်ရရင် အန်တီညိုကျေနပ်ပါပြီကွယ်"

"အန်တီညို"

"ဟင်"

"သူရိန်ကို အတင်းအကျပ်တောင်းဆိုမှရမယ်ထင်တာပဲနော်"

"အန်တီတောင်းဆိုရမယ် မိခင်တစ်ယောက်လုပ်သင့်လုပ်ထိုက်တဲ့အလုပ်တစ်ခုပဲ မှုံ"

သားကိုအတင်းအကျပ်တောင်းဆိုဖို့ ဒေါ်ညိုညို
းဖြတ်ထားမိသည်။

မှုံလေးနဲ့သဘောတူတယ်..

မိမိအား မိခင်သဖွယ်ပြုစုယုယတတ်တဲ့ မိန်းက
လေးဖြစ်သည်။

"သားဖေဖေ့ကိုပြန်ခေါ်ပြီး လုပ်သင့်လုပ်ထိုက်တာတွေ
လုပ်ရမှာပဲကွယ်"

မှုံပျော်သွားမိသည်။

သူရိန်

နင်လက်ထပ်ရမှာက ငါပဲဖြစ်ရမယ်သိလား

တို့နှစ်ယောက် ငယ်ငယ်ကတည်းက သံယောဇဉ်
တွေကြီးမားခဲ့ရတာမို့

နင့်ကိုမေ့ပစ်ထားချင်တာပဲ

ငါ နင့်ကိုချစ်တယ်..

နင် ဇာခြားကောင်မလေးတစ်ယောက်ယောက်
နဲ့လက်ထပ်သွားမှာ ငါမလိုလားဆုံးပဲ

အန်တီညိုကိုပြုစုရင်း သူရိန်ပြန်အလာကိုစောင့်
နေပေမဲ့ ထုံးစံအတိုင်းတော်တော်နှင့်ပြန်မလာနိုင်သေးဘဲ
ဖြစ်နေသည်။

နင် နိုက်ကလပ်တွေလည်းတက်တယ်..

မကောင်းတဲ့မိန်းမတွေနဲ့လည်းတွဲတယ်

မေမေနဲ့မမတောင် သိနေကြလို့သိပ်ပြီးသဘော
မတူချင်ကြတော့ဘူး

ထုံးစံအတိုင်း

သူရိန်ပြန်မလာ၍ အန်တီညိုကိုစောင့်ရင်းမိုး
ချုပ်သွားသည်။





အိမ်ရောက်တော့ မမစောင့်နေ၏။

"နင် လွန်တယ်မှုံ"

"အန်တီညိုတစ်ယောက်ထဲနေမကောင်းလို့ ဆေးခန်း
ပို့ရတယ်လေ"

မေမေ စောစောပိုင်းကလာကြည့်ပြီးပြန်သွား
သည်။

မှုံပြန်လိုက်မလာဘဲ စောင့်ကျန်နေခဲ့၏။

"မိန်းကလေးတစ်ယောက်ဖြစ်ပြီး ဒီလောက်ထိမနေ
သင့်ဘူးနော်မှုံ သူရိန်အကျင့်စရိုက်တွေကို နင်သိသိ
ကြီးနဲ့ဟာ"

ကိုနန္ဒကျတော့ မှုံကဥပေက္ခာပြုထားသည်ဟု
မှုံကို အပြစ်တင်နေသည်။

"မှုံ"

"ဟင်"

"နင် ကိုနန္ဒကိုပဲရွေးချယ်ပါ"

မမကို ဘယ်လိုပြောရမှန်းမသိအောင်ပင်ဖြစ်ရ
သည်။

အချစ်ဆိုတာကို မမသိရှိခံစားနိုင်လောက်နေ
ပြီ ထင်၏။

အပျိုစင်ဘဝက သူရိန်လိုပဲ မမချစ်သူတွေ
ထည်လဲထားခဲ့တာပဲဟာ

"မမကျတော့ရောပွေရှုပ်နေတဲ့ကိုကို့ကို ဘာလို့ရွေး

ချယ်တာလဲဟင်"

"မမမှားခဲ့လို့ မှုံလေးထပ်မမှားစေချင်တာပေါ့ဟဲ့.. ညီမလေးစိတ်သောကတွေရောက်ရမှာမလိုလားလို့ပါ လောကကြီးမှာ ကိုချစ်ကိုမရှာပါနဲ့မှုံ ဘဝတစ်သက်တာ ကိစ္စဖြစ်နေလို့ပါ"

ခေါင်းမာစွာဖြင့်ငြင်းဆန်နေမိသည်။

"သူရိန်နဲ့ဝေးရင် ကျွန်မသေမှာပဲ မမ"

"မှုံ"

မမကိုရှောင်ပြီး သူမအိပ်ခန်းထဲဝင်လာခဲ့မိသည်။

❑ ❑ ❑ ❑ ❑





# အခန်း(တစ်ဆယ့်သုံး)

"သား"

"ဗျာ မေမေ"

"သားနဲ့ မေမေတောင် အေးအေးဆေးဆေးစကားတွေမပြောရသေးဘူး"

သူရိန်အပြင်ထွက်ဖို့ပြင်နေသဖြင့် ခေါ်ညှိုညှိုခေါ်လိုက်မိသည်။

သားနှင့်စကားပြောချိန်ပင်မရ။

"မေမေနေမကောင်းဘူး သား မနေ့ကညနေက ဆေးခန်းတောင်သွားရတယ်"

"ဟုတ်လား မေမေ"

မေမေဆေးခန်းသွားရတာ သူရိန်အားဘာလို့ ဖုန်းမဆက်တာလဲဟု သားကပြောသည်။

"သားကိုစိတ်အနှောင့်အယှက်တွေမဖြစ်စေချင်လို့ပါ"

"မေမေဘယ်သူနဲ့သွားလဲဟင်"

"မှုံမှုံလေးနဲ့လေ"

မှုံမှုံ့လေး ညစဉ်လာစောင့်ပေးကြောင်းပြောမိသည်။

"မေမေဘာဖြစ်တာလဲဟင်"

"နှလုံးရောဂါ သားရဲ့"

"ဟင်"

သား မျက်ဝန်းထဲမှာစိုးရိမ်ပူပန်မှုတွေတွေ့ရ၍ ဒေါ်ညိုညိုကျေနပ်ဝမ်းသာသွားမိသည်။

"နောက်ဆို သားစောစောပြန်လာပါ့မယ်"

"သား"

"မေမေ"

"သားကိုမေမေမေးစရာရှိလို့"

"မေးလေ မေမေ"

"နေခြည်ဆိုတာဘယ်သူလဲ"

"နေခြည်"

"အင်း"

"အဟက် ဒီနာမည်မေမေ့ကိုဘယ်သူပြောတာလဲ"

"မှုံ"

"ဒီကောင်မလေး တော်တော်စပ်စုတာပဲ"

"မှုံဟာ သားအတွက်အသင့်တော်ဆုံးအဖော်မွန်ပဲ သား"

"ဟင်"

မေမေ့ကိုအံ့သြစွာဖြင့် သူရိန်ကြည့်နေမိသည်။

"နေခြည်ကသားလက်ထပ်မဲ့ မိန်းကလေးဆို"

"ဟုတ်တယ် မေမေ"

"မေမေလက်မခံဘူး မှုံလေးကိုပဲသားလက်ထပ်စေချင်တယ်"





"မှုံကဘာတွေပြောသွားလဲ မေမေ ဒီကောင်မလေး မေမေ့ကို မဟုတ်တာတွေ လျှောက်ပြောထားပြီထင်တယ်"

"မှုံကဘာမှမပြောပါဘူး မေမေ အသက်ကြီးပြီသား ရောဂါဝေဒနာတွေလည်းခံစားနေရပြီ သားမေမေ့ စကားကိုနားထောင်နော်"

သူရိန်ကတော့ မှုံကိုလုံးဝလက်မထပ်နိုင်ပေ။

ဘာအရည်အချင်းမှ ရှိတဲ့ကောင်မလေးမဟုတ်ဘူး

ရုပ်ရည်လည်းမရှိ

သူ့ဘဝတွင် ရုပ်ချော၊ ဥစ္စာပေါတဲ့မိန်းမတွေကို ရွေးချယ်ပိုင်ခွင့်အများကြီးရှိနေနိုင်သည်။ မှုံကိုမရွေးချယ်နိုင်။

"သားမှာ ချစ်သူရှိနေတယ်မေမေ နေခြည်ပဲ မှုံက သားချစ်သူမှမဟုတ်တာ"

သူငယ်ချင်းတစ်ယောက်ထက်ပို၍ မှုံကိုမပတ်သက်ချင်ပေ။

"သားလက်မခံဘူးမေမေ"

"သား"

"နေခြည့်ပဲ လက်ထပ်မှာ"

"မင်းမေမေ့ဆန္ဒတွေကို ထည့်မစဉ်းစားတော့ဘူးလား သား"

"သားမချစ်မနှစ်သက်တဲ့မိန်းမတစ်ယောက်ကို သားလက်ထပ်ရမလား"

"မှုကမင်းအပေါ် ဘယ်လောက်အထိ အနွံအတာခံ
မင်းကို ချစ်လဲ မေမေ့ကိုလည်း မိခင်တစ်ယောက်
ဆက်ဆံနေတာ"

"မှုံကို သားမချစ်ဘူး"

"မင်းလက်ထပ်ပါ"

"သားကိုဇွတ်အတင်းစီစဉ်ရင် နေခြည့်ကိုသားမိုးပြေ
မှာပဲမေမေ"

"တင်"

ဒေါ်ညိုညိုအထိတ်တလန့်ဖြစ်သွားရတော့
သည်။

နိုးပြေးလျှင် ပြဿနာတွေတက်မှာပဲ စိုးရိမ်မိ၏။

"မှုံလေးဟာ သားဘဝအတွက်အကောင်းဆုံးအပေါ်
မွန်ပါသားရယ်"

"သားမှုမချစ်တာ"

မှုံကိုမချစ်

သူငယ်ချင်းအဖြစ်တောင် မလွှဲမရှောင်သာ၍
ဖြစ်သည်။

"မှုံကို သူငယ်ချင်းတစ်ယောက်ဖြစ်ပဲ သားခင်နိုင်
မယ် မေမေ"

"တခြားကောင်မလေးတစ်ယောက်နဲ့လက်ထပ်ပြီး
မှ သားနောင်တရနေလိမ့်မယ်"

"ကျွန်တော့်က မိန်းမတစ်ယောက်ကြောင့်ဘယ်တော့
မှနောင်တမရဘူး မေမေ"





"ဘာပြောတယ်သား"

"တစ်ယောက်မကောင်းရင် တစ်ယောက်ပြောင်းလိုက်
ရုံပဲပေါ့မာမီရာ"

သားအယူအဆကြောင့်မိမိပင် အထိတ်တလန့်
ဖြစ်သွားမိသည်။

ကြောက်စရာကောင်းလွန်း၏

"သား ဒီအယူအဆကြီးက သားဘဝကို ဖျက်ဆီးပစ်
နိုင်တယ်နော်"

"သား မှုံကိုတော့ယက်မထပ်ပါရစေနဲ့ ဘယ်လိုမှချစ်
လို့ ရမှာမဟုတ်ဘူး"

မှုံကို သူရှိန်ဘယ်လိုမှ ခံစားမရနိုင်အောင်ဖြစ်
နေမိသည်။

"နေခြည့်ကိုမေမေမမြင်ဖူးသေးလို့ပါ မြင်ဖူးရင်
အရမ်းချစ်သွားမှာ"

"မှုံလေးကိုပဲသား.."

"သားဘဝတစ်လျှောက်လုံး စိတ်သောကတွေခံစား
နေရအောင်လားမေမေ"

သားကိုဘယ်လိုမှပြောမရမှန်းသိနေသည်။

အသက်ရှူဖင်ကျပ်လာ၏

သားကိုအကျပ်မကိုင်ချင်။

ဒေါ်ညိုညို၏ဘဝတွင် သားစိတ်ချမ်းသာမှုပဲ
အဓိကဖြစ်နေသည်။

"မင်းမလိုလားရင်လည်း မေမေအတင်းမစီစဉ်တော့

ပါဘူးသားရယ်”

မှုံမှုံလေးအတွက် ဒေါ်ညိုညိုစိတ်မကောင်းဖြစ်ရသည်။

သားက ပြောမရ။ တော်ကြာ

မိန်းမခိုးပြေးပြီးပေါက်ကရတွေဖြစ်မှာလည်း မိမိ စိုးရိမ်မိသည်။

“မေမေနော် မှုံ့စကားတွေနားဝင်မနေနဲ့ ဒီကောင်မလေးက အလကားသားကိုဘာကြိုက်နေမှန်းမသိပါဘူး ကိုနန္ဒလိုလူမျိုးကျတော့ ငြင်းဆန်နေတယ်”

သူရိန်ခေါင်းကိုခါရမ်းပစ်လိုက်ပြီး အပြင်ထွက်လာခဲ့မိသည်။

မှုံဆီရောက်လာခဲ့၏။

ဒီကောင်မလေးကိုအပြတ်ပြောမှ

မေမေ့ကိုသွေးထိုးသော စကားတွေပြောပြီး သူနှင့်လက်ထပ်ဖို့ကြိုးစားနေသည်။

အဓိပ္ပါယ်မရှိတာဘဲ..

မှုံကိုနှင်းဆီပင်တွေနားမှာထိုင်နေတာတွေ့လိုက်ရသည်။

“မှုံ”

“ဟင် သူရိန်”

“ဒီမှာ ဘာထိုင်လုပ်နေတာလဲ”

“နင်ပဲ မေးရက်တယ်..

ဒီပန်းပင်တွေကိုနင်နဲ့ ငါနှစ်ယောက်မြတ်မြတ်





နိုးနိုးအတူတူစိုက်ခဲ့ကြတာလေ

“သူရိန် ဒီနှင်းဆီပင်လေးတွေကို နင်နဲ့ငါနှစ်ယောက်သားတမြတ်တနိုးစိုက်ခဲ့ကြတာလေ”

“နင် စိတ်ကူးတော်တော်ယဉ်တာပဲမှုံ..ငါတော့ ဘာမှသတိမရတော့ဘူး ငယ်ငယ်ကအကြောင်းတွေ ဘာတွေ ထားလိုက်စမ်းပါ”

မှုံ နှုတ်ခမ်းဆူချင်မိသည်။

သူရိန်ကမလှဘူးပြောမှာစိုး၍ သူမစိတ်မကောက်ဖြစ်တော့။

ငါ စိတ်ကောက်လည်းနင်က ချော့မယ့်ကောင်မဟုတ်ပါဘူး။

“မှုံ”

“ဟင်”

“နင်မေမေကိုစိတ်ထိခိုက်အောင် လျှောက်ပြောမနေဖို့ ငါ သတိလာပေးတာ”

“ဘာ”

နင့်အမေကိုစိတ်ထိခိုက်အောင် လုပ်တာနင်ပဲမဟုတ်လား။

အန်တီညိုစိတ်ချမ်းသာအောင် ငါက ဖေးမကူညီနေတာပါ။

“မေမေက ငါ့ကိုစိတ်ပူပြီး ခံစားနေရတာယ်..နင်ဘာတွေသွားပြောလဲမှုံ”

“မှုံ ဘာမှမပြောပါဘူး သူရိန် အန်တီညို့ကို ငါ့အမေ

တစ်ယောက်လိုသဘောထားပြီးပြုစုနေတာပါ"

အန်တီညို သူရိန်ကိုဘာတွေပြောလိုက်ပြီလဲဟု တွေးမိသွားသည်။

သူရိန်မျက်နှာပေါ်မှာ ဒေါသတွေနှင့်တင်းမာနေ၏။

"မှုံ နင့်ကိုငါထပ်ပြောမယ် ငါနေခြည်နဲ့ပဲလက်ထပ်မှာ"

"ဟင်"

"မေမေအကျပ်ကိုင်လည်း အပိုပဲဖြစ်နေမှာနော် မှုံ နင့်ကို ငါဘယ်တော့မှ လက်မထပ်ဘူး"

"သူရိန်"

"နင် အရှုးမထချင်စမ်းပါနဲ့ မှုံ နင့်ကိုငါချစ်သူအဖြစ် ဘယ်တော့မှ မသတ်မှတ်ဘူး"

သူရန်ပြောပြီးသည်နှင့်ချာခနဲ လှည့်ထွက်သွားတော့သည်။

"သူရိန်"

အန်တီညို ပြောပြီးပြီ ထင်သည်။

သူမအားငြင်းဆန်လိုက်ပြီဆိုတာ သဘောပေါက်မိသွား၏။

နင် သိပ်ပြီး အကြင်နာကင်းမဲ့တာပဲ သူရိန် ငါ့အပေါ် ဘာဖြစ်လို့များ ဒီလောက်အထိသံယောဇဉ်ကင်းမဲ့ရတာလဲ..

နှုတ်ခမ်းသားလေးတွေ တဆတ်ဆတ်တုန်ယင်လာရသည်။





နင့်အပေါ် ငါသံယောဇဉ်ဘယ်လောက်အထိ ကြီးမားခဲ့တာလည်းဆိုတာ ဒီနှင်းဆီပင်တွေသက်သေပဲ

သူရိန်နှင့်အတူ အမြွတ်တနိုးစိုက်ပျိုးခဲ့တဲ့နှင်း ဆီပင်လေးတွေကို သူ တယုတယနှင့် ပြုစုပျိုးထောင်နေမိသည်။

"နင် အရှုးမထစမ်းပါနဲ့မှုံ နင့်ကိုငါ ဘယ်တော့မှ ချစ်သူအဖြစ်မသတ်မှတ်ဘူး"

သူရိန်ပြောသွားသည့်စကားတွေကိုပြန်၍ ကြား ယောင်လာမိသည်။

သူမခန္ဓာကိုယ်လေး လေထဲမှာမြောက်တက်နေ သလို အသိမဲ့စွာခံစားနေရ၏။

ရင်ထဲမှာ နာကျင်နေသည်။

မျက်ဝန်းလေးတွေထဲမှာ မျက်ရည်တွေပြည့်ဝိုင်း လာရ၏။

သူရိန်နှင့်စိုက်ခဲ့သောနှင်းဆီပင်တွေကို အခ်ိပ္ပါယ် မဲ့စွာ မှုန်းတီးနေသွားရသည်။

"ကဲဟယ် ကဲဟယ်"

"ကဲဟယ်"

လက်ကလေးတွေနှင့် ရိုက်ချိုးဖျက်ဆီးပစ်လိုက် တော့သည်။

သွေးတွေက သူမလက်ဖမိုးပြင်လေးတစ်ခုလုံး ချင်းချင်းနီနေ၏။

"ကဲဟယ်...ကဲဟယ်"

"နင်တို့ရော ဘာအသုံးကျတော့မှာလဲ ကဲဟယ်"

"မှုံ"

နန္ဒ အထိတ်တလန့်နှင့် မှုံလက်ကလေးကိုဆွဲယူ
ဆုပ်ကိုင်ထားမိသည်။

"ဖယ်ပါ ကျွန်မလက်တွေကိုဖယ်ပါ..ဇာက်ခတ်ပစ်
မလို့"

"မှုံ မင်းအဓိပ္ပါယ်မရှိတာတွေမလုပ်ပါနဲ့ ကြည့်စမ်း
မင်းလက်တွေ ဇာက်ရာရသွားပြီ..သူရိန်ကသနား
မှာလား..အပြစ်မဲ့တဲ့ အပင်လေးတွေကိုတန်ဆာခံ
မလုပ်စမ်းပါနဲ့ကွာ"

ဒီနှင်းဆီပင်လေးတွေကို သူရိန်နှင့်သူမ အမြတ်
တနိုးစိုက်ပျိုးထားတာဖြစ်ကြောင်း မှုံကမကြာခဏပြောပြ
တတ်သည်။

စောစောက သူရိန် ထွက်သွားသည်။

မှုံနှင့်ပြဿနာတက်ကြပုံပင်။

"မှုံ"

"ဟင်"

"ထ ဆေးခန်းသွားပြရအောင်"

နှင်းဆီပင်ရဲ့ဆူးအဆိပ်တက်မှာ စိတ်ပူသွား
မိသည်။

ဆေးခန်းပြမှဖြစ်မယ်..

"အန်တီမာရေ"

"မေမေရော မမပါဈေးထွက်နေကြတယ်"

"ထလေ"





"ဟင့်အင်း"

"ခေါင်းမမာစမ်းပါနဲ့ကွာ ထနော် ဆေးခန်းပြမှဖြစ်
မယ် နှင်းဆီဆူးကအဆိပ်ရှိတယ်မှုံ..အန်တီမာသိ
သွားရင်လည်းစိတ်မကောင်းဖြစ်လိမ့်မယ်"

မေမေ၊

မမ၊

သူမကို ဘာပြောမလဲ။

လက်ကလေးမှာ သွေးအလိမ်းလိမ်းနှင့် မြင်၍
ကောင်းတော့၊

"ထ,နော် မှုံ"

ကိုနန္ဒက ယုယစွာဖေးမတွဲခေါ်လာခဲ့သည်။

ကားပေါ်တက်စေ၏။

သူရိန်၊

နင် ငါ့အပေါ်အကြင်နာမဲ့လွန်းပါတယ်ဟယ်။

ငါ့အတွက် နင် ဘာတစ်ခုမှ ခံစားတတ်တာမျိုး
ရှိဘူး၊

ဥပေက္ခာတွေပဲရှိနေတယ်။

အကြင်နာမဲ့လွန်းတယ်၊

နင့်ကြောင့် ငါ့နှလုံးသားတွေထဲမှာ ပြင်းထန်စွာ
ါက်ကွဲနေရတယ်။

ဆေးခန်းမှာ ဆေးထည့်သည်။

ပတ်တီးဖွေးဖွေးနှင့် သူမလက်တွေကို ငေး
ကြောင်စွာ စိုက်ကြည့်နေမိ၏။

နင့်ကို သိပ်ချစ်မိတဲ့ငါ့နှလုံးသားတွေကို အပြ
ပေးတာလေ၊

"မှူး သွားစို့"

သူမကတော့ အသက်ကင်းမဲ့သောအရုပ်ကလေ
တစ်ရုပ်ကဲ့သို့ ကိုနန္ဒခေါ်ဆောင်ရာသို့ လိုက်ပါနေမိသည်

ကားပေါ်ရောက်တော့ ကိုနန္ဒက သူမအား
ဝင်ထိုင်လိုက်၏။

"မှူး ခေါင်းကို နောက်မှီထား၊ တော်ကြာ ခေါင်းမူး
မယ်"

နောက်မှီခုံအား သူမ မှီနေနိုင်ရန် အနေအထ
ပြုပြင်ပေးထားသည်။

"ကိုယ် ကားကို ဖြည်းဖြည်းမောင်းပေးမယ်နော်

ကိုနန္ဒ ဘာပဲပြောပြော၊

အယုအယတွေ ဘယ်လောက်ပဲပေးစွမ်းခဲ့ပါ
သူမနှလုံးသားတွေထဲမှာ သူရိန်ပဲရှိနေသည်။

သူရိန်က သူမအား စိုးမိုးလွန်း၏။

ကားကို ညင်သာစွာမောင်းပြီး အိမ်ပြန်ရေ
လာသည်။ ကိုနန္ဒက ဖေးမတွဲပြီး အောက်သို့ဆင်းစေ၏

"လက်က,နာလား မှူး"

သူမ ဘာမှမဖြေ၊

"ဆေးသောက်ရမယ်နော် မှူး"

သူက ကော်ဖီတစ်ခွက်ကို အလုပ်သမား‌ဖေ
မလေးတွေပင် မခိုင်းဘဲ ကိုယ်တိုင်ဖျော်သည်။





စီးပွားရေးတွေမှာ အောင်မြင်သလို အိမ်မှုကိစ္စ
တွေမှာလည်း စိတ်ဝင်စား၏။

"အကိုက်အခဲပျောက်ဆေးတွေ သောက်တယ်ဆိုတာ၊
အစာနဲ့မှ သောက်ရတယ် မှူး၊ တော်ကြာ အစာအိမ်
ထိတတ်တယ်"

သူမက သူရိန့်ကို အကိုက်အခဲပျောက်ဆေး
တွေတိုက်စဉ်ကလည်း ထိုကဲ့သို့ပင် ချော့မော့ပြောဆိုပြီး ဆေး
တိုက်ခဲ့ဖူးသည်။

နှုတ်ခမ်းသားလေးတွေကို တင်းကျပ်စွာ စေ့ကိုက်
ထားမိ၏။

မျက်ဝန်းတွေထဲမှာ မျက်ရည်တွေက ထိန်းချုပ်
နိုင်စွမ်းမရှိတော့၊

"ဟင်..မှူး ငိုနေတယ်၊ ဘာဖြစ်လို့လဲကွာ၊ ကိုယ့်ကြောင့်
လား၊ လက်ကဒဏ်ရာ နာလို့လား ဟင်"

သူ၊

ပျာပျာသလဲမေးသည်။

မျက်ရည်ပေါက်တွေက သူမပါးပြင်လေးပေါ်
လိမ့်ဆင်းကျလာရ၏။

"မှူးမှူးလေးရယ်"

သူမအား တစ်စုံတစ်ခုဖြစ်သွားမှာ ပူပင်သော
မျက်ဝန်းတွေနှင့် ကြည့်နေသည်။

□ □ □ □ □

## အခန်း(တစ်ဆယ့်လေး)

သူရိန်၊

သူမထံ နေခြည့်အား ခေါ်လာဖြစ်အောင် ခေါ်လာခဲ့သည်။

"မှူး"

"ဟင်"

အလွန် ချောမောအိစက်နေသောမိန်းကလေး တစ်ယောက်နှင့်ယှဉ်တွဲပြီး သူမရှေ့မှာ ရပ်နေသော သူရိန် သဘောပေါက်သွားရသည်။

နေခြည်ပဲ၊

"ဒါ ငါ့နေခြည်လေ"

"မောင်ကလည်း"

နေခြည်က ရှက်ရွံ့စွာဖြင့် သူ့လက်မောင်းကို ထုရိုက်သည်။

"နေခြည် သူက,မောင့်ငယ်သူငယ်ချင်း မှူးမှူးတဲ့ နာမည် အပြည့်အစုံက နှင်းမှူးမှူး"

"ဟုတ်ကဲ့ တွေ့ရတာဝမ်းသာပါတယ်နှင်းမှူးမှူး၊ နေ့ကို လည်း မောင်နဲ့ခင်သလို ခင်ပါနော်"

သူမ နှုတ်ခမ်းလေးတွေပေါ်မှာ ကြေကွဲနေ အရိပ်တွေထင်ဟပ်မလာအောင် အတော်လေးထိန်းချုပ်လို





ရသည်။

နေခြည့်ရှေ့မှာ မျက်ရည်တွေမကျမိအောင် ကြိုးစားရမယ်။

သူမနှင့်သူရိန် ဘာမှမပတ်သက်၊

သူငယ်ချင်းမိတ်ဆွေအဆင့်သာ။

နေခြည်နှင့်မိတ်ဆက်ပေးရန် သူမအား သူရိန်က ချိန်းထားခဲ့သည်။

ရန်ကင်းစင်တာရှေ့မှာ ထိုင်ကြ၏။

"နေခြည် ကော်ဖီလား အအေးသောက်မလား ဟင်၊ မောင် သွားယူပေးမယ်"

သူရိန်က[illegible]သည်။

"ကျွန်မ သွားယူပေးပါ့မယ်၊ သူရိန်တို့ ထိုင်နေကြပါ"

လေးယောက်တစ်ဝိုင်း ထိုင်စရာစီစဉ်ထား သောဝိုင်းတွင် သူရိန်နှင့်နေခြည်က တစ်တွဲ ပူးကပ်ထိုင်ပြီး ကျွန်မက တစ်ယောက်တည်း၊

သူရိန်တို့အတွဲကို သူမ ရင်မဆိုင်လို့သာဖြင့် အချိန်တွေကို ဆွဲပစ်လိုက်မိသည်။

သူမ ထ,လိုက်၏။

သူရိန်တို့အတွဲကို ကျောခိုင်းပြီး စားစရာတွေ ဝယ်နေမိသည်။

နေခြည်၊

နင် စွဲမက်မယ်ဆိုလည်း စွဲမက်စရာပါပဲ။

အရမ်းချောတယ်၊

ငွေကြေးလည်း ချမ်းသာတယ်။

ငါနဲ့ ဘာမှမဆိုင်ပါဘူး၊

သူမ နှုတ်ခမ်းသားလေးတွေတဆတ်ဆတ်တုန်ယင်မလာစေရန် သွားလေးများဖြင့် ဖိကိုက်လိုက်ရင်း၊ ထိန်းချုပ်ထားရသည်။

"အစ်မ"

"ဟင်"

"ဘာယူမှာလဲ"

သူမ၊

ကောင်တာမှာ ငေးကြောင်စွာရပ်နေပြီးမှ အရောင်းတာဝန်ခံရဲ့အသံကြော[illegible]အသိတွေပြန်ဝင်လာရသည်။

"ကော်ဖီအအေးနှစ်ခွက်၊ အပူတစ်ခွက်နော်"

"မုန့်ရောဟင်"

"ဒီမှာ ရှိတာတွေ တစ်ခုစီအကုန်ထည့်လိုက်နော်"

နောက်လှည့်ပြီး ဘာမုန့်စားမလဲလို့ မမေးချင်၊

ထွက်သွားချင်သည်။

မကောင်းတတ်၍ပါ၊

နင် ငါ့နေခြည်ရှေ့မှာတော့ သရုပ်ပျက်အောင်မလုပ်နဲ့နော်တဲ့။

သူရိန်ပြောလိုက်တိုင်း ငါ့နေခြည်ဆိုတဲ့စကားကို မချ၊

နင် သိပ်မြတ်နိုးနေလား။

"အစ်မ"





"ဟင်"

"ယူသွားတော့လေ"

"အင်း အင်း"

ငါ တော်တော်ဟန်ဆောင်နေရတယ်သူရိန်၊

အရမ်း ကြေကွဲနေရတယ်။

ငါ့နှလုံးသားတွေကို နင့်မီးလောင်တိုက်သွင်းနေတာမျိုး ဖြစ်နေပြီ၊

"ငါ ထ,ယူမယ် မွှ"

"နေ..နေပါ..၊ နင်တို့အတွဲက ကြည့်လို့လိုက်တယ်"

သူရိန်က ပြန်ထိုင်သည်။

လက်ငင်းကြီး ထ,ပြန်သွားရင် မကောင်း၍ ကျွန်မအလုပ်များနေသယောင် ကောင်တာမှစားစရာတွေ တစ်ခုပြီးတစ်ခု ယူနေမိ၏။

ကော်ဖီအအေးက ကျွန်မနဲ့နေခြည် တစ်ယောက်တစ်ခွက်စီ၊

သူရိန်က ကော်ဖီအပူ။

နေခြည်က သူမ လုပ်ပေးနေကျဖြစ်သော သကြားထုပ်လေးကို ဖေါက်ပြီး သူရိန့်ကော်ဖီပန်းကန်ထဲ ထည့်ပေးနေသည်။

သူမ၊

အားငယ်သွားမိသည်။

သူရိန်နှင့်ပတ်သက်ပြီး ဘာတစ်ခုမှ လုပ်ပိုင်ခွင့်မရှိတော့၊

နင့်ကို နေခြည် ပိုင်ဆိုင်သွားပြီ။

ငါ မလုပ်ပေးသင့်တော့ဘူး၊

နင် တကယ်ပဲ နေခြည့်ကို လက်ထပ်ဖို့ရွေးချယ်ထားပြီပဲ။

"မှူး"

"ဟင်"

"တို့နှစ်ယောက် လူကြီးတွေနဲ့စေ့စပ်ဖို့ တစ်လအတွင်း စီစဉ်မှာ"

"အန်တီညို သိပြီးပြီလား သူရိန်"

"မနေ့က မေမေ့ကို ပြောလိုက်ပြီ၊ မေမေကတော့ နင် သိတဲ့အတိုင်းပဲ၊ ဘာမဆို ငါ့ဆန္ဒပဲလေ"

အန်တီညိုလည်း သိပြီးပြီပဲ၊

မှူးနဲ့ကိစ္စ အန်တီညို ပြောတော့ပြောရဲ့လား။

ဘာမဆို သားဆန္ဒပဲ၊

သူမအတွက် မျှော်လင့်ချက်တွေ ဘာမှမရှိနိုင်တော့။

အအေးကို ငုံ့သောက်မိသည်။

သူရိန်နှင့်နေခြည်က တစ်ယောက်ကိုတစ်ယောက် အသားချင်းထိကပ်၍ ထိုင်နေကြသည်။

သိပ်ချစ်နေကြပုံပင်၊

ကောင်မလေးအတော်များများနှင့် တွဲနေတတ်သောသူရိန့်ကို ထိန်းချုပ်ထားနိုင်မဲ့မိန်းမချောလေးတစ်ယောက်နဲ့ တွေ့သွားတာ သူရိန့်အတွက် ဝမ်းသာပီတိဖြစ်မိသည်။





"ငါ သွားတော့မယ်သူရိန်"

"ငါတို့ ဒီမှာထိုင်နေဦးမယ် မှူး"

"အင်း"

နင့်ကိုထားခဲ့ပြီး ငါ တစ်ယောက်တည်းထွက်သွားရတာ ငါ့ရင်ထဲမှာ ဟာနေတယ်၊

အမြတ်နိုးဆုံး နင့်ကို စွန့်လွှတ်လိုက်ရပြီမဟုတ်လား။

နင်ကတော့ ငါတစ်ယောက်တည်းထွက်လာတာကို ဘာခံစားချက်မှမရှိဘဲ၊ ငါ ခပ်လှမ်းလှမ်းရောက်လို့ လှည့်ကြည့်တော့ နင့်ကောင်မလေးနဲ့ တွတ်ထိုးနေတယ်။

ငါတစ်ယောက်တည်း ဘယ်လိုနေမလဲ၊

ဖြစ်မှဖြစ်ပါ့မလား။

မသူတော်နဲ့များ တွေ့မလား၊ နင်မစဉ်းစားဘူးမဟုတ်လား။

သူရိန်၊

နင့်ကို အရမ်းချစ်တယ်။

ငါ ဘာဆက်လုပ်ရမလဲ၊

အန်တီနဲ့ ကြိုးစားမှုကလည်း မအောင်မြင်ဘူးထင်ပါရဲ့။

ဝမ်းနည်းလိုက်တာ၊

ငါတစ်ယောက်တည်း ဆောက်တည်ရာမရအောင် ဖြစ်နေရတယ်။

တစ်နေကုန်၊

အချိန်တွေ ဖြုန်းပစ်လိုက်သည်။

ကလေးကစားကွင်းတွေ ပျောက်သွားတယ်၊

သရဲရထား စီးတယ်။

သရဲအိမ်ထဲဝင်တယ်၊

သူများတွေက ကြောက်နေကြပေမဲ့ ငါ့မှာတော့ ဘာခံစားချက်မှ မရှိဘူး။

နင့်အကြောင်းတွေပဲ တွေးနေမိတယ်၊

ငါ့ရှေ့ပါကို မုန်းတီးတယ်။

နင် နှစ်သက်မြတ်နိုးတဲ့မိန်းမချောလေးတစ်ယောက် ဘာဖြစ်လို့မဖြစ်ရတာလဲ၊

မေမေလည်း ချောတယ်၊ မမလည်း ချောတာပဲ။

ငါ့ကျမှ၊

နင့်ကို လုံးဝ စွန့်လွှတ်လိုက်ရပြီဆိုတဲ့အသိတွေက ငါ့နှလုံးသားတွေကို ထိခိုက်ကြေကွဲနေရတယ်။

တစ်လအတွင်း၊

လူကြီးနဲ့စေ့စပ်မယ်တဲ့။

“နင့်မင်္ဂလာပွဲကျရင် ငါ သတို့သမီးအရံလုပ်ပေးရမလား သူရိန်”

“နင်က ချောမှမချောတာပဲ မှူး”

“ဟွန်း”

နောက်သလို ပြောင်သလိုနှင့် သူရိန်က အတည်ပြောခြင်းသာဖြစ်သည်။

နေခြည်ရှေ့မှာ၊





သူမ ငိုချင်သွားမိသည်။

တစ်နေ့ကုန် အချိန်တွေဖြုန်းပစ်နေပြီးမှ ပြန်၏။

“မှူး”

“ဟင် ကိုနန္ဒ”

“မင်း ကားရပ်ထားတာတွေ့လို့ ကိုယ်စောင့်ကြည့်နေတာပါ”

သရဲအိမ်ကအထွက်တွင် သူမ,ကားနားမှာ ကိုနန္ဒ ရပ်နေသည်။

“မင်း တစ်ယောက်တည်းလား”

“အင်း”

“ဘာတွေ လျှောက်လုပ်နေတာလဲ မှူး”

“အချိန်တွေ လိုက်ဖြုန်းပစ်နေတာလေ”

“မင်းနဲ့သူရိန်တို့အတွဲ မနက်လောက်တည်းက လမ်းခွဲသွားကြတာဆို”

“အင်းလေ”

နန္ဒ သဘောပေါက်မိသည်။

ဇီကောင်မလေး အသည်းကွဲနေတာပါ၊

နန္ဒကတော့ မှူး စိတ်လေပြီး တစ်နေ့ကုန်ကလေးကစားကွင်းတွေမှာ အချိန်ဖြုန်းနေတာဟုထင်မိသည်။

“တစ်ယောက်တည်း လျှောက်သွားနေတာ ဘယ်လောက်အထိအန္တရာယ်များလဲ မှူး”

“ကျွန်မအတွက် ဘာအန္တရာယ်မှ မရှိနိုင်ပါဘူး ကိုနန္ဒ၊ ဟင်း ဟင်း ဟင်း၊ ဘယ်ယောက်ျားတစ်ယောက်က

ကျွန်မကို စိတ်ဝင်စားမှာလဲလို့"

မှုံ့ မျက်ဝန်းလေးတွေကို သူ စူးစိုက်စွာကြည့်မိသည်။

ကိုယ်ရှိတယ်လေဟု ပြောချင်၏။

မင်းက သူရိန်က,လွဲပြီး တခြားယောကျ်ားတွေကို စိတ်မှမဝင်စားတာ၊

"ကိုနန္ဒ"

"ဟင်"

"ကျွန်မရုပ်က ဒီလောက်ဆိုးတာ၊ ရှင်ချစ်နေတာရော ဟုတ်မှဟုတ်ရဲ့လား ဟင်"

ရှင်ကလည်း ချောမောခန့်ငြားတဲ့ယောကျ်ားတစ်ယောက်ပဲ၊

ကျွန်မကို ချစ်နေတယ်တဲ့၊ ယုံရမလား။

"မှုံ့"

"ဟင်"

"ကိုယ်အခုပဲ မာမီ့ကိုခေါ်လာပြီး တရားရုံးမှာ လက်မှတ်သွားထိုးမယ်လေ"

သူမမျက်နှာလေးကို စေ့စေ့ကြည့်ကာ ပြောနေသည်။

"ဘယ်လိုလဲ မှုံ့"

သူက အလေးအနက်လေသံတွေနှင့်မေးသည်။

သူမ ဝေးကြောင်စွာဖြင့် ကိုနန္ဒအား ကြည့်နေမိ၏။





"ကိုယ် မှုံ့ကို ဘယ်လိုပုံစံနဲ့လက်ထပ်ရမလဲ၊ ဘာတွေဖြည့်စွမ်းပေးရမလဲ၊ မှုံ့ပြောပါ၊ မှုံ့ဆန္ဒတွေအတိုင်းဖြစ်စေရပါ့မယ်"

ကျွန်မ...သူရိန့်ကို ချစ်နေတယ်။

မေ့ပျောက်ပစ်လို့မရဘူး၊

နေခြည်နဲ့သူရိန် တရားဝင်လက်ထပ်ကြရသေးတာမှမဟုတ်တာ။

ကျွန်မမှာ မျှော်လင့်ချက်တွေ ရှိသေးတာပဲလေ။

"မှုံ့"

"ဟင်"

"အဖြေပေးလေ"

"ဟင့်အင်း"

"ဘာ"

"ကျွန်မ သူရိန်က,လွဲပြီး ဘယ်သူ့ကိုမှ မချစ်ဘူး၊ လက်ထပ်ဖို့ဆိုတာ ဝေလာဝေးပဲ"

"သူရိန်က နေခြည်နဲ့လက်ထပ်တော့မယ်လေ"

သူမအကြည့်တွေက ဆတ်ခနဲမော့ကြည့်ဖြစ်သွားသည်။

"သူရိန် လက်မထပ်သေးပါဘူး"

"မှုံ့ရယ်"

ကိုယ် ဘာပြောရတော့မလဲ၊

မှုံ့လုပ်ရပ်တွေက အဓိပ္ပါယ်မရှိတော့တာရော သတိထားမိရဲ့လားကွာ။

ကိုယ် စိတ်ပျက်မိသည်၊

မှုံ ခေါင်းမာလွန်း၏။ မှုံ့ကို ချစ်မြတ်နိုးနေတဲ့ ကိုယ့်အပေါ် ဥပေက္ခာ ပြုထားရက်တယ်။

"ပြန်စို့ မှုံ"

"ကျွန်မ သွားတော့မယ်"

"ကိုယ်လည်း မှုံနဲ့အတူ လိုက်ခဲ့မယ်လေ"

"ကျွန်မ ဒီနေ့ တစ်ယောက်တည်းပဲနေချင်တယ် ကိုနန္ဒ"

"မှုံ ပိုပြီးခံစားနေရမှာပေါ့၊ စိတ်ပြေလက်ပျောက်ပေါ့၊ ကိုယ်တို့ တစ်နေရာရာမှာ အေးအေးဆေးဆေးထိုင်မလား"

"ကျွန်မတစ်ယောက်တည်းပဲ နေချင်တယ်၊ နောက်နေ့မှ တွေ့ကြတာပေါ့နော် ကိုနန္ဒ"

သူမ...အန်တီညိုနှင့် တွေ့ချင်သည်။

သူရိန်တို့အကြောင်း အန်တီညို သိပြီးပြီလားဆိုတာသိချင်နေ၏။

သဘောတူလိုက်ပြီလား။

"မှုံ"

"ဟင်"

"မင်း ပြန်တော့၊ ကိုယ် မနက်ဖြန်မှ လာတွေ့မယ်နော်"

"အင်း"

သူမ ပြန်လာခဲ့ပြီး အန်တီညို့ထံ ဝင်လာခဲ့သည်။

ဒီခြံကြီးသည် သူမ ငယ်စဉ်လေးတည်းက အ





တားအဆီးမဲ့ ဝင်ထွက်နေတတ်၏။

သူရိန် လက်ထပ်ပြီးရင်၊

ဆက်မတွေးချင်တော့။

ခြံစောင့်ကြီးက သူမကို ဖျာဖျာသလဲ တံခါးဖွင့်ပေးသည်။

"မမကြီး နေမကောင်းဘူး"

အန်တီညို နေမကောင်းဘူးတဲ့၊

သားအတွက် စိတ်သောကတွေ ရောက်နေတာလား။

ချွေးမလောင်း နေခြည်ကိုများ သဘောမတူလို့လား။

တိုက်ကြီးထဲဝင်လာခဲ့ပြီး အန်တီညို့အခန်းထဲ ရောက်လာခဲ့သည်။

"အန်တီညို"

"ဟင် မှုံ"

"နေမကောင်းဘူးလား"

"အေးကွယ်၊ နည်းနည်းအသက်ရှုကျပ်နေသလားလို့ကွယ်၊ နားနေတာ"

ဒေါ်ညိုညိုလည်း မှုံလေးကို သနားလွန်း၍ ငိုချင်စိတ်တွေ ပေါက်နေရသည်။

မှုံလေးနဲ့ပဲ သဘောတူတာပါ၊

နေခြည့်ကို မိမိသားက ခေါ်လာသည်။

ရုပ်ရည်က ချောမောလွန်းနေပေမဲ့ မာန်မာန

တော့ ကြီးမည့်ပုံ၊

မိမိကိုပင် အထက်စီးကဆက်ဆံချင်သည်။

သားကလည်း နေခြည့်အား ထားစရာမရှိအောင် ပျာယာခတ်နေသည်။

"အန်တီညို"

"မှု"

"ဆေးခန်းသွားမလား"

"ဆရာဝန် လာကြည့်သွားပြီးပြီ မှု"

"အန်တီညို နေမကောင်းတာ သူရိန်သိလား"

"ဟင့်အင်း"

သားမသိအောင် အန်တီညို ဟန်ဆောင်နေတာ သူမ သိသည်။

"သားအဖေ နောက်တစ်ပတ် ပြန်ရောက်လိမ့်မယ် မှု"

"ဟင်"

သူမ ရင်ထဲမှာ အထိတ်တလန့်ဖြစ်သွားမိတော့သည်။

အန်ကယ်လွင် ပြန်ရောက်လာမှာ သူရိန့်မင်္ဂလာပွဲကြောင့်ပဲဖြစ်မှာ၊

"မှု"

"ရှင်"

"သား စေ့စပ်တော့မယ်လေ"

"ရှင်"





"သားက နေခြည်ကလွဲပြီး တခြားမိန်းကလေးတစ်ယောက်ကို လက်မထပ်နိုင်ဘူးတဲ့ကွယ်"

"အန်တီညိုကရော နေခြည့်ကို သဘောကျရဲ့လား"

"မှုလေးကိုပဲ အန်တီရော အန်ကယ်ပါ ချွေးမတော်ချင်နေကြတာပါကွယ်"

ဒါနဲ့များ၊

အန်တီညိုက ဘာဖြစ်လို့အတင်းအကျပ် စီစဉ်ဖို့ မကြိုးစားရတာလဲဟင်၊

သူမရော အန်တီညိုပါ ကြေကွဲဝမ်းနည်းမှုတွေ ံစားနေကြရသည်။

မျက်ဝန်းတွေထဲမှာ မျက်ရည်တွေနှင့် စိုစွတ်နေ၏။

"သားက လက်မခံရင် သူ နေခြည့်ကို ခိုးပြေးပြီး လက်ထပ်မှာတဲ့"

အန်တီညို့အဖြစ်တွေကိုလည်း ကျွန်မ နားည် သဘောပေါက်မိပါသည်။

သူရိန့်ကို ငယ်စဉ်လေးတည်းက အလိုလိုက်ထားတာပဲမဟုတ်လား၊

"သမီးလေး အန်တီတို့ကို နားလည်ခွင့်လွှတ်ပေးပါကွယ်"

အန်တီညို့လက်တွေကို ဆုပ်ကိုင်ဖျစ်ညှစ်ရင်း ားပေးနေခဲ့မိသည်။

□ □ □ □ □

## အခန်း(တစ်ဆယ့်ငါး)

"မှုံ"

"ရှင်"

မေမေနှင့်မမက သူမပြန်အလာကို စောင့်နေကြ သည်။

"ဘယ်က ပြန်လာလဲသမီး"

သူမ သွားလာလှုပ်ရှားနေတာနှင့်ပတ်သက်ပြီး မေမေ ဘယ်တော့မှမယုံမကြည်မေးမြန်းစပ်စုခြင်း မရှိခဲ့ပေ။

ဒီနေ့မှ၊

ထူးခြားနေသည်။

"မေမေ မေးနေတယ်လေ မှုံ"

"အန်တီညိုတို့ဆီက,ပါ"

"သမီး တစ်နေကုန် သွားချင်တာတွေ လျှောက်သွား နေတယ်မဟုတ်လား"

"ဘာဆန်းလဲ မေမေ၊ ခါတိုင်းနေ့တွေလည်း မှုံ ဒီလိုပဲ လျှောက်သွားနေကျပဲဟာ"

"မတူဘူး မှုံ၊ ရှေ့လျှောက် သမီးကိစ္စတွေကို မေမေ စိတ်ဝင်စားရတော့မယ်"

"ဟင်"

မေမေ့မျက်နှာက တစ်ခါမှမကြုံဖူးလောက် အောင် တင်းမာနေသည်။





သားအမိတွေ အမြဲတမ်းတရင်းတနှီးနှင့် ပျော် ရွှင်စွာနေထိုင်တတ်ကြ၏။

"မှုံ"

"ဟင်"

"နေခြည်ဆိုတဲ့ကောင်မလေးတစ်ယောက်နဲ့ သူရိန် လက်ထပ်ကြတော့မယ်တဲ့"

"မေမေ့ကို ဘယ်သူပြောတာလဲ၊ ကိုနန္ဒလား"

"မောင်နန္ဒက စိတ်ခါတ်အောက်တန်းကျပြီး မေမေ့ ကို လျှောက်ပြောတတ်တဲ့ယောကျာ်းတစ်ယောက် မဟုတ်ဘူးနော် မှုံ"

မှုံအား လေသံမာမာနှင့်ပင် မပြောခဲ့ဖူးသော မေမေသည် အခုတော့ ဒေါသတွေနှင့် ခက်ထန်မာကျောနေ သည်။

"သူရိန်ကိုယ်တိုင် လာပြောတာပဲ မှုံ"

"ဟင်"

"နေခြည်ဆိုတဲ့ကောင်မလေးပါ ခေါ်လာတယ်၊ မကြာ ခင် လက်ထပ်တော့မဲ့ချစ်သူတဲ့"

သူမအာနေနှင့် မေမေ့အား ဘာမှတုံ့ပြန်စကား တွေ မဆိုနိုင်တော့ပေ၊

သူရိန်၊

နင့်ဘက်က ဒီလောက်အထိတောင် ကြေညာ မောင်းခတ်နေတာပါပဲလား။

"သမီးကြီးကို ဘာပြောသွားတယ်ထင်လဲ မှုံ"

မမကတော့ သူမအား ကြင်နာသောမျက်ဝန်းတွေနှင့် ကြည့်နေသည်။

"သမီးကြီး နောက်မှပြောပြလိုက်"

မေမေကိုယ်တိုင်ပင် မပြောချင်လောက်အောင်ဖြစ်သွားပုံပင်၊

"မှုံကိုစ္စတွေကို မေမေ ဥပေက္ခာမပြုထားနိုင်တော့ဘူး၊ ဝင်ရောက်စွက်ဖက်ရလိမ့်မယ်"

သမီးကြီးကဲ့သို့ အရှက်တကွဲနှင့် ပတ်ဝန်းကျင်ရဲ့တံတွေးခွက်ထဲမှာ ပက်လက်မျောရမှာမျိုးတွေ အဖြစ်မခံနိုင်ပေ၊

မိမိ ဝင်ပါမှဖြစ်တော့မည်။

ဖတဆိုးသမီးလေးတွေဖြစ်၍ အလိုလိုက်ထားခဲ့၏။

သမီးကြီးရွေးချယ်တဲ့အိမ်ထောင်ရေးက မှန်ကန်မှုမရှိခဲ့ပေ၊

အမှားကြီးမှားသွားခဲ့သည်။

အသုံးအဖြုန်းကြီးပြီး ရှုပ်ပွေတဲ့ ယောက်ျားတစ်ယောက်ကိုမှ ရွေးချယ်မိသည်။

အချစ်ကို ဦးစားပေးလို့မဖြစ်ဘူး၊

"သမီးလေးအနာဂတ်အတွက် မေမေစီစဉ်ရမယ်"

"ဟင်"

သူမ အထိတ်တလန့်နှင့် မေမေ့ကို မော့ကြည့်မိသွားသည်။

"မေမေနဲ့ရှိစီ တိုင်ပင်ပြီး မောင်နန္ဒနဲ့သမီးကို လက်





ထပ်ပေးရမယ်"

"မေမေ"

"ဘာမေမေလဲ၊ ညည်း ငြင်းဆန်ဖို့ လုံးဝမစဉ်းစားနဲ့နော် မှုံ၊ သူရိန်က သူချစ်သူ မိန်းကလေးကိုပဲ လက်ထပ်မှာ.."

"သမီး..ဟို..သမီး..ကိုနန္ဒအပေါ် ဘယ်လိုမှ ချစ်လို့မရဘူးမေမေ"

"အမိပ္ပါယ်မရှိတာပဲ မှုံ၊ မောင်နန္ဒက အဖက်ဖက်ကပြည့်စုံပြီး တင့်တယ်တဲ့ယောက်ျားတစ်ယောက်၊ သမီးကိုလည်း ချစ်မြတ်နိုးတယ်၊ ဘာလိုသေးလဲ မှုံ"

မှုံ့ဆန္ဒတွေကို မလိုက်လျောရန် ဒေါ်မာမာဆုံးဖြတ်ပြီးသားပင်ဖြစ်သည်။

သူရိန့်ကို မိမိ သံယောဇဉ်မရှိ၍တော့ မဟုတ်ပါဘူး...ဒါပေမဲ့...

အသောက်အစား အပျော်အပါးတွေများပြီး စီးပွားရေးလုပ်ငန်းတွေကို ဘာတစ်ခုမှ စိတ်မဝင်စားပေ။

ညိုညိုကလည်း အလိုလိုက်လွန်းနေတော့ ခက်နေသည်။

"မောင်နန္ဒကို သမီးလေး လက်ထပ်ရမယ်၊ ငြင်းဆန်လို့လည်း မရဘူး မှုံ"

မှုံ စိတ်ရှုပ်ထွေးစွာဖြင့် နှုတ်ခမ်းသားလေးတွေကို စုထော်ထားမိသည်။

အရင်က၊

သမီး စိတ်ကောက်လျှင် မေမေ နည်းနည်းလေးမှ မနေတတ်မထိုင်တတ်ဖြစ်ကာ သမီးအလိုဆန္ဒတွေကို လိုက်လျောခွင့်ပြုခဲ့သည်။

အခု၊

မေမေ့မျက်ဝန်းအကြည့်တွေက ဆုံးဖြတ်ချက်တွေကို အခိုင်အမာချထားဟန်ဖြင့် နည်းနည်းမှအလျှော့မပေးမည့်ပုံပင်။

"မောင်နန္ဒနဲ့လက်ထပ်ဖို့ သမီးလက်ခံပါ..၊ မမအတွက် မေမေ ဘယ်လောက် အရှက်သိက္ခာတွေ ကျရသလဲ၊ အခုရော မမအိမ်ထောင်ရေး ဘယ်လောက်စိတ်သောကတွေ ရောက်ရလဲ"

မေမေ့စကားတွေက မှုံနှားထဲမဝင်ဘဲ လက်မခံလိုတဲ့ဆန္ဒတွေပဲ ပြင်းပြနေမိတော့သည်။

ကိုနန္ဒကို မချစ်ဘူး။

အချစ်မရှိတဲ့ယောကျ်ားတစ်ယောက်နဲ့ လက်ထပ်တော့ရော၊ မှုံ့ဘဝတစ်သက်လုံး စိတ်ချမ်းသာရမလား။

သူရိန်၊

နင် ဘဝတစ်လျှောက်လုံးအတွက် အနစ်နာခံပြီး ချစ်ခင်ယုယပေးမဲ့မိန်းမတစ်ယောက် ရှိလာနိုင်ပါဦးမလားဟင်။

ဆုံးပေတော့သောသူရိန်၊

ပညာလည်းမတတ်။

စီးပွားရေးလုပ်ငန်းတွေမှာလည်း နင်က စိတ်မဝင်စားဘူး၊

မိဘချမ်းသာမှုတွေအပေါ် မှာပဲ မှီတွယ်ခံစားနေတယ်။

ငါ တစ်ယောက်ပဲ နင့်အပေါ် ကြင်နာယုယမှုပေးနိုင်ပြီး အနစ်နာခံမှာပါဟာ၊

"မေမေ တစ်ခွန်းပဲပြောမယ် မှုံ၊ မောင်နန္ဒနဲ့ လက်ထပ်ရမယ်၊ မကြာခင် လူကြီးစုံရာနဲ့ စေ့စပ်မယ်"

မေမေက သူမအား ပြင်းဆန်ခွင့် တုံ့ပြန်ဆွေးနွေးခွင့်မရှိတော့ဘဲ ထ,သွားသည်။

မမပဲ ကျန်ခဲ့၏။

"မှုံ..သူရိန်က မမကိုပြောတယ်၊ သူမင်္ဂလာပွဲမှာ မှုံနောင့်ယှက်မှာ ကြောက်တယ်တဲ့၊ အန်တီညို့ကိုလည်း စိတ်သောကရောက်အောင် နောက်ကနေ မှုံ ထပ်ပြီး သွေးထိုးစကားတွေ မပြောစေချင်တော့ဘူး တဲ့"

"ဟင်"

နင် ငါ့အပေါ်မှာ ဒီလောက်အထိပဲ သံသယစဉ်ဖြတ်နိုင်လှချည်လားသူရိန်၊

မမ ငါ့ကို ဘယ်တော့မှမဟုတ်မမှန်တဲ့စကားတွေကို မပြောတတ်ဘူးဆိုတာ ငါ လက်ခံယုံကြည်တယ်။

မှုံ့နှလုံးသားတွေထဲမှာ တင်းကျပ်နာကျင်သောဝေဒနာတွေ ခံစားလာရသည်။

"မှုံနဲ့ ကိုနန္ဒကို လက်ထပ်ပေးဖို့ အသင့်တော်ဆုံးပါပဲတဲ့၊ သူ့ကိုတော့ မှုံ မျှော်လင့်မနေစေချင်ဘူးတဲ့"




စေတနာစာပေ

တဆတ်ဆတ်တုန်ရီလာတဲ့ နှုတ်ခမ်းသားလေးတွေကို ဖိကပ်ထားမိသည်။

နင် ဒီစကားတွေကို မမဆီမှာ တကယ်ပဲပြောခဲ့သလားသူရိန်၊

ရက်စက်လွန်းပါတယ်ဟာ။

ငါ့အချစ်တွေကို နင် ဒီလောက်အထိ ဥပေက္ခာပြု နေနိုင်ရက်လား၊

"ကိုနန္ဒက ညီမလေးကို ဘယ်လောက်ချစ်မြတ်နိုးတယ် ထင်လဲ မှူး၊ နင့်ဆန္ဒတွေကို ဆန့်ကျင်ပြီး ဘာမှမလုပ်ပါ နဲ့တဲ့၊ နင့်ကို အမြဲတမ်း စိတ်ချမ်းသာစေချင်တယ်တဲ့၊ သူ့အသက်ခန္ဓာ မြဲနေသရွေ့ နင့်ကို မျှော်လင့်နေမယ်တဲ့"

"တော်စမ်းပါ မမရာ၊ မှူး ဘာမှမကြားချင်တော့ဘူး၊ ထပ်မပြောနဲ့တော့"

သူမ ရှူးသွပ်မတတ် အော်ဟစ်ပြီး မမအနားမှ ထွက်လာခဲ့မိသည်။

အိပ်ရာပေါ်မှာ သူမ ကိုယ်လေး မှောက်ချလိုက်ပြီး ကြေကွဲစွာငိုပစ်လိုက်၏။

ဘာတွေဖြစ်နေကြတာလဲ၊

သူရိန်မှ မိန်းမတစ်ယောက်နဲ့တရားဝင်လက်ထပ်ရသေးတာမှမဟုတ်တာပဲ။

ကျွန်မမှာ မျှော်လင့်ချက်တွေ လုံးဝမရှိနေနိုင်တော့ဘူးလား၊





ကိုနန္ဒကို မချစ်ဘူး၊

ဘယ်တော့မှလည်း လက်မထပ်ဘူး။

ရှင် ကျွန်မကို ဘာဖြစ်လို့လာပြီးချစ်နေရတာလဲ ကိုနန္ဒ၊

ကိုနန္ဒဆိုတဲ့လူတစ်ယောက်မရှိရင် ကျွန်မတစ်ယောက်တည်း သူရိန့်အပေါ် အမြဲတမ်းမျှော်လင့်နေနိုင်မှာ။

"မှူး"

မမ ဝင်လာသည်။

"မငိုပါနဲ့ဟယ်၊ မမရဲ့အတွေ့အကြုံအရ မိန်းကလေးတစ်ယောက်ရဲ့ဘဝမှာ..ရွေးချယ်မှု မှားယွင်းခဲ့ရင် ဒီ့ထက်မက အပူမီးတွေ တောက်လောင်ပြီး သောကဝေဒနာတွေခံစားရတော့မှာပဲ"

စိမ့်ကိုယ်တိုင် မိမိကို ငွေကြေးအရလက်ထပ်သော ကိုယ်ကျင့်တရားပျက်ပြားသည့်ယောကျ်ားတစ်ယောက်အား ရွေးချယ်လက်ထပ်မိခဲ့သည်။

နေ့စဉ်၊

သောကဝေဒနာတွေနှင့် ကိုယ်စိတ်နှစ်ပါးလုံး မောပန်းနွမ်းနယ်ကာ ကျိတ်မှိတ်၍မျက်ရည်ကျနေရသည်။

ကွဲကွာလို့လည်းမရ၊

မင်းကို ဘယ်တော့မှ ကွာမပေးဘူးတဲ့။

သူမကို ချစ်ခင်နှစ်သက်၍မဟုတ်၊

အေးအေးချမ်းချမ်းနှင့် ငွေကြေးဥစ္စာတွေကို သုံးဖြုန်းပျော်ပါးနေချင်၍ ဖြစ်သည်။

အလုပ်လုပ်မယ်ဆိုပြီး ငွေတွေတောင်းယူပြီး အောင်မြင်စေရန် ဘာတစ်ခုမှ မယ်မယ်ရရမလုပ်ခဲ့၊

မိန်းမတွေနှင့် ရှုပ်ပွေနေသည်။

စိမ့်ဘဝတွင် အိမ်ထောင်ရေးသုခဆိုတာ ဘာတစ်ခုမှမရှိခဲ့ပေ၊

"စိတ်ကူးမလွဲပါနဲ့ကွယ်၊ ကိုကိုက မမကို ချစ်သူဘဝက ချစ်တယ်လို့ပြောသေးတယ်၊ လက်ထပ်ပြီးမှ သစ္စာမဲ့တာ၊ မမအပေါ် အကျင့်ယုတ်ခဲ့တာ၊ နင့်သူရိန်က နင့်ကို မချစ်ဘူးလေ"

ညီမလေးအား အတတ်နိုင်ဆုံး နားဝင်အောင် ဖျောင်းဖျနေမိသည်။

"မေမေက ထပ်ပြီးအရှက်တကွဲဖြစ်မှာ ကြောက်နေတယ် မှုံ၊ တို့ညီအစ်မနှစ်ယောက်လုံး မေမေ့ကို စိတ်ဒုက္ခရောက်အောင် မလုပ်မိကြဖို့ ပြောချင်တယ်"

စိမ့်က ညီမလေးအား ပခုံးလေးကို ဖက်ထားလိုက်သည်။

"သူရိန်က မှုံ့ကိုမှမချစ်တာပဲ"

"တော်ပါတော့ မမ"

"ညီမလေး ခေါင်းမမာစမ်းပါနဲ့နော်၊ မေမေကလည်း ဒီတစ်ခါ နောက်ဆုတ်မှာမဟုတ်ဘူး"

သူရိန်..နင့်ဘက်က လိုအပ်ရင် ငါ အရာအားလုံးကို ရင်ဆိုင်မယ်။

ငါ့မျှော်လင့်ချက်တွေကို ဖျက်ဆီးမပစ်ချင်သေးဘူး၊





တရားဝင်လက်မထပ်ရသေးတဲ့ ယောကျ်ားတစ်ယောက်ကို ငါ မျှော်လင့်နိုင်သေးတယ်။

"မေမေက ပြောတယ် မှုံ၊ ဒီနေ့ကစပြီး နင် ဟိုဘက်အိမ်နဲ့မဆက်ဆံရတော့ဘူးတဲ့"

"ဘာ"

သူရိန်နဲ့မဆက်ဆံရတော့ဘူးလား၊

ဘာဆိုင်လဲ။

အန်တီညို နေမကောင်းဘူး။

ချွေးမကာရော အန်တီညို့ကို တယုတယဆက်ဆံမလား။

အားပေးမဲ့သူ မှုံပဲရှိတာ၊

"အပြင်တောင် နင်တစ်ယောက်တည်း ထွက်ခွင့်မပြုနိုင်တော့ဘူးတဲ့"

"မှုံ့ကို ဘာဖြစ်လို့ချုပ်ချယ်ကြတာလဲ၊ ဘာဖြစ်လို့ တားဆီးပိတ်ပင်နေကြတာလဲ"

သူမ အော်ပစ်သည်။

မြင်မြင်သမျှပစ္စည်းတွေကို ဆွဲယူပစ်ပေါက်နေမိ၏။

"ဝုန်း"... "ဒိုင်း"... "ဝုန်း"... "ဝုန်း"...

"မှုံ"

မမက သူမလက်လေးတွေကို ထိန်းချုပ်နေရသည်။

"မေမေကြားသွားရင် မကောင်းဘူးနော်..မှူး"

"မှူး တစ်ယောက်တည်း နေပါရစေ..မမ သွားပါ
တော့.."

"မမ သွားမယ်နော်..မှူး ထပ်ပြီး ဘာမှ မသောင်း
ကျန်းနဲ့တော့..မေမေ ကြားသွားရင် စိတ်မကောင်း
ဖြစ်ပါ့မယ်.."

စိမ့် ညီမလေးကို ချော့မော့နှစ်သိမ့်ပြီး အပြင်သို့
ပြန်ထွက်လာခဲ့သည်။

"စိမ့်"

အခန်းဝတွင် မေမေနှင့် ဆုံသည်။

"မှူး ဘာဖြစ်နေလဲ.."

"ညီမလေးက အစွဲအလမ်းကြီးတာ မေမေ သိသား
ပဲ..၊ သူရိန်မှ သူရိန် ဖြစ်နေတယ်။ ထားလိုက်ပါ
မေမေ"

"ဒီတစ်ခါတော့ မေမေ လုံးဝ အလိုမလိုက်နိုင်ဘူး..
သူရိန်က သမီးလေးကို နှစ်မှ မနှစ်သက်တာပဲ ဟာ.."

"မှူး တစ်နေ့ကျရင် သူရိန်ကို မေ့သွားမှာပါ မေမေ
သိပ်ပြီး မတားဆီးပါနဲ့.."

စိမ့် ညီမလေးကို သနားနေမိသည်။

သူရိန်နှင့် လက်ထပ်လျှင်တော့ ညီမလေး ဒုက္ခ
ရောက်မှာပဲ။

"လူကြီးမိဘတွေ စီစဉ်တာကိုပဲ မှူး နာခံရမယ်..
အလိုလိုက်ရင် ချစ်ရာ မရောက်ဘဲ နှစ်ရာ ရောက်





နေမယ် သမီးကြီး.."

သမီးငယ်အခန်းအား တံခါးလေး နည်းနည်းဟ
ပြီး ကြည့်မိသည်။

တသိမ့်သိမ့် ရှိုက်ငိုနေ၏။

မိမိသည် သမီးတွေကို စိတ်အနှောင့်အယှက်
ဖြစ်အောင် မလုပ်ခဲ့ပေ။

လွတ်လပ်ပျော်ရွှင်စွာဖြင့် ကြီးပြင်းစေခဲ့သည်။

လိုအင်ဆန္ဒတွေ ပြည့်ဝစေခဲ့၏။

မျက်ရည်ကြီးငယ် ကျစေအောင် နာကျင်အောင်
တယ်တော့မှ မလုပ်ဆောင်ခဲ့၊

လမ်းမှားပေါ် ရောက်နေတဲ့သမီးလေးအား တည့်
မတ်ထိန်းကျောင်းပေးဖို့တော့ မိမိမှာတာဝန်အရှိဆုံးဖြစ်နေရ
သည်။

အလိုမလိုက်နိုင်တော့၊

"ဟင့်..အဟင့်..ဟင့်.."

မကြားရက်ပေ၊

တံခါးကို ပြန်စေ့ပိတ်ထားလိုက်သည်။

အခုချိန်မှာ၊

သမီးကြိုက်သလောက်ငိုကြွေးပါစေ။

ဘဝတစ်လျှောက်လုံးအတွက်နှင့်စာလျှင် ထိုငို
ကြွေးမှုက ဘာမှမပြောပလောက်၊

သမီးအခန်းဝမှ ပြန်လှည့်လာခဲ့မိသည်။

□ □ □ □ □

## အခန်း(တစ်ဆယ့်ခြောက်)

သူမအိပ်၍မရ၊

မျက်တောင်လေးတွေကိုထိပိတ်ထားပေမဲ့ အသ

တွေက နိုးထ,နေသည်။

သူရိန် မလာသေးဘူး၊

အန့်တီညိုတစ်ယောက်တည်း။

သူမ အိပ်ခန်းပြတင်းပေါက်ကနေ တစ်ဘက်ခြ

ကြီးအားကြည့်နေမိသည်။

အခုထိ၊

သူရိန့်ကား ဝင်မလာသေးပေ။

ဘယ်နှစ်နာရီရှိနေပြီလဲ။

မေမေပြောထား၍ တစ်ဘက်ခြံသို့ မှုံ တစ်

ကုန် မသွားရသေးပေ၊

အန့်တီညိုနှင့် အိမ်ဖေါ်ကောင်မလေး ဆေးခ

သွားကြတာ လှမ်းတွေ့လိုက်ရသည်။

သူမ သွားချင်နေ၏။

မေမေက အခုတလော ဆိုင်မှာပင်မထိုင်တော

ဘဲ သူမအား စောင့်ကြည့်နေသည်။

မလွှတ်လပ်တော့၊





"သမီး ဘယ်ကို သွားချင်လဲ၊ မေမေလိုက်ပို့ပေးမယ် နော်"

သူမဘယ်မှ သွားချင်တဲ့ဆန္ဒမရှိ၍ အိမ်ထဲမှာ ပင်နေမိသည်။

ရှေ့ခြံကြီးကိုပဲ လှမ်းမျှော်ပြီး ကြည့်ရှုနေမိ၏။

သူရိန် ဘယ်အချိန်ထွက်သွားတယ်၊ ဘယ်အချိန် ပြန်ဝင်လာတယ်ဆိုတာ အမြဲတမ်းစောင့်ကြည့်နေမိတာ အလုပ် တစ်ခုလိုပင်။

ဘယ်အချိန်ရှိနေပြီလဲ၊

သူရိန်ပြန်မလာသေးဘူး။

အန့်တီညိုကတော့ တမျှော်မျှော်နဲ့ပူပင်သောက တွေရောက်နေတော့မှာပဲ၊

မဖြစ်ဘူး၊

သူမ သွားမယ်။

အန့်တီညို့ကိုလည်း မိခင်သဖွယ် သူမ ချစ်ခင် တွယ်တာခဲ့မိသည်။

အခန်းထဲကနေ တိတ်တိတ်လေးထွက်လာခဲ့မိ ၏။

ခြံတံခါးမကြီးနားရောက်တော့ ဒရိုင်ဘာကိုမြ က တွေ့သွားသည်။

ခြံစောင့်လည်းဖြစ်၍ ခြံတံခါးသော့က ဦးမြထံ မှာပဲ ရှိသည်။

"ဟိုအိမ်သွားမလို့"

"မဖြစ်ဖူးထင်တယ်၊ မမကြီး ဆူလိမ့်မယ်၊ သူ့ကို အသိမပေးဘဲ မှုံမှုံလေးကို ထွက်ခွင့်မပြုရဘူးတဲ့"

"မှုံ တောင်းပန်ပါတယ်ဦးလေးမြ၊ ခဏလေးပါနော်၊ အန်တီညို့ဆီပါ"

"မဖြစ်ဖူး မှုံ၊ မင်းကို တံခါးဖွင့်ပေးလိုက်ရင် ဦးလေးမြပဲ အလုပ်ပြုတ်သွားလိမ့်မယ်"

"ဖွင့်နော်၊ ကျွန်မကို ပိတ်လှောင်ထားရင် ကိုယ့်ကိုကိုယ် သတ်သေပစ်လိုက်မှာ"

"ဟင်"

မှုံ ကြိမ်းဝါးသံကြောင့် ဦးမြ အထိတ်တလန့်ဖြစ်သွားမိသည်။

"ဖွင့်လေ"

"ဖွင့်ပေးပါ့မယ်၊ မှုံလေး ဘာမှမလုပ်ပါနဲ့နော်၊ ခဏနေရင် အေးအေးဆေးဆေးပြန်လာခဲ့နော်"

"အင်း"

ဦးမြကလည်း နောက်မှ မမကြီးဆီအကြောင်းကြားရမည်ဟု စိတ်ကူးပြီး တံခါးဖွင့်ပေးလိုက်သည်။

"ဦးလေးမြ"

"ဟင်"

"မေမေ့ကို သွားပြီးအသိမပေးနဲ့နော်၊ မှုံ အေးအေးဆေးဆေးပြန်လာခဲ့မယ်၊ မေမေသိသွားရင်တော့ မှုံ တစ်ခုခုလုပ်ပစ်လိုက်မှာပဲ"

"အေးပါကွယ်၊ မှုံလေး အေးအေးဆေးဆေးပြန်လာခဲ့ပါ၊ ဦးလေးမြ အလုပ်ပြုတ်အောင်တော့ မလုပ်ပါနဲ့"

"အင်းပါ"

မှုံ အပြင်ထွက်လာခဲ့ပြီး တစ်ဘက်ခြံကြီးထဲရောက်လာသည်။

ခြံစောင့်ကြီးက တံခါးနားမှာ အဆင်သင့်စောင့်နေတာတွေ့ရ၏။

"ဟင် မှုံ"

လူခေါ်ဘဲလ်သံကြောင့် ခြံတံခါးကြီးပွင့်သွားတော့သည်။

"မောင်သူရိန်ကို အဆင်သင့်စောင့်နေတာလေ၊ ဟွန်းတီးတာနဲ့ တံခါးပွင့်မှ၊ အခုတလော အရက်တွေ ပိုသောက်လာပြီး ညဉ့်နက်တယ်"

သူမ တိုက်ကြီးထဲဝင်မည်အလုပ်တွင် အန်တီညို ထွက်လာခဲ့သည်။

"မှုံမှုံ"

"အန်တီညို"

"သမီးလေးအသံကြားလို့ အန်တီညိုထွက်လာတာ၊ အခုတလော သမီးပျောက်ချက်သား ကောင်းလှချည်လား"

"အပြင်မှာ အေးတယ်,အန်တီညို၊ တိုက်ထဲဝင်ရအောင်"

အန်တီညို့ကို ဖေးမပြီး တိုက်ကြီးထဲဝင်လာခဲ့မိသည်။

"သူရိန် ပြန်မလာသေးဘူးထင်တယ်"

"အေးကွယ်"

အရင်ကလည်း ထိုကဲ့သို့ပင် သူရိန် ပြန်မရောက်သေးလျှင် အန်တီညို့အား လာ၍ အဖော်နေပေးနေကျဖြစ်သည်။

"သမီးလေး ညဥ့်နက်နေပြီ၊ အခုတလော သူရိန် ပြန်လာတာ နောက်ကျတတ်တယ် မှူး"

"အန်တီညို ဆေးသောက်ပြီးအိပ်ပါလား"

"သားမလာမခြင်း အိပ်လို့မရပါဘူးကွယ်၊ အကျင့်ဖြစ်နေပြီ"

"သူရိန် မိန်းမယူခါနီး ဒီလောက်ပေတောလေလွင့်မနေသင့်ဘူးထင်တယ်"

"ပြောလို့လည်းမရဘူး မှူး၊ မိန်းမရသွားရင်တော့ ငြိမ်သွားမလားပဲ၊ သားအဖေတော့ သန်ဘက်ခါပြန်ရောက်ပြီ"

"သူရိန်နဲ့နေခြည် တကယ်ပဲ လက်ထပ်ကြတော့မှာလားအန်တီ"

"အေးကွယ်၊ ဘယ်တတ်နိုင်မလဲ၊ သားဆန္ဒပဲဟာ၊ အန်တီကတော့ ပေးဆပ်မှုသက်သက်ပါပဲ"

အန်တီညို့စကားကြောင့် သူရိန့်ကို သူမ စွန့်လွှတ်ဖို့ သေချာသလောက်ဖြစ်သွားသည်။

မျှော်လင့်ချက်သေးသေးလေးလောက်ပင် မသေချာတော့၊





ဘာပဲဖြစ်ဖြစ်၊

သူရိန်က ကျွန်မ သူငယ်ချင်းပါပဲ။

ထာဝရချစ်သူတစ်ယောက်အဖြစ် ကျွန်မနှလုံးသားထဲမှာ လျှို့ဝှက်စွာ သိမ်းဆည်းထားရန်ပဲရှိတော့သည်။

"အန်တီညိုကတော့ မှူးလေးပဲ အားနာနေတာကွယ်၊ သားမိုက်တယ်၊ သားရွေးချယ်မှုတွေကို အန်တီညိုတို့ဘာမှ ဝင်ရောက်စွက်ဖက်ပြောဆိုဟန့်တားနိုင်ခြင်းမရှိတော့ဘူးဆိုတာတော့ သမီး နားလည်စေချင်တယ်"

"သမီး နားလည်ပါတယ်အန်တီညိုရယ်"

မေမေက သူမကို အန်တီညို့အိမ်သို့သွားရန်တားဆီးပိတ်ပင်ထားတာ မသိသေးပေ၊

သိရင်ဘယ်လောက်အထိ စိတ်မကောင်းဖြစ်နေလိုက်မလဲ။

"တီ..တီ.."

"တီ.."

"ဟင်..အန်တီညို၊ သူရိန် ပြန်လာပြီထင်တယ်"

သူမ မျက်နှာလေးက ဝင်းလက်တောက်ပသွားရသည်။

သူရိန် ဒယိမ်းဒယိုင်နှင့် တိုက်ထဲဝင်ရောက်လာတော့၏။

"သူရိန်"

"ဟင် မှူး၊ ဘာလာလုပ်နေတာလဲ၊ မိန်းကလေးတစ်ယောက်ဖြစ်ပြီး ဒီအချိန်အထိ နေရလား"

သူရိန်သည် သူမ ရှိနေတာကို သဘောမကျ သလို ကြည့်သည်။

ရီဝေနေတဲ့ နင့်မျက်လုံးတွေက နင်ဘယ်လောက် အထိ အရက်တွေသောက်ပြီး အပျော်ကျူးလာလဲဆိုတာ သိသာ နေတယ်၊

နင် ကြိုက်ကြိုက် မကြိုက်ကြိုက် ငါကတော့ နင့် ဆီ လာရမှပဲ သူရိန်။

ပြောသင့်တာ ပြောရမှာပဲ၊

"နင်က အခုမှ ကြီးကျယ်မနေစမ်းပါနဲ့သူရိန်၊ ငါ ဒီအိမ်ကို အချိန်မရွေး အမြဲတမ်းဝင်ထွက်နေကျပါ။ အန်တီ ညို့ကို အမြဲတမ်းအဖော်နေပေးကျပါ.."

"ငါက လက်ထပ်တော့မယ်၊ နေခြည် တစ်မျိုးထင်မှာ မျိုး ငါမလိုလားဘူး မှုံ"

"သား"

"ဒီကောင်မလေးကို ပြတ်ပြတ်သားသားပြောမှ ဖြစ် တော့မယ်မေမေ၊ နေခြည်က အရမ်းသဝန်ကြောင်တာ ပဲ"

"နင် အရက်တွေသောက်ပြီး နိုက်ကလပ်တက်နေ တာရော, နင့်ကောင်မလေးက ဘာမှမပြောဘူးလား သူရိန်"

"နေခြည်နဲ့ ငါက စိတ်တူသဘောတူပဲလေ၊ အခု နေခြည့်ကိုပြန်ပို့ပြီး ငါ ပြန်လာတာပဲ"

သူရိန် အတော်လေးမူးလာပြီး ကိုယ်ကို မနည်း





ထိန်းနေရသည်။

ခြေလှမ်းတွေပင် မမှန်ချင်

"မေမေ၊ ဒီကောင်မလေး မလာစေနဲ့တော့၊ ခင်တာ က ခင်တာပဲ မှုံ..၊ ကိုနန္ဒနဲ့လက်ထပ်သင့်တယ်..၊ နင် ဘာဖြစ်လို့ ငြင်းဆန်နေရတာလဲ"

သူ ပြောပြီး အပေါ်ထပ်သို့ ဒယိမ်းဒယိုင်နှင့် တက်သွားတော့သည်။

မှုံ နှုတ်ခမ်းသားလေးတွေကို တင်းကျပ်စွာဖိကပ် ထားမိ၏။

"မှုံမှုံလေး"

"အန်တီညို လုံးဝ တားဆီးဟန့်တားနိုင်စွမ်းမရှိဘူး ဆိုတာ သမီးသိပါတယ်"

သူရိန်၊

နင့်ဆီကို မလာသင့်တော့ဘူးဆိုတာ ငါ သိနေပါ တယ်။

ငါ ဆုံးဖြတ်လိုက်ပါပြီ၊

နင်နဲ့အဝေးဆုံးကို ငါ သွားတော့မှာပါ။

❑ ❑ ❑ ❑ ❑

## အခန်း(တစ်ဆယ့်နှစ်)

"သမီး မေမေ့ကို ဆန့်ကျင်ပြတာလား.."

"မေမေ"

မေမေသည် သူမ ထွက်သွားပြီးကတည်းက စောင့်နေသည်တဲ့။

"ဒါ မိန်းကလေးတစ်ယောက်က ယောကျာ်းလေး တစ်ယောက်အိမ် သွားရမဲ့ အချိန်လား.."

"သမီး အရင်ကလည်း သွားနေကျပါပဲ မေမေ"

"ဘာအေ့"

သူမ ဒီအသက်အရွယ်အထိ မေမေ ဒေါသထွက်တာ တစ်ကြိမ်တစ်ခါမျှ မမြင်ဖူးခဲ့ပေ။

မေမေ ဒေါသတွေ အကြီးအကျယ်ထွက်နေတော့သည်။

"အရင်က ညည်းသွားတာ အရေးမကြီးဘူး..မှုံ၊ မိတ်ဆွေသူငယ်ချင်းအိမ် အခုသွားတာ ဘယ်လောက်အထိ အရှက်သိက္ခာမဲ့စေလဲ"

အန်တီညို နေမကောင်းဘူးဆိုတာ မေမေလည်း သိနေသည်။





သတင်းမေးပင် မေမေ မသွားခဲ့။

မှုံမှ မနေနိုင်တာ။

သူရိန် ပြန်မလာလို့ အန်တီညို ဘယ်လောက်အထိ အားငယ်နေရှာမလဲ။

မှုံ အမြဲတမ်း ပူပန်နေခဲ့သော အကြောင်းအချက်တစ်ခုပဲ ဖြစ်သည်။

သူရိန် လာပြောသွားကတည်းက အန်တီညိုတို့အိမ် မေမေ မသွားတော့။

လုံးဝ အဆက်အသွယ် ဖြတ်ခဲ့သည်။

မှုံကိုပင် သွားခွင့် မပေး

"မှုံ.."

"ရှင်.."

"နင့်ကို သူရိန်က မောင်းထုတ်ပစ်လိုက်တယ် မဟုတ်လား.."

ဒီဘက်ကနေ သူရိန်တို့ခြံကြီးထဲ မေမေ အကဲခတ်နေပုံပင်။

မှုံ ပြေးထွက်လာတာ မေမေ တွေ့သွား၍ပဲ ဖြစ်နိုင်သည်။

မေမေ ဒီလောက်ထိ ဒေါသတွေ ထွက်နေတာ မဟုတ်လား။

"ပြောလေမှုံ.."

"မဟုတ်ပါဘူး..မေမေ"

"ဘာ မဟုတ်ရမှာလဲ..မေမေကိုယ်တိုင် မြင်တာပဲ

ဟာ"

သမီးကိုလည်း ဒေါ်မာမာ အပြစ်မတင်ရက်အောင် ဖြစ်နေမိသည်။

ငယ်စဉ်လေးကတည်းက အတူသွား အတူစားနေထိုင်လာခဲ့ကြတာ မဟုတ်လား။

သူရိန် နှိုပ်စက်သမျှ မငြိုမငြင်ပင် သမီးဘက်မှ သည်းခံတတ်သည်။

"မှုံလေး ကြီးလာရင် ညီတော့ ချွေးမတော်ရမှာပဲနော်
မာ..၊ ဘာဖြစ်လို့လည်းဆိုတော့ သားရဲ့ သည်းညည်း
ခံတဲ့ သမီးလေး ဖြစ်နေလို့ပဲ"

ဒေါ်မာမာကတော့ ဆွေမျိုးတမျှ ချစ်ခင်ရင်းနှီးနေကြ၍ သဘောတူကြည်ဖြူခဲ့သည်။

သမီးက ရှေးဘဝကံပဲ ထင်သည်။ သူရိန့်အပေါ်ကြီးမားစွာ သံယောဇဉ်တွယ်နေ၏။

သူရိန့်ဘက်ကတော့ တစ်နေ့တခြား ပို၍စိမ်းကားလာတာ မိမိ သတိထားမိသည်။

ဆိုးပေတေနေသော သူရိန့်ကိုလည်း သမီးလေးနှင့် လက်မထပ်စေလိုခဲ့။

"မှုံ ညည်းလေးကို မေမေ မဆူချင်ပါဘူး..၊ အပြစ်
လည်း မတင်ချင်ပါဘူးကွယ်.."

သမီးလေး စိတ်တွေ ရှုပ်ထွေးနေတဲ့အချိန်တွင် ထပ်ပြီး မနှိပ်စက်ချင်ပေ။

မောင်မြ ပြောသလို သူမကိုယ်သူမ တစ်ခုခုပြု





လုပ်သွားမှာလည်း စိုးမိသည်။

"မှုံ.."

သမီး မျက်ဝန်းလေးတွေထဲမှာ မျက်ရည်တွေပြည့်နေသည်။

"သူရိန်ကမှ သမီးလေးကို လက်မခံတာ.."

သူမ နှုတ်ခမ်းသားလေးတွေ တဆတ်ဆတ် တုန်ယင် လာရတော့သည်။

မကြားချင်ဘူး...
ဘာမှ မကြားချင်ဘူး
ကျွန်မ လုံးဝ နားမထောင်ရဲတဲ့ စကားတွေပဲ။
သူရိန်
နင့်ဘက်ကတော့ ဘယ်လောက်ပဲ ဥပေက္ခာပြုပါစေ...
ငါကတော့ ချစ်နေမှာပဲ။
ချစ်တယ်...နင့်ကို ချစ်တယ်။
တကယ်ဆို
နင်နဲ့ အဝေးဆုံးမှာ နေဖို့ ငါ ဆုံးဖြတ်ထားပြီးသားပါ။

"မှုံ.."

မေမေ ပြောမဲ့စကားတွေကို သူမ ကြိုတင်သိရှိနေပြီးသား ဖြစ်သည်။

"သမီး မေမေ့စကားကို နားထောင်ပြီး မောင်နန္ဒနဲ့
လက်ထပ်ပါ.."

"ဟင့်အင်း"

"ဘာ.."

"သမီး ဘယ်သူ့ကိုမှလည်း မချစ်ဘူး၊ ဘယ် ယောကျ်ား ကိုမှလည်း လက်မထပ်ဘူး..၊ မေမေတို့ အတင်း အကျပ် လက်ထပ်ပေးရင် နောက်မှ နောင်တ ရ မနေ နဲ့နော်.."

သူမ

ငြင်းဆန်လိုက်မိသည်။

ကိုနန္ဒနှင့် လက်မထပ်လိုပေ။

မျှော်လင့်ချက်တွေ...

နောက်ဆုံးအထိ သူရိန်ကို ကျွန်မ မျှော်လင့်နေ ချင်သေးလို့ပါ။

"သမီး ဘာဖြစ်လို့ ခေါင်းမာချင်နေရတာလဲ..၊ အဓိပ္ပါယ် မရှိတာပဲ မှုံ..၊ သူရိန်က လက်ထပ်တော့မယ်.. သူ့မှာ ချစ်သူ ရှိနေပြီ၊ သမီးဘဝတစ်လျှောက်လုံး သောက တွေ ဒုက္ခတွေ ရင်မှာပိုက်ပြီး ကိုယ့်ကို မချစ်မနှစ် သက်တဲ့ ယောကျ်ားတစ်ယောက်ကို မျှော်လင့်ရင်း အချိန်တွေ ကုန်ဆုံးခံမလား.."

သူရိန်မှ လက်မထပ်သေးတာဘဲ မေမေဟု သူမ ရင်ထဲမှ ပြောနေမိသည်။

တရားဝင် မိန်းမမှ မရသေးတာ။

နှုတ်ခမ်းသားလေးတွေ တဆတ်ဆတ်တုန်လာ ပြီး ငိုချင်နေရသည်။





မေမေ့ရှေ့မှ ရှောင်ထွက်သွားဖို့ ကြိုးစားမိ၏။

"နေဦး... မှုံ"

သူမလက်လေးအား မေမေက ဆောင့်ပြီးဆွဲထား သည်။

"ညည်း တကယ်မောင်နန္ဒနဲ့လက်ထပ်ဖို့ကိစ္စ လက်မခံ ဘူးပေါ့ မှုံ"

"ဟုတ်တယ်မေမေ၊ သမီးဆန္ဒမပါပဲ ဘာမှမလုပ်ပါနဲ့၊ သမီးအနေနဲ့ မေမေ့ကိုဆန့်ကျင်တာတော့မဟုတ်ပါ ဘူး မေမေရယ်၊ ကိုနန္ဒပဲ စိတ်သောကတွေရောက်ရ မှာ စိုးလို့ပါ"

သူမမှ ကိုနန္ဒကိုမချစ်တာ၊

ကိုနန္ဒနှင့်စေ့စပ်ပြီးမှ သူရိန်အား တမ်းတမနေ ချင်ပေ။

မေမေ့အနားမှ သူမထွက်လာခဲ့သည်။

ဒေါ်မာမာကတော့ သမီးကိစ္စဘယ်လိုလုပ်ရမှန်း ပင်မသိအောင်ဖြစ်နေ၏။

သူရိန်က လက်ထပ်တော့မယ်၊

သမီး၊ကိုလည်း မနှစ်သက်ပေ။

ကံကြမ္မာပဲလား။

သမီးကြီးဘုန်းကလည်း မိမိတို့ အရှက်တကွဲ ဖြစ်ရသည်။

အခု၊

လာပြန်ပြီ။

"မေမေ"

"ဟင်"

သမီးကြီးစိမ့် ရောက်လာသည်။

"စိမ့် ညည်းလည်းအချိန်မတော်မှ ဘာကိစ္စ မေမေ့ဆီ ရောက်လာရတာလဲ"

သမီးကြီးရောက်လာတာ ကောင်းသောလာခြင်း မဟုတ်ဘူးဆိုတာ မိမိသိနေသည်။

မျက်နှာလည်း မကောင်း၊

"စိမ့်"

"မေမေ"

"ညည်း ဘာဖြစ်လာသလဲ"

"ကိုကိုနဲ့ ရန်ဖြစ်လာလို့မေမေ၊ သမီး လုံးဝသည်းမခံနိုင်တော့လို့ထွက်လာတာ"

"ဟင်"

ကိုကိုက နောက်မိန်းမတစ်ယောက်ကို ပေါ်တင် ယူလာခဲ့သည်။

သူမနှင့်မနီးမဝေးတိုက်ခန်းမှာထားကြောင်း သိ ရ၏။

"ယောကျ်ားကောင်း မောင်းမတစ်ထောင်တဲ့ စိမ့်၊ မင်းကိုမချစ်လို့မှမဟုတ်တာပဲ၊ ဒီကောင်မလေးက ကိုယ်နဲ့ ငြိသွားပြီး မလွှဲသာမရှောင်သာလို့ လက်ထပ်ယူရတာပဲ"

"ရှင် အကျင့်မယုတ်နဲ့နော်၊ ကျွန်မငွေကြေးတွေ ထိုင်





ဖြုန်းရုံတင်မကဘူး၊ ရှင့် နောက်မိန်းမကိုပါ ကျွန်မက ထပ်ကျွေးရဦးမှာလား"

"မင်း ငွေစကားသိပ်ပြောတဲ့မိန်းမပဲ၊ ငါ မင်းကို လက်ထပ်တာ ငွေကြောင့်ပဲစိမ့်"

"ရှင်..ရှင်.."

"မင်း ငါ့ကို ကွာရှင်းမယ်ဆိုရင် မင်းပိုင်တဲ့စည်းစိမ်တွေ တစ်ဝက်ခွဲပေးရမှာနော်"

"ရှင်"

သူမ ဘာမှမပြောသာတော့၊

နှုတ်ခမ်းသားလေးတွေကို တင်းကျပ်စွာဖိကပ်ထားမိသည်။

မေမေ့ကိုရော ပြောသင့်တာတွေ ပြောပြမိ၏။

"သမီး ဘာဆက်လုပ်သင့်လဲမေမေ".

သမီးကြီးက တစ်မျိုး၊

"ဒီကောင့်ကို စည်းစိမ်တစ်ဝက်ပေးပြီးကွာရအောင်လည်း မတန်ဘူးသမီးကြီး"

သမီးကြီးခင်ပွန်း ရှာဖွေတဲ့ စည်းစိမ်ဥစ္စာမရှိပေ။

ထိုင်ပြီးသုံးဖြုန်းနေတာပဲ ရှိသည်။

"ဒီအတိုင်းပဲနေ စိမ့်၊ မေမေကြည့်ပြီးစီစဉ်မယ်၊ ရှေ့နေတွေနဲ့တိုင်ပင်ပြီး လုပ်မှထင်တယ်"

ဒေါ်မာမာ့ခေါင်းတွေ နောက်လာပြီး စိတ်ညစ်နေမိသည်။

ငွေကြေးအရ အဆင်ပြေသော်လည်း လူမှုရေး

အရ ရှုပ်ထွေးနေ၏။

သမီးတွေ မိုက်တယ်၊

အသက်အရွယ်ကြီးရင့်လာတဲ့မိခင်ကိုပင် မထောက်ထားကြ။

"မေမေ"

"ဟင်"

"မှုံရော"

"အခုပဲ မေမေဆူလို့ အခန်းထဲဝင်သွားတယ်"

မောင်နန္ဒနှင့်လက်ထပ်ဖို့လက်မခံကြောင်း ပြောပြမိသည်။

"သူရိန်က သမီးကို လုံးဝလက်မခံဘူးစိမ့်၊ မှုံ ဘာဖြစ်နေတာလဲ၊ ဘာတွေဖြစ်လာမလဲဆိုတာ မေမေတော့ မတွေးတတ်တော့ပါဘူးကွယ်"

မေမေကိုလည်း စိမ့်သနားနေမိသည်။

အသက်ကြီးပြီ၊

စိမ့်ကြောင့် စိတ်သောကတွေခံစားနေရပြီး အခုညီမလေးအတွက် မေမေစိတ်မကောင်းဖြစ်နေသည်။

"မေမေ နားတော့လေ၊ သမီး ဒီမှာနေဦးမယ်၊ ညီမလေးကို မှုံ ဖျောင်းဖျပါဦးမယ်"

"သမီးတွေ မိုက်တယ်၊ မေမေ ကံမကောင်းဘူး၊ မိဘစိတ်ချမ်းသာမှုအတွက် မေမေ့ကို မလိုက်လျောချင်ကြဘူး"

မောင်နန္ဒလိုယောကျ်ားတစ်ယောက်ကို သမီး





လေး လက်မခံတာ မိုက်မဲလွန်းသည်။

"သူရိန်က သမီးလေးအပေါ် မှ သံယောဇဉ်မရှိတာဘဲဟာ၊ မေမေတော့ သမီးလေးတစ်ခုခုဖြစ်မှာ စိတ်ပူတယ်"

"မေမေ စိတ်အေးအေးထားပါနော်၊ မှုံကို လမ်းမှားပေါ် မရောက်အောင် သမီးအတတ်နိုင်ဆုံးဖျောင်းဖျပေးပါ့မယ်နော်"

ပြောမဲ့သာပြောရသည်။ စိမ့်ကိုယ်တိုင်ပင် အိမ်ထောင်ရေးသောကတွေ ခံစားနေရသည်။

ကိုကိုက လူယုတ်မာ၊

မိန်းကလေးတွေနှင့် ရှုပ်သည်။

စိမ့်ထံမှ ငွေကြေးတွေကို ယူပြီး သုံးဖြုန်းပစ်၏။

မှုံ အခန်းထဲရောက်တော့ ငေးကြောင်စွာထိုင်နေတဲ့မှုံကို တွေ့ရသည်။

ကိုကိုနှင့်လက်ထပ်ပြီးကတည်းက စိမ့်အတွက် အခန်းမရှိတော့၊

မေမေ့ဆီလာအိပ်တိုင်း မှုံနှင့်ပဲ သူမ အိပ်ခဲ့သည်။

"မှုံ"

"မမ"

အချိန်မတော်ကြီး မမကိုတွေ့ရတော့ မှုံ စိတ်ပူသွားသည်။

"မမ ဘာဖြစ်လာတာလဲ"

"ယောက်ျားနဲ့ရန်ဖြစ်လာတာလေ မှုံ"

"ဟင်"

မမတို့လင်မယားက မကြာခဏစကားများတတ်ကြသည်။

"ကိုကိုက နောက်မိန်းမတစ်ယောက် တရားဝင်ယူထားတယ် မှုံ"

"ဟင်"

ကိုကိုက အလုပ်အကိုင်မရှိ၊

မလုပ်ချင်တာ။

မိန်းမကိစ္စနှင့် လောင်းကစားဝိုင်းတွေမှာပဲ အချိန်ဖြုန်းနေချင်သည်။

မမတော့ ဒုက္ခပဲ၊

"မေမေကတော့ သနားပါတယ်ဟယ်၊ အသက်ကြီးမှ တို့ကြောင့် စိတ်သောကတွေ ခံစားနေရပြီ"

ကိုကိုက သူမအား ပါးရိုက်ကြောင်း ပြောပြလိုက်သည်။

"မေမေ့ကိုတော့ မမအသိမပေးထားဘူး၊ ကွဲချင်ရင် စည်းစိမ်တစ်ဝက်ခွဲပေးတဲ့ မှုံ"

"သူရှာထားတာ ဘယ်လောက်ရှိလို့လဲ"

"အဲဒါကြောင့်ပြောတာပေါ့၊ မမ အိမ်ထောင်ရေးမှာ ရွေးချယ်မှု မှားသွားတယ် မှုံ"

မှုံ့ကို သွယ်ဝိုက်စွာပြောနေကြောင်း မှုံသိပါသည်။

သူရိန်နှင့်လက်ထပ်ရင်လည်း မမကဲ့သို့ပင် ရင်





ဆိုင်ကြုံတွေ့ရမှာပဲ၊

မှုံသိသည်။

ကျွန်မ နှလုံးသားတွေထဲက အချစ်တွေကို ဘယ်လိုဖယ်ထုတ်ပစ်ရမလဲ၊

သူ့ရိန့်ကို ဘယ်လိုမုန်းရမလဲ။

"မေမေ့ကို ထပ်ပြီးစိတ်ဒုက္ခမရောက်စေချင်တော့ဘူး မှုံရယ်"

ကျွန်မလည်း မေမေ့ကို စိတ်ဒုက္ခတွေရောက်စေချင်တာမဟုတ်ပါဘူး၊

ဘယ်လိုပြောရမလဲ။

သူရိန့်အပေါ် သံယောဇဉ်တွေအထပ်ထပ် ရစ်တွယ်နေမိပြီ။

"မှုံ"

"ဟင်"

"မေမေ့အပေါ် သမီးနှစ်ယောက်လုံး မသိတတ်ဘူးဆိုရင် မကောင်းတော့ဘူး"

ကိုနန္ဒနှင့်လက်ထပ်ဖို့ မေမေ့ဆန္ဒ ဘယ်လောက်အထိပြင်းပြနေလည်းဆိုတာ မမက မှုံသိအောင် ပြောပြနေသည်။

မှုံလည်း သိပါတယ်။

ဒါပေမဲ့၊

ကိုနန္ဒကို မချစ်ဘူး။

"ကိုနန္ဒအပေါ် နင်က ဘာဖြစ်လို့မချစ်ရတာလဲ မှုံ"

"သူရိန့်ကြောင့်လေ မမ၊ မှူးက သူရိန့်ကိုချစ်တာ"

"ဒုက္ခပါပဲ"

အချစ်ဆိုတာ လက်ထပ်ပြီးရင် အားလုံးပြီးဆုံ
သွားပြီဖြစ်ကြောင်း မှူးသိအောင် စိမ့် တတွတ်တွတ်ပြောပြနေမိ
သည်။

မှူးက နားဝင်ပုံမရ၊

ပြတင်းပေါက်နား ထ,သွားကာ သူရိန်တို့အိမ်
ဘက်ကြည့်နေသည်။

"မမကတော့ မေမေ့စကားတွေနားမထောင်လို့ ဒုက္
တွေ သောကတွေ ရင်ဆိုင်နေရပြီ မှူး"

"မမ"

"ဟင်"

"မှူးက မေမေ့ကို စိတ်ဒုက္ခရောက်အောင် အရှက်ကွဲ
အောင်လုပ်တာတော့မဟုတ်ပါဘူးမမရယ်၊ မှူးကို နာ
လည်ပေးစမ်းပါ"

"မမပြောချင်တာကတော့ သူရိန်လက်ထပ်သွားရင်
ညီမလေးအနေနဲ့ မေမေ့ဆန္ဒတွေကို လိုက်လျောလိုက်
ဖို့ပါပဲ"

သူရိန်အား သူမ အသက်နှင့်ခန္ဓာမြဲနေသ
မျှော်လင့်နေချင်သေးသည်။

"သူရိန်ကမှ နင့်ကို လက်မခံတာပဲဟာယ်၊ နှစ်ယော
လုံး ချစ်လို့လက်ထပ်ကြတာတောင် မြဲသနာတွေ
မသေးဘူးနော် မှူး"





"မမ ကျွန်မ ဘာတစ်ခုမှမတွေးချင်ဘူး၊ သူရိန့်အ
ကြောင်းတွေပဲ တွေးနေချင်တယ်"

"ဟင်း..ဒုက္ခပါပဲဟာယ်"

"ကျွန်မကို နည်းနည်းလောက်နားလည်ပေးပါလား
မမရယ်"

"တဲ့ အမိသဘောပဲလေ၊ မမအိပ်တော့မယ်..၊ ငါက
တော့ နင့်လိုမဟုတ်ဘူး၊ ဖြစ်တုန်းခဏပဲ၊ ဘာမှ စွဲ
လမ်းမနေချင်တော့ဘူးဟာ"

လောလောဆယ် ညီမလေးအား ဘယ်လိုမှပြော
မရနိုင်ဘူးဆိုတာ စိမ့် သိထား၍ မပြောတာအကောင်းဆုံးဟု
ထင်ထားလိုက်သည်။

မှူး တော်တော်နှင့်မအိပ်၊

စိမ့် အိမ်ထောင်ရေးကလည်း ရှေ့ဆက်ပြီးမရေ
မရာဖြစ်နေသေးသည်။

ကိုကို့ကို ဆက်ပြီးမပေါင်းလိုတော့၊

ကွာရှင်းဖို့ကလည်း ဒင်းရဲ့မတရားအကျပ်ကိုင်
မှု ခံရမည်။

သူရိန် မိန်းမယူသွားတာလည်း မှူးအနာဂတ်
အတွက် လှပခြင်းသာဖြစ်မည်ဟု စိမ့် တွေးနေမိသည်။

## အခန်း(တစ်ဆယ့်ရှစ်)

"ကျွန်တော် မှူးကိုမချစ်ဘူးအစ်ကို၊ သူငယ်ချင်းတ
ယောက်လိုပဲ ခင်တာပါ။ အစ်ကိုကရော မှူးကို ဘာသ
ဘောကျတာလဲ"

သူရိန်က မေးသည်။

ကိုယ် မင်းသံယောဇဉ်တွေ အချစ်တွေအတွက်
ပြောပြခဲ့တာပဲ၊

လက်မခံဘူး။

"မှူးလို ကောင်မလေးတစ်ယောက်ကို ကျွန်တော် ချစ်သ
အဖြစ်မသတ်မှတ်နိုင်ပါဘူး။ အလကားကောင်မလေး
ကျွန်တော့်ကို သူချစ်တာ အစ်ကို့ထက်ငယ်နေလို့
ဖြစ်မှာ"

သူရိန်က ခပ်ပေါ့ပေါ့ဖြေပြီး သူ့အနားက လ
ထွက်သွားဖို့ပဲ ပြင်ဆင်နေသည်။

"နေဦး သူရိန်"

"ဗျာ"

"မင်းဘဝအတွက် အကောင်းဆုံးရွေးချယ်မှုက မှူးပဲဆ
တာ မင်းတွေးမိရဲ့လား"

"ဟင့်အင်း၊ ဘယ်တော့မှမတွေးမိပါဘူး။ အစ်ကို





စဉ်းစားကြည့် အလှအပကြိုက်တဲ့ကျွန်တော်က မှူးကို
ဘယ်လိုမှမရွေးချယ်နိုင်တာ သေချာပါတယ်"

"အလှအပတွေက မင်းဘဝမှာအများကြီးတွေ့နိုင်တာ
ပဲဟာ၊ မင်းမေမေ့အတွက် အကောင်းဆုံးချွေးမ, လို
အပ်တယ်လေ သူရိန်"

"မေမေ့အတွက် မလိုအပ်ပါဘူး။ အလုပ်သမားတွေ
တစ်ပုံကြီးပဲဟာ၊ ငွေရှိရင် ဘာမဆိုအဆင်ပြေပါတယ်
အစ်ကို"

ကိုယ် မှူးကိုချစ်ပေမဲ့ မတရားအတင်းအကျပ်
ကြီးလက်ထပ်တာမျိုးတော့ မဖြစ်စေချင်ပေ၊

မှူးဆန္ဒပဲ။

အေးစက်တဲ့ မှူးမျက်ဝန်းလေးတွေကို ရင်ဆိုင်တွေ့
ဆုံမိတိုင်း ကိုယ့်ကိုကိုယ် သဘောပေါက်နားလည်မိနေတယ်မှူး၊

မင်း ကိုယ့်ကိုမချစ်ပါဘူး။

ငယ်သူငယ်ချင်းအပေါ် မင်း သံယောဇဉ်ကြီး
မားနေတာပဲ မဟုတ်လား၊

ကိုယ် သူရိန့်ကိုပြောတယ်။ လက်မခံဘူး၊

"မှူးကို ကျွန်တော်မချစ်ဘူး"

သူရိန်ပြောခဲ့သောစကားတွေသာ ဖြစ်နေသည်။

"အစ်ကို့ကို ငြင်းဆန်နေတာတော့ အရူးထ,တာပဲ"

"ကျွန်တော် လက်ထပ်တော့မယ်၊ တစ်လအတွင်းပဲ
အစ်ကို"

သူရိန်က သူနှင့်ပင် စကားကိုအေးဆေးစွာ မ

ပြောပေ။

ကိုယ် ဘာမှမတတ်နိုင်ဘူး။

မင်းကိုမှ မချစ်တာ၊

ကိုယ်က ဘယ်လိုလုပ်ပြောပမလဲ မှုံ။

"ဒီအရူးမလေးအတွက် ဦးနှောက်စားမနေစမ်းပါနဲ့ အစ်ကိုရာ၊ သူ့ကိုချစ်တာ အစ်ကိုတစ်ယောက်ပဲ ရှိတယ်"

မင်းနဲ့ပတ်သက်လာရင် သူရိန်က အရမ်းပေါ့ပျက်လွန်းတယ်၊

ကိုယ့်လို မဟုတ်ဘူး။

မင်းဟာ ကိုယ့်ချစ်သူနဲ့တူတာရော၊ မင်းမျက်ဝန်းတောက်တောက်လေးတွေရယ်၊ မင်းရဲ့ မြဲမြဲတဲ့သစ္စာတရားတွေရယ်ကို မြတ်နိုးတွယ်တာမိတာပါ မှုံ။

ကိုယ် သူရိန်နဲ့စကားပြောပြီး မင်းဆီရောက်တော့ မင်း ဖျက်ဆီးထားတဲ့နှင်းဆီအိုးတွေအောနားမှာ ထိုင်နေတယ်၊

"မှုံ"

နှင်းဆီကိုင်းတွေကို မင်း ထပ်ပြီးဖျက်ဆီးပစ်လိုက်မှာ ကိုယ် ကြောက်နေတယ်၊

မင်းလက်မှာ ဒဏ်ရာတွေတောင်ရှိနေသေးတယ် မဟုတ်လား။

"မှုံ"

"ဟင်"





"ကိုယ်ရောက်လာလို့ မင်းအတွက် အနှောင့်အယှက်ဖြစ်သွားလား"

"ဟင့်အင်း"

"ကိုယ် ထိုင်မယ်နော်"

"အင်း"

ကိုယ် သူရိန်နဲ့ စကားပြောဖြစ်တယ်ဆိုတဲ့အကြောင်းပြောတော့ သူမမျက်ဝန်းလေးတွေက မျှော်လင့်ချက်တွေနှင့် ဝင်းလက်သွားသည်။

"ကျွန်မ ချစ်တဲ့အကြောင်းတွေကို ပြောလိုက်လား ကိုနန္ဒ"

"ကိုယ် ပြောပါတယ်"

"သူရိန် ဘာပြောလဲ"

မှုံ အားတက်သရောဖြစ်နေသဖြင့် ကိုယ်အပြောရခက်သွားသည်။

"ပြောလေ ကိုနန္ဒ"

"သူရိန်ကတော့ လောလောဆယ် နားမဝင်သေးဘူးမှုံ၊ နေခြည်ကပဲ သူ့ကိုစိုးမိုးနေသေးလို့ပါ"

"ဟင်း"

မှုံ သက်ပြင်းမောကြီးကို ပြင်းပြစွာမှုတ်ထုတ်ပစ်မိသည်။

သူရိန်... နင့်ကိုငါ မျှော်လင့်နေတာ မှားပြီပဲ။

မေမေလည်း စိတ်ထိခိုက်လွန်း၍ အိမ်ထဲမှာပင်ငြိမ်သက်နေသည်။

မမအိမ်ထောင်ရေးကလည်း အဆင်မပြေဖြစ်နေ၏။

"မှူး"

"ဟင်"

"သူရိန် လက်ထပ်တော့မယ်၊ မင်း ခံနိုင်ရည်ရှိအောင် ကြိုးစားထားပါကွာ"

သူမ၊

နှုတ်ခမ်းသားလေးတွေကို တင်းကျပ်စွာဖိကပ်ထားမိသည်။

"ကိုယ်နဲ့လက်ထပ်ဖို့ကိစ္စ ကိုယ့်ဘက်က နောက်ဆုတ်ပေးပါတယ် မှူး၊ မင်း စိတ်တွေကို ထိခိုက်ကြေကွဲစေရမဲ့အလုပ်တွေကို ကိုယ် ဘာတစ်ခုမှမလုပ်ပါဘူး"

ရှင့်ရဲ့အချစ်တွေကို ကျွန်မ အကြွင်းမဲ့ယုံကြည်လေးစားပါတယ် ကိုနန္ဒ၊

ကျွန်မရင်ထဲမှာ အချစ်ဆိုတာ ဘာလို့ဖြစ်ပေါ်မလာရတာလဲဟင်။

သူရိန့်ကိုပဲ ချစ်နေတယ်၊

"မင်းဆန္ဒအတိုင်းပဲ အရာအားလုံးဖြစ်စေရမှာပါ"

မှူးမျက်ဝန်းလေးတွေက ရီဝေစိုစွတ်နေသည်။

ကိုယ်ဘယ်လို နှစ်သိမ့်ရမလဲ၊

မကြာခင်

သူရိန်လက်ထပ်တော့မယ်။

မင်း ခံနိုင်ပါ့မလား၊





ကြေကွဲဝမ်းနည်းနေတဲ့ မင်းမျက်ဝန်းလေးတွေကို မကြည့်ရက်ဘူးမှူး။

"မှူး"

"ဟင်"

"အပြင်ထွက်မသွားဘူးလား"

"ဟင့်အင်း"

"တစ်ယောက်တည်း ကြေကွဲဝမ်းနည်းနေတာမျိုး ကိုယ် မဖြစ်စေချင်ဘူးကွာ"

သူမ

အပြင်ထွက်လျှင် သူရိန်တို့အတွဲနှင့်တွေ့မှာကြောက်နေမိသည်။

အိမ်ထဲမှာ တစ်ယောက်တည်းနေတာက အကောင်းဆုံးပါပဲ၊

"မှူး တစ်ယောက်တည်းပဲ နေချင်တယ်ကိုနန္ဒ၊ အပြင်လည်းမထွက်ချင်ဘူး"

"မှူး နေချင်သလိုနေပါ။ ကိုယ် အန်တီနဲ့စိမ့်ကိုသွားနှုတ်ဆက်လိုက်ဦးမယ်"

ကျွန်မကို မနှောင့်ယှက်စေချင်လို့ ရှင်ထွက်သွားတာမဟုတ်လား၊

ကိုနန္ဒက ကျွန်မအပေါ် နားလည်မှုအပြည့်အဝပေးနိုင်သည်။

တစ်ယောက်တည်း အေးဆေးစွာနေနိုင်ရန် ထွက်သွားခြင်းသာဖြစ်၏။

အလိုက်သိစွာ ကျွန်မအား အလိုလိုက်အကြိုက် ဆောင်ပြီး ချစ်ခင်ယုယမှု ပေးစွမ်းနိုင်တဲ့ ရှင့်အပေါ် မှုံ့ မိတ်ဆွေတစ်ယောက်လိုပဲ ခင်မင်တွယ်တာပါတယ်။

မေမေနှင့် မမကတော့ သူမနှင့်ကိုနန္ဒအား လက်ထပ်စေချင်သည်။

သူမဘဝမှာ အကောင်းဆုံးရွေးချယ်မှုတဲ့၊

ခြံထဲမှာ၊

တစ်ယောက်တည်းမနေချင်တော့သဖြင့် တိုက်ထဲပြန်ဝင်လာမိသည်။

မေမေ ထိုင်နေ၏။

"မှုံ့"

"ရှင် မေမေ"

"လာ ထိုင်"

"မှုံ့ နေသာသလိုနေပါစေအန်တီ၊ ကျွန်တော် အလုပ်ကိစ္စလေးရှိသေးလို့ ပြန်တော့မယ်နော်"

"ထိုင်ပါဦးမောင်နန္ဒရဲ့၊ အန်တီလည်း တစ်ယောက်တည်းနေရင်း နှလုံးရောဂါက ထ,ချင်နေတယ်လေ"

မေမေခေါ်၍ ကိုနန္ဒအနားမှာ သူမ ထိုင်နေရသည်။

မမက စားစရာတွေယူလာ၏။

"ကိုနန္ဒ လာလည်တာနဲ့အတော်ပဲ၊ စိမ့်တို့က ဈေးပိတ်ရက်ဆို ပျင်းနေတာလေ"

သူမကတော့ တစ်ယောက်တည်းပဲ တွေးနေချင်မိသည်။

သူရိန်တစ်ယောက်တည်းကိုပဲ ချစ်ခင်နှစ်သက်နေကြောင်း သက်သေပြချင်၏။

"ကိုနန္ဒ မုန့်စားလေ၊ ဈေးပိတ်ရက်လည်းဖြစ်လို့ မုန့်ဟင်းခါးချက်စားကြတာ"

"အေးကွယ်၊ အခုပဲ မင်းတို့ဒီမ်လိုက်ပို့မလို့၊ ပြန်ရင်ထည့်ပေးလိုက်မှ"

"မယူတော့ဘူးအန်တီ၊ မေမေ သက်သတ်လွတ်စားတယ်"

"ဟုတ်သားပဲ၊ ဒီနေ့ ရှိစို့မွေးနေ့ပဲ"

မေမေကတော့ သူမအား မျက်လုံးပြူးကြီးတွေနှင့်ကြည့်နေတော့သည်။

ကိုနန္ဒကို ဧည့်ခံစကားပြောရန် အရိပ်အကဲနှင့် ပြောနေ၏။

သူမ ဘာပြောရမလဲ၊

ပြောစရာစကားတွေ မရှိတော့ဘူး။

ကိုနန္ဒနဲ့ ဘာပြောရမလဲ၊

သူရိန့်အကြောင်းတွေပဲ သူမ ရင်ထဲမှာ ပြောစရာရှိနေပါသည်။

"ကိုနန္ဒ စားလေ"

မေမေ ကျေနပ်အောင်တော့ သူမ ပြောလိုက်မိသည်။

"စိမ့် ချက်တာလား"

"အင်း"

"ကောင်းသားပဲ"

မင်းမမ အိမ်ထောင်ရေးအဆင်မပြေဘူးဆိုတာလည်း ကိုယ်သိနေသည်။

အန်တီမာ နေမကောင်းဘူးဆို၍ သူ သတင်းလာမေးခြင်းဖြစ်၏။

"အန်တီမာ နေမကောင်းဘူးဆိုလို့ မာမီက သတင်းမေးခိုင်းလိုက်လို့ပါ၊ မာမီလည်း လာမလို့ပဲ"

"နှလုံးက ပြန်ထ,ချင်နေတယ်၊ မောင်နန္ဒ အခုတလော အန်တီမှာ့မှာ စိတ်သောကရောက်စရာတွေနဲ့ပဲ ကြုံတွေ့နေရတယ်ကွယ်"

သူမ

မမေ့ဆန္ဒတွေကို လိုက်လျောဖို့ ဘာဖြစ်လို့ဝန်လေးနေရတာလဲ၊

သမီးတွေအပေါ် အမြဲတမ်းနားလည်မှုပေးတတ်သောမေမေပါ။

"ကျွန်တော့်ကို ခွင့်ပြုပါဦးအန်တီ"

"အေးကွယ်"

ကိုနန္ဒ ပြန်သွားမှ မေမေက သူမကို ဆူပွက်တော့သည်။

"မောင်နန္ဒကို ဘယ်လောက်အားနာစရာကောင်းလဲမှုံ၊ သမီး ဒီလောက်အထိမရိုင်းသင့်ဘူး"

သူမ ဘာမှမပြောဘဲ ငြိမ်သက်စွာဖြင့်နေမိသည်။





မေမေ နေမကောင်းဘူး၊

မမအတွက်လည်း စိတ်သောကတွေ ဘယ်လောက်အထိ ရောက်နေရလဲ။

အားလုံး မှုံ့အပြစ်တွေပါ၊

မိခင်တစ်ယောက်အနေနှင့် ကိုနန္ဒနှင့်ပဲ သမီးကိုလက်ထပ်စေချင်မှာပဲပေါ့။

"မှုံ"

"ရှင်"

"မေမေတို့ဆီ ဖိတ်စာတစ်စောင်ရောက်လာတယ်"

"ဟင်"

"ညည်း ဖတ်ကြည့်"

- မမကတော့ သူမအား စိုးရိမ်တကြီးမျက်ဝန်းတွေနှင့်ကြည့်နေသည်။

"အရင်ကတော့ ဒီဖိတ်စာ ညည်းကိုပေးပြီးမဖတ်တော့ဘူး ထားတာ၊ ဘာပဲဖြစ်ဖြစ် ညည်းရင်ဆိုင်ရမှာပဲမှုံ"

ဖိတ်စာကိုယူပြီးဖတ်ပြီးသည်နှင့် သူမ အခန်းထဲ ထွက်ပြေးလာခဲ့မိသည်။

သူရိန်နှင့်နေခြည်တို့စေ့စပ်ပွဲ၊

နင်တကယ်ပဲ

နေခြည်နဲ့ လက်ထပ်တော့မှာပဲမဟုတ်လားသူရိန်၊

ငါ့အတွက် မျှော်လင့်ချက်တွေ ကာဖိုးမဲ့သွားပြီပေါ့

နင်၊

သိပ်ရက်စက်တယ်။

"မှူး"

မမ လိုက်လာသည်။

"ဒီကိစ္စ နင့်ကိုအားပေးဖို့ ကိုနန္ဒ ရောက်လာတာပဲ မှူး၊ သူရိန် ကိုယ်တိုင် ဆိုင်မှာ ဒီဖိတ်စာလာပေးသွားတာ"

သူမ မျက်ဝန်းတွေထဲမှ မျက်ရည်တွေ တစ်ပေါက်ချင်းလိမ့်ဆင်းကျလာသည်။

တဆတ်ဆတ်တုန်ရီနေတဲ့ နှုတ်ခမ်းသားလေးတွေကို ဖိကိုက်ထားမိ၏။

"တစ်လအတွင်း လက်ထပ်ကြမှာ၊ သူရိန်ဟာ အန်တီညို မသိအောင် မင်္ဂလာပွဲအတွက် အားလုံးစီစဉ်ပြီးသားပဲ"

မမကတော့ အရာအားလုံး မှူး ရင်ဆိုင်ရတော့မှာပဲတဲ့၊

"နင် သိအောင်တမင်ပြောတာပဲ၊ သူရိန်က သူ့မင်္ဂလာပွဲမှာ နင် ဖျက်လိုဖျက်ဆီးလုပ်မှာ ကြောက်နေတယ်"

ငါ ဘာမှမလုပ်ပါဘူးသူရိန်ရယ်၊

ဘာလုပ်လို့ရော ရမှာလဲ။

နင့်ရဲ့နှလုံးသားတွေထဲက ချစ်ခြင်းမေတ္တာကို ငါမှမရတာပဲ၊

နင်ပျော်ရင် ငါကျေနပ်ပါတယ်။





"မှူး"

"ဟင်"

"ညီမလေး ခံစားနေရင် မေမေ့နှလုံးရောဂါ ပြန်ထ လာလိမ့်မယ်ကွယ်နော်"

မမကတော့ သူမအား ချော့မော့နှစ်သိမ့်နေသည်။

"မဖြစ်နိုင်တော့တဲ့ကိစ္စတစ်ခုအတွက် စိတ်လျှော့ထား လိုက်တာအကောင်းဆုံးပဲ၊ သူရိန့်ကိုချစ်ရင် သူရိန့် ဆန္ဒတွေအားလုံး ဖြည့်စွမ်းပေးနိုင်ရမှာပဲလေ"

သူမ

နှုတ်ခမ်းသားလေးတွေကို ပြတ်လုမတတ် ဖိကိုက်ထားမိသည်။

နင့်ကိုငါ စွန့်လွှတ်လိုက်ရတော့မှာလားသူရိန့်၊ ပြီးဆုံးသွားပြီပဲ။

ငါ့ကို မိတ်ဆွေအဆင့်လောက်တောင် နင် မခင်မင်ရဲတော့ဘူးတဲ့၊

"နင် ခဏခဏလာနေရင် ငါ့ကောင်မလေးက အထင် လွဲတော့မယ် မှူး"

သူရိန်ကိုယ်တိုင် ပြောခဲ့သောစကားတွေသာ ဖြစ်နေသည်။

နာကျင်လာရ၏။

"နင် ခံစားနေတာတွေက အဓိပ္ပါယ်မရှိတာရော နင် သိရဲ့လား မှူး"

"ကျွန်မကို ဘာမှထပ်မပြောပါနဲ့တော့မမ"

"မဟုတ်ဘူး မှုံ၊ သူရိန့်ကို နင် တစ်ဘက်သတ်ချစ်နေ
တာပဲ လွန်နေပြီ၊ ဘာမှ အဓိပ္ပါယ်မရှိတော့ဘူး၊ သူရိန်
က နင့်ကိုမှမချစ်တာ"

"မမ"

သူမ အော်ပစ်သည်။

ဘာဖြစ်လို့များ သူရိန်မချစ်တဲ့အကြောင်းတွေ လာပြောနေရတာလဲ၊

မကြားချင်ဘူး။

မှုံ့အပေါ် တစ်ယောက်မှ နားလည်မှုမရှိကြတော့ဘူးလားဟင်၊

"မှုံ့ကို မမ ပြောရမှာပဲ၊ မိဘအသိုင်းအဝိုင်းတွေက
ညီမလေးလုပ်ရပ်ကြောင့် အဖတ်ဆယ်လို့မရအောင်
အရှက်တကွဲဖြစ်ရတော့မယ်"

ကိုနန္ဒနှင့်လက်ထပ်ခြင်းက ညီမလေးဘဝအတွက် ဂုဏ်သိက္ခာအရှိဆုံးလုပ်ရပ်တစ်ခုပါပဲဟု မမက ပြောနေသည်။

သူမ နှလုံးသားတွေက သူရိန့်ကို ချစ်နေတာပဲရှိတာ၊

တခြား ကျွန်မ ဘာလုပ်ရမှာလဲ။

ယောကျ်ားလေးတစ်ယောက်ကို မှုံ့က ဖြားယောင်းသွေးဆောင်ပြီး ခေါ်သွားဖို့ဆိုတာလည်း မဖြစ်နိုင်ပါဘူး၊

အခုတော့၊

သူရိန်က ရှောင်နေပြီ။





ကျွန်မနဲ့အတွေ့မခံတော့ဘူးလေ၊

မေမေတို့နဲ့ အန်တီညိုတို့လည်း အဆက်အသွယ်တွေမရှိတော့ဘူး။

အားလုံး ပြီးဆုံးနေတာပဲ၊

"နင် အဓိပ္ပါယ်မရှိတဲ့အလုပ်တွေ မလုပ်ပါနဲ့၊ သူရိန့်ကို
ထပ်ပြီး မပတ်သက်စေချင်တော့ဘူးဟယ်"

သူမ၊

တသိမ့်သိမ့်ရှိုက်ငိုပစ်မိသည်။

နင်ကတော့ ပျော်နေမှာပဲ၊

မိန်းမချောလေးတစ်ယောက်ကို နင့်ဇနီးမယားအဖြစ် ပိုင်ဆိုင်ရတော့မယ်မဟုတ်လား။

ငါ့ခံစားချက်တွေကို နင် ဘယ်တော့မှ တွေးမိနေမှာလည်းမဟုတ်ပါဘူး။

ကိုယ်ချင်းလည်း စာတတ်မယ်မထင်ပါဘူးသူရိန်၊
နင် ဘယ်တော့မှ ငါ့ကိုမချစ်ခဲ့လို့ပဲ။

သူမ၊

တစ်ညလုံး ငိုနေမိသည်။

□ □ □ □ □

## အခန်း(တစ်ဆယ့်ကိုး)

သူ၊

နေခြည်နဲ့လက်ထပ်တဲ့နေ့က အလွန်အမင်းပျော်ရွှင်ကြည်နူးခဲ့ရသည်။

ချောမောသော၊

အိစက်နေသော မိန်းကလေးတစ်ယောက်နှင့်လက်ထပ်ခဲ့၍ပဲဖြစ်သည်။

မှုံ နှောက်ယှက်မှာကြောက်ပြီး မမနှင့်အန်တီမာကို ဟန့်တားပေးရန်ပြောမိတာ လွန်သွားလားဟု တွေးမိသေး၏။

မတတ်နိုင်ဘူး၊

မှုံက သူ့ကိုတစ်ဘက်သတ်ချစ်နေတာ။

လက်ထပ်တဲ့နေ့က မှုံတို့အိမ်မှ မမတစ်ယောက်ပဲ လာသည်။

မှုံနှင့်အဆက်အသွယ် ပြတ်သွားတာပဲကောင်းပါတယ်ဟု တွေးမိနေ၏။

အချောအလှကြိုက်နှစ်သက်သော သူ့အတွက် မှုံလို ရွက်ကြမ်းရေကျိုရုပ်ရည်မျိုးက ဘယ်မှာလာပြီးဆွဲဆောင်





နိုင်စွမ်းရှိမှာလဲ၊

"မောင်"

"နေခြည်"

"ဒီနေ့မနက်စာ အပြင်ထွက်စားမယ်ကွာ၊ မောင့်မေမေ လက်ရာကြီးမစားချင်ဘူး"

"နေခြည့်သဘောပဲလေ"

သူကတော့ နေခြည့်သဘောဆန္ဒတွေကိုပဲ လိုက်လျောနေမိသည်။

မေမေ့ကို အပေါ်စီးကနေ ဆက်ဆံတတ်သော နေခြည့်အပြုအမူတွေအတွက် သူ ဘာတစ်ခွန်းမှ တားဆီးပိတ်ပင်ခြင်းမရှိခဲ့၊

အရာအားလုံး၊

နေခြည့်သဘော

နေခြည့်ဆန္ဒပဲ၊

ချောမောလှပသည့်အပြင် ငွေကြေးအရလည်း ပြည့်စုံတော့ ပို၍ မာန်မာနတွေ မောက်မာနေတော့သည်။

သူတို့နှစ်ယောက်အပြင်ထွက်မယ်ဆိုတော့ မေမေက လှမ်းမေး၏။

"သားတို့ ဘယ်သွားမလို့လဲ၊ မေမေ ဟင်းထမင်းတွေ ချက်ထားတယ်နော်"

"မစားတော့ဘူးမေမေ၊ အပြင်မှာပဲစားမယ်"

"ဘာဖြစ်လို့လဲသားရယ်၊ ဟင်းမကောင်းလို့လား"

"အမေးအမြန်းထူလိုက်တာ၊ မောင့်မေမေ အရမ်း

စကားများတာပဲ”

နေခြည် ခြေကလေးဆောင့်ပြီး ခြံထဲဆင်းသွားတော့သည်။

မေမေ့ရှေ့မှာ ပေါ်တင်ကြီးပြောလိုက်သဖြင့် မေမေ စိတ်မကောင်းဖြစ်သွားမှာတွေးမိပေမဲ့ ချစ်ဇနီးချော နေခြည့်နောက်သို့ အပြေးအလွှားလိုက်ရ၏။

“မောင်”

“ဟင်”

“မောင့်အမေက နေခြည်တို့မင်္ဂလာပွဲအတွက် ဘာလက်ဖွဲ့မှာလဲဟင်”

“ဖေဖေနဲ့မေမေပိုင်တဲ့ ငွေတွေအားလုံး စည်းစိမ်ဥစ္စာတွေအားလုံး လက်ဖွဲ့တာပေါ့နေခြည်ရယ်”

“အဲဒါ တရားဝင်အောင်တော့ လုပ်ထားသင့်တယ်၊ မောင်ပြောဦး”

“အင်းပါ”

ဖေဖေက နိုင်ငံခြားကိုပြန်ထွက်သွားသည်။

သားလုပ်ချင်တာတွေ ဖြစ်ချင်တာတွေအားလုံး လုပ်ပေးခဲ့ကြ၏။

“ဖေဖေက သားကို မျက်နှာမငယ်စေချင်ဘူး၊ မိဘဝတ္တရားတွေ ကျေပွန်ချင်တယ်၊ ဖေဖေမရှိတုန်း မေမေ့ကို ဂရုစိုက်ပါ”

ဖေဖေက မှာခဲ့သည်။

သူ မေမေ့ကို အရေးတယူရှိဖို့နေနေသာသာ





မိန်းမ ကျေနပ်အောင်ပဲ အရေးတကြီးလုပ်ဆောင်နေရ၏။

နေခြည်က ဘာဆိုဘာ၊

ညာဆို ညာ။

နေခြည့်သဘောပဲ၊

နှစ်ယောက်သား လိုက်ဖက်ညီစွာဖြင့် အပျော်အပါးတွေနှင့် အချိန်ကုန်နေခဲ့ကြသည်။

စီးပွားရေးကိုတော့ နေခြည့်မောင်တွေ၊ အစ်ကိုတွေလက်ထဲ အပ်ထား၏။

“နေခြည်တို့က ဘာမှနားမလည်ဘူး၊ ကိုကိုတို့ပဲ စီးပွားရေးလုပ်ပေးပါစေ”

ငွေအရင်းအနှီးတွေအားလုံး နေခြည့်အစ်ကိုတွေ လက်ထဲအပ်ခဲ့သည်။

“သားရယ်၊ မင်းအတွက် မေမေစိတ်ပူလိုက်တာကွယ်၊ စီးပွားရေးတစ်ခုခုတော့ အာရုံစိုက်ပြီးလုပ်သင့်တယ်”

“ကျွန်တော် စီးပွားရေးလုပ်ရင်တောင် ရှုံးဦးမယ်မေမေ၊ အခု နေခြည့်အစ်ကိုတွေလုပ်ပေးနေတာပဲဟာ”

“သားကိုယ်တိုင်လုပ်တာလောက်တော့ ဘယ်ကောင်းပါ့မလဲကွယ်”

မေမေသည် သားအား တင်းကျပ်စွာ မပြောရဲပေ၊

နေခြည့်ကွယ်ရာမှာပဲ ပြောရဲသည်။

သားအမိချင်း နှစ်ယောက်တည်းစကားပြောလျှင် နေခြည်ကမကြိုက်၊

ချမ်းသာပြီး သဘော်အရာရှိတစ်ယောက်ရဲ့ဇနီး ဖြစ်တဲ့မေမေ့ကို နေခြည်က အထင်မကြီးတဲ့အပြင် နှိမ်ချချင် နေသည်။

"မောင်နော်၊ နေခြည်နဲ့လက်ထပ်ပြီးမှ မျိုးချစ်ပုဂ္ဂိုလ် လာလုပ်မနေနဲ့..၊ အမေ့နားကပ်ပြီး ဘာတွေပြောနေ လဲ၊ တစ်သက်လုံး ရှင့်အမေအနားကပ်တာမဟုတ်ဘဲ နဲ့"

"မေမေက မောင့်ကို ခြေမြဲမြဲအောင် စီးပွားရေးတွေ ဦးစီးလုပ်စေချင်တယ်နေခြည်"

"ဘာ..အခုလည်း ကိုကိုတို့က ကျွန်မတို့ အကျိုးစီးပွား အတွက် လုပ်ပေးနေတာပဲ..ရှင် ဘာလုပ်တတ်လို့ လဲ.. ကျွန်မအစ်ကိုတွေကို မယုံကြည်တဲ့သဘော လား.."

"မဟုတ်ပါဘူး နေခြည်..မောင် အရက်တွေ သောက် တာ၊ လောင်းကစားကြမ်းတာတွေအတွက် မေမေက စိတ်ပူနေတာပါ.."

"ယောကျ်ားလေးတစ်ယောက်ပဲ ဒီလောက်တော့ ရှိမှာ ပဲ..ရှင့်ကို ကျွန်မပဲ ပိုင်တယ်နော်..ရှင့်အမေ မပိုင် ဘူးဆိုတာ ပြောထားဦး.."

မေမေ တဖြည်းဖြည်းနှင့် မီးဖိုချောင်ထဲ ရောက် နေတော့သည်။

သားအတွက် မေမေ ဘာမှမပြော။

သူကလည်း နေခြည့်မျက်နှာလေး ညှိုးငယ်သွား





မှာပင် အကြောက်ကြီး ကြောက်နေမိတော့သည်။

နေခြည်က လောင်းကစားဝိုင်းမှာလည်း ထိုင်ရဲ၏။

ဘီယာလည်း သောက်တတ်သည်။

"နေခြည်ကတော့ လောကကြီးမှာ ပျော်ပျော်ပဲ နေချင် တယ်..ဒါကြောင့် ချမ်းသာတဲ့ တစ်ဦးတည်းသော သားမောင့်ကို လက်ထပ်တာ.."

"နေခြည်"

"ဟင်"

"မောင့်ကို မချစ်ဘူးလား.."

"ဟင်း..ဟင်း..ဟင်း..အချစ်ဆိုတာကို ကျွန်မ ဘယ် တော့မှ မစဉ်းစားခဲ့မိဘူး..မောင်ရာ..၊ ချစ်တယ်ဆို တာ ဘယ်လိုလဲ ဟင်.."

သူကိုယ်တိုင်လည်း အချစ်ဆိုတာကို သေသေ ချာချာ မသိ။

"နေခြည်က မောင့်ကို ချမ်းသာလို့ တစ်ဦးတည်းသော သားဖြစ်လို့ လက်ထပ်တာ.."

"ဟင်"

နေခြည်သည် ဘာကိုမှ အလေးအနက် ထား တတ်ခြင်း မရှိခဲ့ပေ။

ပေါ့ပျက်စွာ နေတတ်သည်။

အအိပ်အစားနှင့် အပျော်အပါးပဲ။

သူနှင့် နေခြည် ဘာထူးလဲ။

လောင်းကစားဝိုင်းတွေ ထိုင်တာ အရက်သောက်

တာ နေခြည် မတားခဲ့။

ဖေဖေပို့လိုက်သမျှ ငွေတွေရော စုဆောင်းထားသမျှငွေတွေပါ နေခြည့်လက်ထဲ အပ်လိုက်ရသည်။

"သား စိတ်ချမ်းသာဖို့ တစ်ခုပဲ မေမေ လိုလားတယ်။ မေမေတို့ ချမ်းသာသမျှ သားအတွက်ပါပဲ.."

နေခြည့်အား သူ ချစ်တာထက် အထင်ကြီးတပ်မက်တဲ့ ဆန္ဒတွေပဲ ရှိနေသည်။

သူ့ကို နေခြည် စွန့်ပစ်သွားမှာ သူ အကြောက်ဆုံး ဖြစ်ခဲ့ရ၏။

ထို့ကြောင့်ပင်...

နေခြည့်အား အလိုလိုက် အကြိုက်ဆောင်နေရခြင်းသာ ဖြစ်သည်။

ယောကျ်ားတစ်ယောက်ထက်ပင် နေခြည်က ရဲတင်းစွာ နေထိုင်၏။

အိမ်ထောင်ရှင်မအဖြစ် လုံးဝ ခံယူထားခြင်း ရှိမှာပင် မဟုတ်။

လောင်းကစားလည်း ကြမ်းသည်။

"သား.."

"ဟင်..မေမေ"

"မင်းတို့ လင်မယား ဒီအတိုင်းဆို မလွယ်ဘူး.."

"သားတို့ နှစ်ယောက်လုံးက လွတ်လွတ်လပ်လပ်သာ နေတတ်တာ မေမေ..၊ သားတို့ စီးပွားရေး နေခြည့်အစ်ကိုတွေ လုပ်နေကြတာပဲ.."





"မေမေ စိတ်ပူလို့ပါကွယ်.."

မေမေ ပြောနေတာ နေခြည် ကြားသွားတော့ သောင်းကျန်းသည်။

"ရှင် ဘာမှ ဝင်ပြောစရာ မလိုဘူး..၊ အစွမ်းအစ မရှိတဲ့သားကို မွေးထားပြီး အပိုတွေ လာပြောမနေနဲ့"

သူ့ရှေ့မှာပင် မေမေ့ကို ပြောသည်။

"ရှင် တစ်သက်လုံး မဆုံးမဘဲ အခုမှ ဘာဖြစ်လို့လာပြီး ဆုံးမနေရတာလဲ..၊ ကျွန်မတို့ လင်မယားကြားမှာ ဝင်မပါပါနဲ့"

မေမေ ဘာမှ မပြောတော့။

အိမ်ဖော်ကောင်မလေးတွေကိုလည်း အလိုမကျလျှင် မကျသလို ဆဲဆိုရိုက်နှက်တတ်သည်။

နိုင်ငံခြားမှာ အလုပ်တာဝန်ထမ်းဆောင်ရင်း အစာအိမ်ကင်ဆာဖြစ်သော ဖေဖေသည် အိမ်ပြန်ရောက်လာပြီး မကြာခင် ဆုံးသွား၏။

မေမေ ဘာမှ မတတ်နိုင်။

သူတို့စီးပွားရေးက ပို၍ချိနဲ့သွားခဲ့ရတော့သည်။

မေမေ ပို၍မျက်နှာငယ်ရ၏။

သူ

နေခြည့်ညြဇာအောက် ပြားပြားဝပ် နေရသည်။

စည်းစိမ်ဥစ္စာတွေ ငွေကြေးတွေအားလုံး နေခြည့်လက်ထဲမှာပဲ ရှိနေခဲ့၏။

သူ ဘာမှ အသုံးမကျ။

ဖေဖေနှင့် ရှေ့ဆင့်နောင်ဆင့်ဆိုသလို မေမေ လည်း ဆုံးသွားသည်။

သူ အရက်သမားလုံးလုံး ဖြစ်ရ၏။

ဘာစီးပွားရေးမှ မလုပ်တတ်။

ဂုဏ်သိက္ခာတွေအတွက် နေခြည်နှင့် ကွာရှင်းရ မှာ စိုးရိမ်နေမိသည်။

နေခြည်ထားရာမှာ နေရသည့်ဘဝ။

သူ နေမကောင်းဖြစ်တော့လည်း နေခြည်ရဲ့ အပြုအစု မခံရ။

အလုပ်သမားတွေနှင့်သာ ပစ်ထားသည်။

"အိမ်ထဲမှာ နေရတဲ့အလုပ်ကို နေခြည် အမုန်းဆုံးပဲ၊ နေမကောင်းရင်လည်း အိမ်ဖော်တွေ ရှိတာပဲ..၊ဆေး သောက်ပြီး အိပ်နေလိုက်.."

နေခြည်ကတော့ မိုးလင်းတာနဲ့ ထွက်သွားပြီး၊ မိုးချုပ်မှ ပြန်ရောက်လာတတ်တာ အကျင့် ဖြစ်နေသည်။

မှုံ နင့်ကို သတိရလာတယ်။

အခုချိန်မှာ

ငါ့ကို ချော့မော့ပြီး ဆေးတိုက်မဲ့သူလည်း မရှိပါ ဘူးဟာ။

နေခြည်ကပစ်ထားတယ်။

ဘာမှအသုံးမကျတဲ့ယောက်ျားတစ်ယောက် အဖြစ် ငါ့ကိုသတ်မှတ်ထားနေတယ်..

နင့်အကြောင်းနာတွေကို ငါတောင့်တလာမိသလိုပဲ





လက်ထပ်ပြီးတစ်နှစ်အတွင်းမှာ ငါ့ဘဝငါ့အခြေ အနေတွေယိုင်နဲ့သွားရပြီ။

နင်တို့ အိမ်နဲ့ငါတို့အိမ်လုံးဝအဆက်အသွယ်ပြတ် သွားကြတာပဲ။

ကိုနန္ဒကြီးကတော့ နင့်ဆီလာမြလာနေတာငါ တွေ့ရတယ်။

နင့်ကိုတကယ်ချစ်တာပါ။

ကိုနန္ဒလိုယောက်ျားတစ်ယောက်ကိုတောင် မရွေး ချယ်တာ ငါ့ကို ချစ်လိုပဲမဟုတ်လား..

အခုဆို...ငါ ဖျားနေတယ်။

အရက်နာလည်း ကျနေသလိုပဲ

မိန်းမက မရှိဘူး။

တစ်ကိုယ်လုံးချစ်ချစ်တောက်ပူလောင်နေတဲ့ ခန္ဓာကိုယ်ကို အိမ်ဖော်မကြီးကဒေါ်လုံးက ရေပတ်တိုက်ပေး နေတယ်

မေမေ့ကို သတိရတယ်။

ပြီးတော့...နင့်ကို သတိရတယ်။

ငါ နည်းနည်းလေးကိုယ်ပူတာနဲ့ မေမေပျာယာ ခတ်အောင် စိတ်ပူနေပြီ။

အနားမှာ အရိပ်လိုကြည့်ပြီး ရေပတ်တိုက်ပေး တာတို့ ဆေးချော့မော့တိုက်တာတို့ တယုတယလုပ်ပေးနေပြီ

နင်လည်းမေမေ့လိုပဲ။ ငါ့ကို ဂရုစိုက်လွန်းတယ်။

နင့်အပေါ် အမြတမ်းဥပေက္ခာပြုပြီး နှိမ်ချချင်

တဲ့ ငါ့ကိုနင်ဘယ်တော့မှ မုန်းတီးသွားတယ် နာကြည်းသွားတယ် မရှိဘူးနော်..

"မောင်သူရိန်"

"ဗျာ"

"ဆန်ပြုတ်လေးသောက်ပြီး ဆေးတွေသောက်လိုက်ဦးနော်"

ဖေါ်လုံးတိုက်သော ဆန်ပြုတ်နှင့်ဆေးကိုသောက်လိုက်ရသည်။

အနားမှာ ဘယ်သူမှမရှိ။

မှုံ

ငါကိုယ်တိုင် နင်လာတာကိုမလိုလားခဲ့တာ မဟုတ်လား။

ထူးဆန်းစွာ

ငယ်သူငယ်ချင်းမှုံအား သတိရနေမိသည်။

နင့်ကိုသာ ငါလက်ထပ်မိရင် မေမေလည်းစိတ်သောကတွေရောက်ပြီး စောစောစီးစီးကွယ်လွန်သွားမှာမဟုတ်ဘူး မှုံ..

ငါလည်းအခုလို အထီးကျန်ဘဝရောက်နေမှ မဟုတ်ဘူး။

အခုတော့..

ငါပိုင်ဆိုင်တဲ့ စည်းစိမ်ဥစ္စာတွေ တိုက်တစ်လုံးပဲ ကျန်တော့တယ်။

ကားတောင် မရှိတော့ဘူး။





ငါသုံးဖြုန်းပစ်တာရော နေခြည်သုံးဖြုန်းပစ်တာလည်းပါတယ်။

စီးပွားရေးလုပ်ငန်းတွေမှာလည်း ငွေကြေးတွေထည့်ဝင်ထားပြီး အကျိုးအမြတ်လည်းဘာတစ်ခုမှမခံစားရဘူး

မေးရင်လည်းနေခြည်က ကက်ကက်လန်အောင်ရန်တွေ့တယ်။

နင်နဲ့တခြားစီပဲ

မနှူးညံ့ဘူး။

နင့်အကြောင်းကို အခုမှငါ သေသေချာချာစဉ်းစားမိနေတယ်မှုံ..

မျက်နှာကလေးက သိပ်အချောကြီးမဟုတ်ပေမဲ့ နင်က ချစ်စရာကောင်းတဲ့မိန်းကလေးတစ်ယောက်ပဲ။

ကြင်နာတတ်တယ်။

နူးညံ့တယ်။

ငါ့ကိုချစ်မြတ်နိုးလွန်းတဲ့ မိန်းကလေး

ကြည့်စမ်းမှုံ

အခု ညဉ့်နက်နေပြီ။

ငါ့မိန်းမနေခြည်က ပြန်မရောက်သေးဘူး

ယောကျ်ားတစ်ယောက်နေမကောင်းနေတာကို သူမနဲ့ မဆိုင်သလိုနေနေတယ်

နင့်ကိုသတိရလိုက်တာ

ငါ အပြင်မှာလျှောက်လည်နေပြီး ညဉ့်နက်တဲ့အထိပြန်ရောက်မလာရင် မေမေနဲ့အတူတူ နင်လည်း ထိုင်

စောင့်နေတတ်တယ်လေ

အရက်တွေသိပ်မသောက်ဖို့အကြောင်း.. စိတ်ပူရတဲ့အကြောင်းတွေပြောတတ်တယ်လေ

နင့်ဝဋ်တွေ ငါလည်နေပြီ

နေခြည် ပြန်မလာသေးဘူး

ငါတစ်ယောက်ထဲ နင့်ကို ထူးထူးခြားခြားသတိရပြီး ပြတင်းပေါက်မှာရပ်နေမိတယ်။

နင်တို့တိုက်က မီးတွေမှိတ်ထားပြီး ငြိမ်သက်တိတ်ဆိတ်နေတယ်..

ငါအမြဲတမ်း ဝင်ထွက်စားသောက်ခဲ့တဲ့ နင်တို့တိုက်ကို ငါမလာတာကြာပြီ

နင်ငါ့အကြောင်းတွေကို မေ့သွားပြီလား

ကိုနန္ဒနဲ့လက်ထပ်ဖို့ နင်အမြဲတမ်းငြင်းဆန်နေလို့ အန်တီမာဘာမှဆက်မလုပ်နိုင်ပဲဖြစ်နေတာမဟုတ်လား

"တီ တီ" "တီ"

နေခြည်ပြန်လာပြီ

သူ နေမကောင်းသေးပေမဲ့ စိတ်ညစ်ပြီးအရက်သောက်နေမိသည်။

"ဒေါက်"

"ဒေါက် ဒေါက်"

အပေါ်ထပ်ကို တက်လာတဲ့ခွာမြင့်ဖိနပ်နင်းသံကအတားအဆီးမဲ့စွာဖြင့်ဟိန်း၍ထွက်ပေါ်နေသည်။

"ကျွီ"





သူ့အခန်းတံခါးကပွင့်လာသည်။

နေခြည်ထံမှ ပြင်းပြတဲ့အနံ့စူးစူးတွေလှိုက်ခနဲဝင်လာ၏။

"ရှင်က နေမကောင်းဘူးဆိုပြီး အရက်တွေသောက်နေသေးတယ်"

ညဥ့်နက်မှပြန်လာတဲ့မိန်းမတစ်ယောက်က သူ့ကို အပြစ်ဆီးတင်နေသည်။

မင်းနောက်ကျလိုက်တာဟု ယောကျ်ားတစ်ယောက်ဖြစ်ပြီးမေးရန်သတ္တိမရှိခဲ့။

"သူငယ်ချင်းတွေနဲ့ နိုက်ကလပ်မှာကြာသွားတယ် ညဥ့်နက်နေပြီ ရှင်အိပ်ဆေးဖြစ်ဖြစ်သောက်ပြီးအိပ်နေသင့်တယ်"

သူမအဝတ်အစားတွေပင်မချွတ်နိုင်တော့ပဲ အိပ်ရာပေါ် ပစ်လှဲချသည်။

"အိပ်ချင်ပြီ နေမကောင်းဘဲနဲ့ အရက်သောက်နေတယ် သေရင် ရှင်ပဲသေမှာနော်"

ကြင်နာတရားကင်းမဲ့သော စကားတွေကိုမညှာမတာပြောပြီး အိပ်ပျော်သွားတော့သည်။

မိန်းမထံမှ ဥပေက္ခာတွေကြောင့် သူ့နှလုံးသားတွေ နာကျင်သွားရ၏။

အရက်ကို ဖိသောက်ပစ်မိသည်။

□ □ □ □ □

# အခန်း(နှစ်ဆယ်)

သူရိန်အိမ်ထောင်ရေး အဆင်မပြေတဲ့သတင်းတွေသူမကြားနေရသည်။

စိတ်မကောင်းဖြစ်ရ၏။

အန်ကယ်လွင်ရော အန်တီညိုပါဆုံးသွားတော့လည်း သူမအား နာရေးမေးဖို့ပင်မေမေက ခွင့်မပြုခဲ့ပေ။

"ဖြတ်လက်စနဲ့ ဖြတ်ထားလိုက်တော့ မှုံ..သူရိန်မိန်းမကအရမ်းအပြောကြမ်းတယ်တဲ့ မေမေတို့ကိုယ့်ထမင်းကိုယ်စားပြီးသူများအပြောအဆိုမခံနိုင်ဘူးနော်"

မေမေလည်းကောင်းကောင်းနေမကောင်း၍ သူမဆန့်ကျင်ဘက်တွေသိပ်မလုပ်..

အန်တီညိုလို့အသက်အဆုံးရှုံးမခံနိုင်၍ပဲဖြစ်သည်။

မမက တတွတ်တွတ်ဆုံးမ၏။

"မဖြစ်နိုင်တော့တဲ့အခြေအနေတစ်ခုကို နင်မျှော်လင့်မနေသင့်တော့ဘူး မှုံ..သူ့မိန်းမနဲ့ကွဲမှာကြောက်လို့ သူရိန်ဘာတစ်ခုမှ တုံ့ပြန်မပြောရဲဘူး"

သူရိန်ကသူမအား မချစ်မနှစ်သက်တဲ့ အကြောင်း မမကပြောနေတတ်သည်။

အန်တီညိုမသေခင်က သူမထံဖုန်းဆက်ပြောခဲ့သေး၏။





"သားအိမ်ထောင်ရေးကလုံးဝမကောင်းဘူးမှုံ အန်တီညိုကတော့ သားစိတ်ချမ်းသာဖို့တစ်ခုပဲဖြည့်ဆည်းပေးနေရတယ် နေခြည်က မှုံလိုမဟုတ်ဘူး မှုံလေးကနူးညံ့တယ် သိမ်မွေ့တယ် သားကိုလည်းချစ်တယ်"

သူမလာရောက်ကြည့်ရှု ပြုစုပေးချင်ပေမဲ့ မဖြစ်နိုင်တော့ကြောင်း မသင့်တော်ကြောင်းပြောခဲ့မိသည်။

"မှုံလေး မလာပါနဲ့ အန်တီညို သတိရလို့ပါ..တစ်ခုပဲ အန်တီညိုပြောချင်တာက မောင်နန္ဒနဲ့လက်ထပ်ပါ အိမ်ထောင်ရေးမှာ ရွေးချယ်မှုမမှားစေချင်ဘူးကွယ်"

အန်တီညိုကတိုက်တွန်းခဲ့သည်။

ကိုနန္ဒက သူမထံရောက်လာမြဲဖြစ်ပြီး ယုယကြင်နာစွာအားပေးနှစ်သိမ့် အားပေးနေမြဲပင်။

သူမဘဝတွင် အားပေးနှစ်သိမ့်ပေးမဲ့ လူတွေဝိုင်းဝိုင်းလည်ခဲ့သည်။

အထီးကျန်ဖြစ်မနေ

ထို့ကြောင့်ပင်

သူမနှလုံးသားခံစားချက်တွေက သက်သောင့်သက်သာနေခဲ့ရခြင်းပဲဖြစ်သည်။

"မှုံ"

"မမ"

"ကိုနန္ဒနဲ့စေ့စပ်ဖို့ကိစ္စမေမေကို အန်တီရှိစဉ်က အပူကပ်နေပြီ"

ထိုကိစ္စအတွက် မေမေစိတ်သောကတွေမအေး

အောင်ဖြစ်နေသည်။

"မေမေသိပ်ပြီးစိတ်ထိခိုက်နေတယ်..နှင်မမိုက်မဲ ချင်စမ်းပါနဲ့ မှုံ..နှင်ကသာ အဖြစ်သည်းနေတာ သူရိန်က နှင့်ကို သတိတောင်ရမှာ မဟုတ်ဘူး"

မမအိမ်ထောင်ရေးလည်း ပြိုကွဲသွားခဲ့ရသည်။

လျှော်ကြေးပေးပြီး ကွာလိုက်၏

မမယောက်ျားဖြုန်း၍ ငွေကြေးဥစ္စာတွေအတော် လေးထိခိုက်ခဲ့ရသည်။

"မေမေ့ကိုစိတ်ချမ်းသာအောင်ထားနိုင်တာ နှင်ပဲရှိ တော့တယ်မှုံ"

သူမစိတ်အနှောင့်အယှက်ဖြစ်မှာစိုး၍ မေမေ ရောကိုနန္ဒပါ ဘာတစ်ခုမှ ပြောဆိုဝေဖန်ခြင်းမရှိခဲ့ကြ။

"သူသားရှေ့ရေးအတွက်စီစဉ်ချင်နေပြီတဲ့ ကိုနန္ဒက အိမ်ထောင်ပြုသင့်တဲ့အရွယ်ရောက်နေပြီဟာ"

သူမစဉ်းစားရမလား

ကိုနန္ဒကိုလက်ထပ်ပြီး သူရိန်ကိုသတိရလွမ်းဆွတ် နေတာမျိုးမဖြစ်စေချင်ပေ။

သူရိန်အားလုံးဝမေ့ပစ်၍မရ။

မတွေ့တော့ဘူးဆိုတာတောင် သူရိန်အကြောင်း ကသူမနှလုံးသားတွေထဲမှာရှိနေသေးသည်။

"မှုံ"

"ဟင်"

"နှင်လုံးဝမစဉ်းစားနိုင်တော့ဘူးလားဟယ်"





"မှုံ သူရိန်ကိုမေ့ပစ်လို့မရသေးဘူး မမ"

"ဘာ"

မေမေကြားသွားရင်တော့ ချက်ချင်းသေသွား မှာပဲဟု မမက ပြောသည်။

သူမမှ မေ့လို့မရသေးတာ

"သူရိန်က မိန်းမနဲ့ နှင့်ကိုလဲအရေးမလုပ်ပါဘူး သူ အိမ်ထောင်ရေးအဆင်မပြေတာကို နှင်မျှော်လင့်ချင် သေးတာလား မှုံ"

သူမအနေနှင့် ကိုနန္ဒကိုလက်ထပ်ပြီး သူရိန်ကို သတိရနေသေးတာမျိုးမဖြစ်စေချင်တာမျိုးပဲဖြစ်သည်။

သူရိန်အိမ်ထောင်ရေးပြိုကွဲပါစေ သူမနဲ့လက် ထပ်ဖြစ်ပါစေဟု မဆုတောင်းခဲ့။

မမျှော်လင့်တော့ပါဘူး

မေ့မရသေးတာပဲရှိတာ

ငယ်စဉ်လေးကတည်းက အတူသွားအတူစား က ရင်းနှီးကျွမ်းဝင်လာခဲ့ရသော သူမရဲ့ငယ်ချစ်ဦးတစ် ယောက်ကို အလွယ်တကူမေ့ပျောက်ပစ်နိုင်ခြင်းမရှိသေးတာ တော့ အမှန်ပါပဲ

"မေမေအသက်ကြီးပြီ နှင့်ဘဝရှေ့ရေးအတွက် စီစဉ်ချင်နေမှာပဲ..နှင်သေသေချာချာပြန်စဉ်းစား ပါဦး မှုံရယ်"

မေမေအတွက် သူမပြန်ပြီးစဉ်းစားသင့်သည် ဟုထင်မိသည်။

ကိုနန္ဒကိုမချစ်ဘူး

သူမဘဝတွင် သူရိန်တစ်ယောက်ထဲကိုပဲချစ်နေနိုင်တာပဲ။

"တစ်လအတွင်းစဉ်းစားပါဦးတဲ့ အန်တီရှိစဉ်ကမေမေ့ဆီတောင်းဆိုနေပြီ လက်ခံလိုက်ပါမှူ့ရယ်နော်"

မှူ့အတွက် စိမ့်အားမလိုအားမရနှင့်ဒေါသတွေဖြစ်ရသည်။

သူရိန့်အိမ်ထောင်ရေးအဆင်မပြေပေမဲ့ မှူ့ကိုအရေးမှမလုပ်တာ။

"သူရိန့်ကို နင်နာကြည်းပစ်သင့်တယ် မှူ့"

"ဟင့်အင်း"

"အဓိပ္ပါယ်မရှိတာပဲ"

"မမ"

"ပြော"

"မေမေ့အတွက် မှူ့စဉ်းစားပေးပါ့မယ်"

"ညီမလေးတကယ်ပြောတာလားဟင်"

"တစ်လလောက်တော့အချိန်ပေးပါနော် မမ"

"စဉ်းစားမယ်ဆိုရင်ပဲ မမဝမ်းသာပါတယ် မေမေ့အသက်ဆုံးရှုံးသွားမှ နင် နောင်တရနေရင်အပိုပဲ"

"အင်းပါ"

မေမေအတွက်တော့ သူမ စဉ်းစားပေးဖို့ဆုံးဖြတ်ထားသည်။

သမီးတွေစိတ်နှင့် မေမေကျန်းမာရေးပင်ချို့တဲ့





လာခဲ့ရ၏။

အသက်ကြီးပြီ။

မမကတော့ အိမ်ထောင်ရေးပြိုကွဲသွားပြီး မေမေအပေါ် အစွမ်းကုန်လိမ္မာပြကာယုယကြင်နာပြနေသည်။

"ကိုနန္ဒက နင့်ကိုသိပ်ချစ်တယ်မှူ့ မြတ်နိုးတယ် နင့်ကိုဒီလောက်ချစ်နေတဲ့ယောကျ်ားတစ်ယောက်ကိုနင်မငြင်းသင့်ဘူး"

"သူရိန့်ကိုမေ့ပစ်လိုက်နိုင်ဖို့ ကျွန်မအချိန်တွေယူချင်သေးတယ်မမ"

"စေ့စပ်ထားရုံပဲဟာ မှူ့ ဘာဖြစ်လဲ"

သူမတွေဝေနေဆဲပင်

သူရိန့်ကို မေ့ပစ်ဖို့ကြိုးစားနေမိသည်။

နာကြည်း၍မရခဲ့။

သူ့ဘက်က ဥပေက္ခာပြုတာလည်း သူမကတော့အပြစ်တစ်ခုကဲ့သို့မမြင်မိ

မှူ့ကရော ဘာတစ်ခုမှ စွဲဆောင်နိုင်ခြင်းမရှိခဲ့

"နင်စဉ်းစားမယ်ဆိုရင်တော့ မေမေအရမ်းဝမ်းသာမှာပဲ တို့မှာက မိန်းမသားတွေချည်းမဟုတ်လား..တို့စီးပွားရေးလုပ်ငန်းတွေကို ဦးစီးလုပ်ကိုင်ပေးနိုင်မဲ့ယောကျ်ားတစ်ယောက်လိုတယ်မှူ့"

ကိုနန္ဒက သူမဘဝတစ်သက်တာလုံးအတွက် မှီခို အားထားသင့်သော ယောကျ်ားတစ်ယောက်အဖြစ်တော့ သူမ လက်ခံထားနိုင်သည်။

နှင့်ကိုမမေ့နိုင်သေးလို့ပါ။

မေ့ပျောက်ပစ်ဖို့ကြိုးစားနေသည့်ကြားက တစ်ခါတစ်ရံတော့ သတိရမိတယ်။

အိမ်ထောင်ရှင်မိန်းမဘဝမှာ နှင့်ကိုသတိရတာမ်းတနေတာမျိုးထက် လွတ်လွတ်လပ်လပ်ပဲ ငါသတိရချင်နေမိတာပါ။

ကိုနန္ဒ ရောက်လာသည်။

စီးပွားရေးလုပ်ငန်းတချို့ပင် ကိုနန္ဒက ဦးဆောင်လုပ်ဆောင်ပေးနေပြီ ဖြစ်၏။

"မမ ဆိုင်ထွက်တော့မယ် မှုံ ကိုနန္ဒနဲ့စကားပြောနေဦးနော် ဒီနေ့ မေမေ့ကို ဆေးခန်းပြမယ် နင်နဲ့ကိုနန္ဒပဲ လိုက်ပို့လိုက်တော့နော်"

သူမ ကားမောင်းရမှာ စိတ်မပါသလို အိမ်ထဲက အိမ်ပြင်လည်း မထွက်ချင်။

မေမေ့ဆေးခန်းကို သူပဲအမြဲတမ်းလိုက်ပို့နေရသည်။

ရောဂါထူးထူးထွေထွေမရှိတဲ့ မေမေမှာ စိတ်ဖိစီးမှုပဲ ရှိနေခဲ့၏။

"မှုံ"

"ရှင်"

"နေမကောင်းဘူးလား"

"ကောင်းပါတယ် ကိုနန္ဒ မေမေအတွက်ပဲ မှုံစိတ်မကောင်းဖြစ်နေရတာ"





သမီးကြီးအိမ်ထောင်ရေးရော သမီးငယ်အနာဂတ်ပါ မေမေ စိတ် မအေးခဲ့ရ။

အထူးသဖြင့်
သူမပဲ
ကိုနန္ဒရယ်
မှုံ တွေဝေမနေတော့ပါဘူး။

မေမေအသက်ဆုံးရှုံးသွားရင် မှုံကြောင့်ပဲ ဖြစ်ရမှာပါ။

"မေမေ ဆေးခန်းသွားပြနေရင်လည်း အပိုပါပဲ သမီးရယ် မောင်နန္ဒနဲ့သာ လက်ထပ်ဖို့သမီးလေးသဘောတူလိုက်တာနဲ့ မေမေနေကောင်းသွားမှာပါ"

မေမေပြောတဲ့စကားတွေကို သူမ ကြားယောင်နေမိသည်။

"ကိုယ်လာနေလို့ မှုံစိတ်တွေရှုပ်ထွေးနေမယ်ဆိုရင်တော့ ကိုယ် မလာတော့ပါဘူး မှုံ"

ကိုနန္ဒအား သူမ ခေါင်လေးပဲခါယမ်းပြနိုင်တော့သည်။

သူမ ပြတ်သားသင့်ပြီ။

ကြီးမားတဲ့ မိခင်မေတ္တာအတွက် သူမ ကြီးမားသောတုံ့ပြန်မှုတစ်ခု ပေးဆပ်ရမယ်ဆိုတာ မှုံ သဘောပေါက်နားလည်နေမိသည်။

❑ ❑ ❑ ❑ ❑

# အခန်း(နှစ်ဆယ့်တစ်)

ငါအရမ်းဖျားနေပြီမှုံ။

နင့်ကိုသတိရနေတယ်။

နေခြည်နဲ့ ငါ ကွာရှင်းပြတ်ဆဲလိုက်ကြပြီ မှုံ။

ငါ့မှာ မေမေလည်းမရှိတော့ဘူး။

ပြုစုယုယမဲ့သူလည်း တစ်ယောက်တလေ မရှိတော့ဘူး။

ဆေးခန်းပြလည်း ငါတစ်ယောက်တည်း

အဖျားတက်နေလည်း ငါတစ်ယောက်တည်း အိပ်ရာထဲမှာ တဟီးဟီးအဖျားတက်နေတတ်တယ်။

အရက်တွေ ပိုသောက်လာဖြစ်တယ်။

တားဆီးမဲ့လူမှ မရှိတာ။

ငါ့ဘဝမှာ အိမ်ထောင်ရေးသုခဆိုတာ ဘာတစ်ခုမှ မရှိတော့ဘူး။

အပျော်မဲ့နေပြီ

အခုတလော

ငါဖျားချင်နေတယ်။

နောက်ကျောကလည်း အောင့်နေတယ်။

နင့်ကိုအလွန်အမင်းသတိရနေမိတာတော့ အမှန်ပဲ။

"ဟီး ဟီး ဟီး"





"ဟီး ဟီး"

အဖျားတက်လာတယ်။

မေမေ့ကို သတိရတယ်။

နင့်ကို သတိရတယ်။

"မောင်သူရိန်"

"ဟင်"

"အဖျားတက်နေလား"

"အင်း"

"ဆေးသောက်လေ"

"မသောက်တော့ဘူး ကျွန်တော်အရက်သောက်ချင်နေတယ်"

"မဟုတ်တာကွယ်..ဆေးတွေနဲ့မတည့်ရင်ခက်မယ် ဒေါ်လုံး ရေပတ် တိုက်ပေးရမလား"

"နေပါစေ ဒေါ်လုံး"

နင့်ကို ဖုန်းဆက်ခေါ်ချင်တဲ့ ဆန္ဒတွေပြင်းပြနေတယ်။

အခုချိန်မှာ

ငါ့ကို ယုယကြင်နာမဲ့ တစ်ယောက်ယောက်တော့ လိုအပ်နေတယ်လေ။

အဲဒါ

မေမေ (သို့မဟုတ် ) နင်ပဲ

ငါ သိတယ်

နင် လိုအပ်နေပြီ။

နေခြည်ကတော့ ငါ့ကိုဘဝရဲ့ပျော်ရွှင်မှုတွေလုံးဝ မပေးစွမ်းတော့ဘူး။

"မောင့်မှာ ရောဂါတစ်ခုခုစွဲကပ်နေပြီထင်တယ် ချောင်းတွေ တအားဆိုးတာပဲ အနားတောင် မကပ်ချင်တော့ဘူး"

တကယ်လည်း မကပ်။

ရှောင်နေတယ်။

အိမ်ထောင်မှုသုခကို ငါ့အပေါ် ပေးစွမ်းနိုင်မှု မရှိတော့ဘူး။

ငါ့မိဘ ပိုင်ဆိုင်တဲ့ ငွေကြေးဥစ္စာတွေက နေခြည် ရယူသွားပြီ။

ကျန်ခဲ့တဲ့ ပစ္စည်းလေးတွေ ရောင်းပြီး ဆေးကု ရတယ်။

စားသောက်ရတယ်။

"ဝင်ငွေမရှိဘူး ကိုကိုတို့လုပ်ငန်းတွေကလည်း အရှုံးပေါ်နေပြီ နောက်ဆုံး ဒီတိုက်ကြီးပဲရောင်းရမယ် မောင်"

ငါ ဘာမှ မတတ်နိုင်ဘူး။

နေခြည်ရဲ့ချောမောလှပမှုတွေဟာ ငါ့အတွက် ဘာမှထူးခြားမှုမရှိတဲ့ စိတ်သောကဝေဒနာတွေပဲ ပေးစွမ်းနေတဲ့သဘောပဲ ရှိတော့တယ်။

မှုံ

ငါ့ကို ချော့မော့ပြီး ဆေးတိုက်ပါဦးလား။





နင် လက်ထပ်တော့မလား။

ကိုနန္ဒနဲ့သာ နင်လက်ထပ်လိုက်ရင် ငါနဲ့အဝေးဆုံးကိုရောက်သွားပြီပေါ့။

မှုံကို တမ်းတနေမိသည်။

သတိရလာ၏။

တွေ့ချင်လာသည်။

နင် ငါ့ကို စိတ်နာကြည်းနေပြီလားမှုံ။

မတွေ့ချင်တော့ဘူးလား။

အခုချိန်မှာ

ငါ့အနားမှာ နင်ရှိနေစေချင်တယ်။

နေခြည်က ငါ ချစ်မြတ်နိုးပြီးတက်မက်မှုရှိလွန်းခဲ့တဲ့ မိန်းမပဲ။

မိန်းမချောလေးများစွာနဲ့တွဲပြီး လောကစည်းစိမ်တွေကို အပြည့်အဝခံစားနေမိတဲ့ ငါ

ဘာအနှစ်သာရမှမရှိဘူး။

စိတ်ညစ်တယ်။

မိဘလက်ထက်ထဲက အလိုလိုက်အကြိုက်ဆောင်ထားခဲ့ပြီး နေချင်သလိုနေခဲ့တဲ့ ငါ့အတွက် တကယ့်ကိုအိပ်မက်ဆိုးကြီးတစ်ခုပဲ။

ထွက်ပေါက်က အရက်လေ။

နေခြည်ကတော့ အရက်သောက်တာ လုံးဝမတားခဲ့ဘူး။

ရှင်သေမှ အေးမယ်တဲ့။

လောင်းကစားဝိုင်းတွေကိုတော့ ငါ မသွားနိုင်တော့ပါဘူး။

နေခြည်ကတော့ ငါ့ကို လုံးဝ ဥပေက္ခာ ပြုထားတာပဲ။

အခုတလော

ငါ နေမကောင်းဖြစ်နေတဲ့ရက်တွေက များလာတယ်။

နင့်ကို တွေ့ချင်လာတယ်။

ဆယ်လူလာဖုန်းပင်မရှိတော့၍ အိမ်ဖုန်းကနေ မှုံကို ခေါ်လိုက်မိတော့သည်။

"ဟဲလို"

တစ်ဘက်မှ

မှုံအသံလေးကို စူးစူးရှရှကြားရသည်။

"မှုံလား"

"ဟင်"

နင် ငါ့အသံကိုမှတ်မိနေသေး။

"သူရိန်"

"ဟုတ်တယ် ငါသူရိန်ပဲ နင် ငါ့အသံကိုမှတ်မိနေသေးတယ်နော်"

"နင်.. နင်"

သူမစိတ်ထဲမှာ တစ္ဆေသရဲများကြောက်နေလားဟု ထင်မိသည်။

သူရိန်တဲ့





ဘယ်တော့မှဖုန်းဆက်လိမ့်မည်ဟု မထင်မိသော သူရိန်။

သူမနှင့် အဆက်အသွယ်ပြတ်နေကြတာဘယ်လောက်ကြာနေပြီလဲ။

အရင်က

သူ့ထံ သူမ ဖုန်းဆက်လျှင်ပင် မကြိုက်တတ်။ နင် အလုပ်ရှုပ်တယ်ဟု လေသံမာမာနှင့်ပြောဆိုဆက်ဆံတတ်သောသူရိန်။

"မှုံ"

"ဟင်"

"ငါ နေမကောင်းဘူး"

"ဟင်"

"နင့်ကို အရမ်းတွေ့ချင်နေတယ် မှုံ"

"နေခြည်ရော သူရိန်"

"ငါနဲ့ ကွာရှင်းလိုက်ပြီ.."

"ဟင်.."

သူရိန်အသံတွေက ကျန်းမာရေးချို့တဲ့နေပုံပင် ချောင်းတွေလည်း ဆိုးနေသည်။

"အဟွတ် ဟွတ်"

"နင်ချောင်းတွေဆိုးနေလား သူရိန်"

"အင်း အဆုတ်မကောင်းဘူးထင်တယ် ကျောထဲကလည်း အောင့်နေတယ်"

"ဒုက္ခပဲ နင်အခု ဘာလုပ်နေလဲ"

"အရက် သောက်နေတယ်လေ"

"နင် ပေပြန်ပြီလား နေမကောင်းတာ အရက်သောက်နေရလား"

ကရုဏာသက်သောအသံလေးနှင့်ပြောမိနေသည်။

သူမ သူ့ကို မနာကြည်းနိုင်။

နေမကောင်းဘူးဆို၍ သူ့ထံ အပြေးအလွှားသွားချင်နေမိသည်။

ဒါပေမဲ့... မသွားသင့်ဘူး။

သူရိန်က အိမ်ထောင်နဲ့ လောလောဆယ် ကွဲထားခဲ့ကြတယ်။

"မှုံ"

"ဟင်"

"နင် လာခဲ့ပါလား"

"ဟို ဟို"

"မိတ်ဆွေသူငယ်ချင်းတစ်ယောက်အဖြစ်ပါ မှုံ.. အခုချိန်မှာ ငါ့ကို ရေပတ်တိုက်ပေးမဲ့သူလည်း မရှိတော့ဘူး၊ ဆေးချော့တိုက်မဲ့ သူလည်းမရှိတော့ဘူး၊ အရက်သောက်နေတာကို တားဆီးမဲ့သူလည်း မရှိတော့ဘူး"

သူရိန်ရယ်

မှုံ ပြေးပြီးထွက်သွားချင်တဲ့ဆန္ဒတွေကိုထိန်းချုပ်လိုက်ရသည်။





မေမေကို ငါ ကတိပေးပြီပြီ။

ကိုနန္ဒနှင့် လက်ထပ်ပါမယ်လို့။

မေမေတို့ စီစဉ်နေကြတယ်။

ဖိတ်စာတွေတောင် ရိုက်ပြီးပြီ မဟုတ်လား။

"ငါ့အနားမှာ မေမေ မရှိဘူးတစ်ယောက်တည်း အထီးကျန်နေတယ်.."

သူမ ဖုန်းခွက်ကလေးကို တင်းကျပ်စွာဆုပ်ကိုင်ထားမိသည်။

"နင့်ကို ရင်ဖွင့်ချင်တယ်မှုံ အခုတလော ငါ နင့်ကိုပဲ သတိရပြီး တမ်းတနေမိတယ်"

သူရိန်ဘဝပျက်လုနီးပါးဖြစ်နေကြောင်း မှုံသိထားပြီးဖြစ်သည်။

ဖေးမကူညီချင်ပေမဲ့ နင် ငါ့ဘဝမှာ စောင့်စည်းအပ်တဲ့အရာ ဖြစ်နေပြီ ထင်တယ်။

ငါဘာလုပ်ရမလဲ။

အရင်က

သူရိန်နေမကောင်းဖြစ်လျှင် သူမ ရေပတ်တိုက်ပေးနေကျ။

ဆေးတိုက်နေကျ။

ပေတေတေနေတတ်တဲ့သူရိန်အား အစာကျွေးပြီးမှဆေးသောက်ဖို့ဂရုတစိုက်လုပ်ဆောင်ပေးနေကျဖြစ်သည်။

အခု

ငါ မလာသင့်တော့ဘူး။

"သူရိန်မိန်းမနေခြည် အရမ်းဒေါသကြီးတယ်နော် မှုံ့ အပြောလည်း ကြမ်းတယ် နင်သွားပြီးပတ်သက်ရင် နင့်ကို အရှက်ခွဲပစ်မှာ"

မမက ပြောထားဖူးသည်။

"မှုံ့"

"ဟင်"

"နင် လာရင် သိပ်ကောင်းမှာပဲ ငါ အရက်သောက်တာကိုလည်း ရပ်ပစ်မယ် ဆေးလည်း သောက်မယ်"

သူရိန့်စကားသံတွေက တောင်းပန်ခယနေသည်။

"မှုံ့ လာမယ်မဟုတ်လား"

"ဖြစ်ပါ့မလားသူရိန် နင့်မိန်းမပြန်လာရင် တစ်မျိုးထင်နေဦးမယ်"

သူမအသံလေး တုန်ရီစွာဖြင့် ပြောလိုက်မိသည်။

"နေခြည်က မလာတော့ပါဘူး.. ငါ့ကို ဥပေက္ခာပြုထားတာပါ မှုံ့"

"နင် နင်တကယ်ပဲ ငါ့ကို လာစေချင်တာလား"

"အင်း"

"ငါ လာခဲ့မယ်"

ဖုန်း ချသွားသည်။

သူမ မိတ်ဆွေတစ်ယောက်အနေနှင့် စောင့်ရှောက်ကြည့်ရှုသင့်သည်ဟု ထင်မိလာတော့သည်။

သူရိန်တစ်ယောက်တည်း အားငယ်နေမှာပဲ။





နေမကောင်းဘူးဆိုတော့ သူမ စိတ်ပူပင်သွားမိသည်။

အိမ်မှာ ဘယ်သူမှမရှိ။

သူမနှင့် ကိုနန္ဒ စေ့စပ်ဖို့ကိစ္စတွေ လုပ်နေကြသည်။

သွားမှ ဖြစ်မယ်။

ရိုးရိုးသားသား သွားတာပဲ။

နင်က...ဆေးသောက် ပျင်းတယ်။

ပေတေတေနဲ့ အရက်တွေအလွန်အကျွံသောက်နေမလားပဲ။

မိဘရဲ့ပြုစုယုယမှုကို ခံရတဲ့ နင့် အခုချိန်မှာ အားငယ်နေမှာ။

သူမ ဆုံးဖြတ်လိုက်သည်။

နင့်ဆီ ငါ လာမယ်။

မှုံ့ အပြင်ထွက်လာခဲ့သည်။

တစ်ဘက်ခြံကြီးဆီသို့ ဝင်ရောက်လာခဲ့တော့၏။

ရုတ်တရက်

ထိုတိုက်ကြီးက သူမနှင့် စိမ်းသွားသလိုခံစားလိုက်ရသည်။

ခြံထဲမှာရပ်နေမိ၏။

"မှုံ့မှုံ့"

"ဟင် ဒေါ်လုံး"

"မောင်သူရိန် မထနိုင်ဘူး အပေါ်ထပ်ကိုသာ လာခဲ့ပါတဲ့"

"ဟုတ်"

သူရိန့်အိပ်ခန်းထဲသို့ သူမ ဝင်ထွက်သွားလာနေကျဖြစ်သည်။

အိပ်ရာထဲမှာလဲနေတယ်ဆို၍ စိတ်ပူပြီး အခန်းထဲ ဝင်လာ၏

"သူရိန်"

"မှူး"

မှူးကို တွေ့လိုက်ရ၍ သူရိန် ဝမ်းသာအားရနှင့်မှူးကိုယ်လုံးလေးအား ဆွဲယူပွေ့ဖက်ထားမိသည်။

"ဟင်"

မှူး ရုန်းထွက်လိုက်သည်။

သူရိန်ထံမှ ထိုကဲ့သို့သော ယုယကြင်နာမှုမျိုးကို သူမ တစ်ချိန်က မက်မောစွာ နှစ်သက်စွာ လိုလားတောင်းတခဲ့မိ၏။

ဒါပေမဲ့

မဖြစ်နိုင်ဘူး။

နင့်ကို ငါ ရိုးသားစွာ ပြုစုပေးဖို့ လာခဲ့တာပဲ။

အခုချိန်ကျမှ

နင် ဘာဖြစ်လို့ ဒီလိုအပြုအမူမျိုးတွေ လုပ်ခဲ့ရတာလဲ သူရိန်။





သူမ

နောက်ဆုတ်လိုက်သည်။

"မှူး ငါ မှားသွားတယ် နင့်ကို သူငယ်ချင်းတစ်ယောက်အဖြစ်နဲ့ပဲ ဆက်ဆံသင့်တယ်"

သူရိန်က တောင်းပန်သည်။

အရင်ကနှင့် မတူအောင် သူရိန်အမူအရာတွေ ပြောင်းလဲသွားရ၏။

"နင် ပိန်သွားတယ်"

သူရိန်က တည်ငြိမ်စွာဖြင့် သူမကို ပြောနေသည်။

"နင် အရက်သောက်ထားလား"

"ညက ပါ"

"နေမကောင်းဘူး ဆို"

"အင်း အဟွတ် ဟွတ်"

"ချောင်းတွေလည်းအရမ်းဆိုးနေတာပဲလား"

သူရိန်နားသို့ သူမ ကပ်သွားပြီး နဖူးကိုစမ်းသည်။

"ကိုယ်ပူနေတယ် ချစ်ချစ်တောက်ပါပဲလား"

"အင်း"

"နင် ဆေးမသောက်ဘူးလားဟင်"

"တိုက်မဲ့သူ မရှိတာပဲ မှူး ကိုယ်က ဆေးကိုယူပြီး သောက်ရမှာ အပျင်းဆုံးပဲ နင် သိပါတယ်"

အန်တီညိုနှင့်သူမက တကူးတက ချော့မော့ပြီး ဆေးတိုက်ရသည်။

"ကဲ အိပ်၊ ငါ ရေပတ် တိုက်ပေးမယ်၊ ပြီးရင် ကော်ဖီနဲ့ မုန့်စားရမယ်. ဆေးလည်း သောက်ရမယ်နော်"

"ဟုတ်ကဲ့ပါ ဆရာမကြီး"

ရယ်မိကြသည်။

အန်တီညိုကို သတိရလာမိ၏။

သားအတွက် အမြဲတမ်း ပူပင်သောကရောက်နေတတ်သည်။

"မေမေကို သတိရတယ်..နင်နဲ့သာဆိုရင် မေမေ ဘယ်လောက် ဝမ်းသာပီတိဖြစ်ရမလဲ"

"ပြောမနေပါနဲ့တော့"

ဒေါ်လုံးက ရေပတ်တိုက်ရန်အတွက် အဆင်သင့် လုပ်ပေးပြီး ပြန်ထွက်သွားသည်။

သူရိန်နှင့် နေခြည်တို့မင်္ဂလာမောင်နှံစုံတွဲပုံကြီးက သူမအား ခြောက်လှန့်နေ၏။

မကြည့်ရဲ။

"ညည်း ငါ့လင်ကိုဘာ့လို့လာပြုစုနေတာလဲ နှင်းမှုံမှုံ မယားရှိတဲ့ယောကျ်ားကို ကြောင်တောင်လုချင်တာလား"

သူမအား ထိုစကားတွေကိုပြောနေသယောင်ဖြစ်နေသည်။

စိတ်က မလုံပေ။

"တကယ်ဆို ငါ မလာသင့်ဘူးထင်တယ်နော် သူရိန် နင်ကလည်း အရက်တွေသိပ်မသောက်ပါနဲ့ မိန်းမနဲ့





ဘာလို့ ကွာရှင်းပြတ်ဆဲရတာလဲ.."

"ငါ မှားသွားတယ်မှုံ"

"ဘာ"

"နင့်ကို လက်ထပ်သင့်တာပါ"

"နင်"

သူရိန့်အကြည့်တွေက သူမမျက်ဝန်းလေးတွေကို ထိုးဖောက်လုမတတ် စူးစိုက်စွာကြည့်နေသည်။

အကြည့်ချင်းဆုံမိစဉ်မှာပင် သူမဘက်မှစတင်၍ လွှဲပစ်လိုက်မိ၏။

"ငါ့ အိမ်ထောင်ရေးက ဒီလိုပဲ ဇာတ်သိမ်းသင့်ပါတယ်"

"အဆင်ပြေအောင် ညှိနှိုင်းပြီး နေသင့်တယ် သူရိန် နင် မငယ်တော့ဘူး"

"တကယ်တော့ အိမ်ထောင်ဘက်ရွေးချယ်တဲ့နေရာမှာ ရုပ်ရည်ရူပကာထက် စိတ်ဓါတ်က ပိုအရေးကြီးတယ်နော်"

ထိုအသိတရားတွေက နင့်ဘဝအတွက် နောက်ကျသွားပါပြီ။

မဖြစ်နိုင်တော့ဘူး။

ငါ့ ကိုနန္ဒနဲ့ စေ့စပ်တော့မယ်။

နင် နေမကောင်းသေးလို့ ဖွင့်မပြောသေးတာပဲ သူရိန်ရယ်။

"နေခြည်က ငါ့ကိုချစ်လို့လက်ထပ်ခဲ့တာမှ မဟုတ်တာပဲ ချမ်းသာလို့ တစ်ဦးတည်းသောသား ဖြစ်နေလို့"

"ဒါတွေ ပြောမနေပါနဲ့တော့ သူရိန်၊ ကဲ နင် ကော်ဖီ သောက် မုန့်နည်းနည်း စားနော်"

"နင်ကိုယ်တိုင် ဖျော်နော်"

"အင်းပါ"

သူမ ကော်ဖီဖျော်တာကို မနှစ်သက်တတ်ပြီး စူစူ ဆောင့်ဆောင့်ရှိ မလွှဲမရှောင်သာသောက်သော သူရိန်က သူမ ကိုယ်တိုင် ကော်ဖီဖျော်ပေးပါဟု ပြောနေသည်။

ကံကြမ္မာရဲ့ အလှည့်အပြောင်းတွေက ကြောက်စရာ ကောင်းလွန်းတယ်။

မှုံ မျှော်လင့်ချက်တွေ ပျက်စီးဆုံးရှုံးသွားခဲ့ပြီး မဟုတ်လား။

သူရိန်အား ကော်ဖီဖျော်တိုက်ပြီးဆေးသောက် စေသည်။

အဖျားကျသွားမှ ပြန်လာခဲ့၏။

အိမ်ပြန်ရောက်လာတော့ လူကြီးတွေမရှိကြ၍ စိတ်အေးသွားရသည်။

□ □ □ □ □





## အခန်း(နှစ်ဆယ့်နှစ်)

"ဖိတ်စာတွေကတော့ ကပ်ပြီးမှ ကမ်းသင့်တယ် မမေ တော်ကြာ မေ့သွားနိုင်တယ်.."

မမေတို့ မင်္ဂလာကိစ္စတွေကို အားတက်သရော လုံးပန်းနေကြသည်။

သူမ ငြိမ်သက်နေမိ၏။

မမေ ကျန်းမာလာသည်။

မင်္ဂလာကိစ္စတွေကို မမေနှင့်မမက ဦးဆောင်ပြီးလုပ်ရင်း တက်ကြွနေ၏။

သူရိန်ရယ်

နင်နဲ့ငါက ဆန့်ကျင်ဘက်အရပ်နှစ်ခုကို ကျောခိုင်းထွက်ခွာသွားကြရတော့မယ့် လူတွေပါ။

မဖြစ်နိုင်ဘူး။

အခုမှ

နှင်းမှုံမှုံဆိုတဲ့ ငါ့ကို နင့်ဘဝမှာ အလိုအပ်ဆုံး ဖြစ်နေကြောင်း သိလာရတာလဲ။

ငါ့ကို နင် ချစ်မှာ မဟုတ်ပါဘူး။

လိုအပ်တာပဲ ဖြစ်မှာပါ။

နင် နေမကောင်းတဲ့အခါ

တစ်ယောက်တည်းစိတ်ပျက်အားငယ်ပြီး နင့် ဇနီးဆီက နင့် လိုအပ်ချက်တွေ မဖြည့်စွမ်းပေးနိုင်တဲ့အခါတွေ

မှာသာ တမ်းတမှာပါ။

နင် ချစ်တာ နေခြည်ပဲ။

တန်ဖိုးထားမြတ်နိုးတဲ့မိန်းမက ငါတော့ အမြဲတစေ မဖြစ်နိုင်ပါဘူး။

"မှူ"

"ဟင်"

"သမီးလေးနဲ့ မောင်နန္ဒနှစ်ယောက်တွဲပြီး ဖိတ်စာတွေ လိုက်ဖိတ်ရဦးမယ်..၊ မောင်နန္ဒ လာမယ်နော် သမီး"

"ဟုတ်ကဲ့ပါ မေမေ"

မေမေ့ရှေ့မှာ ဟန်မပျက်ရဲဘဲ စိတ်ပါချင်ဟန် ဆောင်နေရသည်။

တွေဝေ မနေရဲ။

စက်ရုပ်တစ်ရုပ်ကဲ့သို့ လှုပ်ရှားနေရတာပင် သူမ ပင်ပန်းနွမ်းနယ်နေမိသည်။

"မေမေတို့ ဆိုင်သွားမယ်နော်.."

"ဟုတ်"

မေမေနှင့်မမ ထွက်သွားသည်။

သူရိန် ဘယ်လိုနေသေးလဲ။

သက်သာသွားပြီလား။

နေ့လယ်တော့ ကားတစ်စီးနှင့် အပြင်ထွက်သွားတာ တွေ့လိုက်ရသည်။

ယောကျ်ားတစ်ယောက် နေမကောင်းဖြစ်နေတာ ဂရုမစိုက်ခဲ့။





အပြင်ပဲ ထွက်နေသည်။

သူရိန် ရွေးချယ်တဲ့မိန်းမပဲ။

"တီ..တီ..တီ.." "တီ"

ဖုန်းဝင်လာ၍ သူမက ကမန်းကတန်း ဖုန်းကို ဖွင့်၍ နားထောင်လိုက်သည်။

ထင်ထားတဲ့ အတိုင်းပင်။

သူရိန် ဖြစ်နေသည်။

"မှူ"

"ဟင်"

"နင် လာခဲ့လေ"

ကိုနန္ဒက သူမနှင့် ဖိတ်စာဖိတ်ရန် ရောက်လာတော့မည်။

"နင် နေကောင်းသွားပြီလား..သူရိန်"

"နည်းနည်းတော့ သက်သာတယ်..၊ အခု ငါ ဆေး တောင် မသောက်ရသေးဘူး..အဟွတ် ဟွတ်"

"နင် ချောင်းတွေ အရမ်းဆိုးနေပါလား..ဘာဖြစ်လို့ ဆေး မသောက်တာလဲ.."

"မသောက်ချင်လို့.."

"ဘာ"

"ငါ့ကို ဆေးတိုက်မဲ့လူလည်း မရှိဘူး..၊ ဟင်း.. ဟင်း..ဟင်း..ရယ်ရတယ်နော်၊ ငါ ချစ်မြတ်နိုးပြီး လက်ထပ်ဖို့ရွေးချယ်ခဲ့တဲ့ မိန်းမက ငါ့အနားမှာ မနေ ချင်ဘူးတဲ့"

"ဘာဖြစ်လို့လဲ သူရိန်"

"ရောဂါတွေ ကူးစက်မှာစိုးလို့တဲ့လေ..၊ ကွာရှင်းပြတ်စဲသွားတယ်..လေ"

"နှင့်ကို ပစ်ထားခဲ့တယ် ဟုတ်လား.."

"အင်း"

"ဒုက္ခပါပဲ.."

"နှင် လာခဲ့လေ"

နှင့်အနားမှာ အဖော်အဖြစ်နေနိုင်ဖို့ အခြေအနေတွေကပေးမှာ မဟုတ်ဘူး။

ငါ လက်ထပ်တော့မယ်။

ဘယ်လို ငြင်းဆန်မလဲ။

စေ့စပ်ပွဲ ပြီးတာနဲ့ တစ်လအတွင်းလက်ထပ်ဖို့ကိစ္စ စီစဉ်ပြီးပြီ။

သူရိန် နေမကောင်းသေး၍ ထိုကိစ္စတွေ ဖွင့်မပြောချင်သေးပေ။

နှင် ဝမ်းသာသွားမလား။

စိတ်ပျက် အားငယ်သွားမလား။

အခုချိန်မှာ

သွေးသားရင်းချာဆိုလို့ နှင့်ဘေးနားမှာ တစ်ယောက်မှ မရှိတော့ဘူး။

မိတ်ဆွေလည်း မရှိဘူး။

မိန်းမချောလေးတွေနဲ့သာ အတွဲများခဲ့တဲ့ နှင့်ကို အခုလို နှိမ့်ဆင်းကျစပြုနေတော့ ဘယ်သူက အနားကပ်





ချင်မှာလဲ။

"ငါ နောင်တ ရနေတယ်"

"ဘာကိုလဲ"

"နှင့်ကို မရွေးချယ်လိုက်မိတာလေ.."

"တော်တော့"

"ဒါ မပြောသင့်တဲ့စကားပဲ မှူ..၊ ဒါပေမဲ့ နှင့်ကိုတော့ ငါက ပြောချင်တာပြောနေကျပဲ..ဟာ"

ငယ်ငယ်က ငါ့ကို အနိုင်ကျင့်ဗိုလ်ကျတတ်တဲ့အကျင့်တွေ ခုထိ မပျောက်သေးပါလား..ဟယ်။

သူရိန်နဲ့ စကားပြောနေရတာ ငယ်စဉ်ကလိုပင် သူမ ပျော်ရွှင်တက်ကြွလာမိသလို ဖြစ်နေရသည်။

"နှင် လာခဲ့ပါ..၊ ဒါမှ ငါ အစားစားမယ်.. ဆေးသောက်မယ်.."

"နေဦး သူရိန် လောလောဆယ် ငါ မအားသေးဘူး"

"ဘာလဲ နှင့်အဆက် ကိုနန္ဒကြီး ရောက်လာမှာမို့လား"

နှင်က ရယ်သံနဲ့ ပြောနေကတည်းက နောက်ပြောင်နေမှန်း သိသာတယ်။

"မဟုတ်ပါဘူး..မေမေ ခိုင်းထားတဲ့ ကိစ္စတစ်ခုရှိလို့ပါ..၊ မကြာပါဘူး.. ငါ လာခဲ့မယ်နော်"

သူရိန်ကို စိတ်ချမ်းသာစေချင်တဲ့ ဆန္ဒတွေသာ ဖြစ်ပေါ်နေမိသည်။

နေမှ မကောင်းတာ။

ချောင်းတွေ အရမ်းဆိုးနေသည်။

"နင် မလာရင် ငါ့မှာ 'အဖော်ဆိုလို့ အရက်ပဲရှိတော့တယ်မှူ"

"အရက်တွေတော့ မသောက်ပါနဲ့ ငါ လာခဲ့ပါ့မယ်"

ဖုန်းချသွားသည်။

သူရိန့်အတွက် စိတ်ပူပြီး ကိုနန္ဒရောက်လာမှာပင် မစောင့်နိုင်တော့။

ဖုန်းဆက်လိုက်သည်။

"ကိုနန္ဒ မှူနေမကောင်းသေးလို့ ဒီနေ့ ဖိတ်စာ လိုက်မဖိတ်နိုင်သေးဘူးနော်.."

"ရတယ်လေ မှူ..နောက်နေ့မှ သွားကြတာပေါ့ မှူဘာဖြစ်တာလဲ"

"ခေါင်းမူးနေလို့"

"ကိုယ်လာဖို့ လိုအပ်သေးလား မှူ"

သူ့ဘက်မှ စိုးရိမ်တကြီး လှမ်းမေးနေသည်။

"ဟင့်အင်း"

မတတ်နိုင်။

သူမ ဆန္ဒတွေကို အမြဲတမ်းဖြည့်ဆွမ်းပေးသူ ဖြစ်၍ နောက်ထပ် ဘာတစ်ခုမှ စောဒက မတက်တော့။

စိတ်သဘောထား ရိုးသားဖြူစင်ပြီး ကျွန်မအပေါ် ချစ်မြတ်နိုးလွန်းသော ယောကျ်ားတစ်ယောက်အပေါ် ကျွန်မဘက်က မတရားလုပ်မိနေတာတော့ အမှန်ပဲ ဖြစ်သည်။

နင့်အတွက်ပဲ သူရိန်။

ငါ့နှလုံးသားတွေထဲမှာ နင် ရှိနေသေးတယ်။





မဖြစ်သင့်ဘူး။

မဖြစ်နိုင်တော့ဘူး ဆိုပေမဲ့ နင့်အတွက်ပဲ ငါ ဖြစ်စေချင်နေသေးတယ်။

သူရိန့်ဆီ ရောက်လာသည်။

အဖျားတော့ ကျနေ၏။

"နင် အောင့်နေသေးလား..သူရိန်"

"အင်း"

"ဆရာဝန်က ဘာပြောလဲ ဟင်"

"စစ်ဆေးနေတုန်းပဲ..ရှိသေးတယ်..မှူ"

"နင် သိပ်ပေါ့တာပဲ.."

ချောင်းအရမ်းဆိုးနေ၍ သူမ စိတ်ပူမိသည်။

"သန်ဘက်ခါလောက်ဆိုရင်တော့ အဖြေ သိရမယ်၊ အဆုတ်ပဲ ထင်တယ်.."

"အရက်တွေ မသောက်နဲ့တော့နော် သူရိန်၊ မသောက်ဘဲနဲ့လည်း နေလို့ရတာပဲဟာ.."

"စိတ်ညစ်လို့ပါ"

သူရိန့်မျက်ဝန်းတွေက ညှိုးရော်မှေးမှိန်ပြီး အားအင်ဖျော့တော့နေတာ သိသာလွန်းနေသည်။

တအား ပိန်သွား၏။

"တစ်ခါတလေ ငါ မောမောလာတယ်။အဟွတ်.. အဟွတ်..ဟွတ်"

"သူရိန်"

ချောင်း အဆက်မပြတ်ဆိုးလာ၍ သူမ စိတ်ပူ

သွားမိသည်။

"ဆေးသောက်တော့နော်..နင် အဲ့ဒီလို မပေပါနဲ့"

"ငါ သေချင်တယ်..မှူး"

"ဘာဖြစ်လို့လဲ..နေခြည်နဲ့ ကွာရှင်းပြတ်ဆဲလိုက်ရလို့လား.."

"နေခြည့်ကြောင့် မဟုတ်ပါဘူး..နင့်ကြောင့်ပါ မှူး"

"ဘာ"

"ငါ နေကောင်းသွားရင် နင့်ကို လက်ထပ်ချင်တယ် မှူး"

"ဘာ"

သူမ အထိတ်တလန့်နှင့် သူ့အား ဆတ်ခနဲ မော့ကြည့်မိသည်။

မျှော်လင့်ချက်တွေ ပြည့်နေတဲ့ သူ့မျက်ဝန်းတွေနှင့် ဆုံမိ၏။

မဖြစ်နိုင်ဘူး။

ငါ လက်ထပ်ရတော့မယ်။

စေ့စပ်ပွဲအတွက်ရော လက်ထပ်ပွဲအတွက်ပါ စီစဉ်ထားပြီးပြီ။

"မှူး"

"ဟင်"

"နင့်ကို ငါ ချစ်တယ်"

"ဘာ"

"သေသေချာချာ ပြန်စဉ်းစားကြည့်မှ ငါ ချစ်သင့်တာ





နင်ပဲဆိုတာ သိရတယ်.."

သူက သူမကိုယ်လုံးလေးအား ဆတ်ခနဲ ပွေ့ယူပြီး ဖက်လိုက်သည်။

"အို"

သူ့အနမ်းတွေက သူမပါးပြင်ပေါ် ကြမ်းတမ်းစွာ ထိကပ်လာသည်။

တစ်ဒင်္ဂ မိန်းမောသွားပြီးမှ အသိတွေ ဝင်လာရ၏။

ပြီးမှ

သူ့ရင်ခွင်ထဲမှ ရုန်းပြီးထွက်ပစ်လိုက်မိတော့သည်။

"နင်..နင်အရမ်းပဲ..ဘယ်တော့မှ ငါ့ကို မညှာဘူး"

သူမနှုတ်ခမ်းသားလေးတွေ စုထော်ပြီးရန်တွေ့မိသည်။

"နင် အရင်က နှုတ်ခမ်းကြီးထော်ပြီးစိတ်ကောက်ရင် ငါ့စိတ်ထဲမှာ အရမ်း ရုပ်ဆိုးတယ်လို့ ထင်မိနေတယ်။ အခုတော့ ငါ့နှလုံးသားတွေကို အေးချမ်းစေတာပဲ မှူး"

အခုမှ

ဒါတွေ လာပြောနေတော့ရော ဘာထူးခြားလာနိုင်မှာလဲ သူရိန်။

အချိန်ကာလတွေ ကုန်လွန်သွားပြီပဲ။

နင့်ကနေ နေခြည်နဲ့ ကွာရှင်းထားပေမဲ့

ငါ့မှာ ကိုနန္ဒ ရှိတယ်လေ။

"မှုံ..နင် ကိုနန္ဒကို လက်ထပ်ဖို့ ခုထိ ငြင်းနေတာ မဟုတ်လား"

မေမေ့ကြောင် သူမ လက်ခံလိုက်ပြီဆိုတာ သူရိန် မသိသေးပေ။

ပြောဖို့ အင်အားတွေ မဲ့နေသည်။

မပြောရက်။

နင် နေမှ မကောင်းတာ။

အင်အားတွေ ချိနေတဲ့ နင့်ကို ကြည့်ရတာ အား မရဘူး။

"နင့် နှလုံးသားတွေထဲမှာ ငါ ရှိနေသေးတယ်ဆိုတာ ငါ သိတယ် မှုံ"

ဟုတ်တယ်။

နင့်ကိုငါ ဘယ်တော့မှ မေ့ပျောက်ပစ်လို့ မရနိုင် သေးဘူး သူရိန်ရယ်။

တို့နှစ်ယောက်ကြားမှာ ဘာဖြစ်လို့ နောက်ကျ ခြင်းဆိုတာပဲ ရှိနေရတာလဲ။

နင်ရော အခုမှ ငါ့ကို ဘာဖြစ်လို့ ချစ်လာရတာလဲ။

"နေခြည့်ကို ငါ ကွာပြီးပြီ၊ အားလုံး ရှင်းလင်းအောင် လုပ်ထားတယ်..၊ ပြီးမှ အန်တီမာ့ကို ခြေသလုံးဖက် တောင်းပန်ရပါစေ..နင်နဲ့ လက်ထပ်ခွင့်ပြုဖို့ တောင်း ဆိုမယ်"

နင် ငါ့ကို ချစ်နေသေးတယ်ဆိုတာ နင့်မျက်ဝန်း





လေးတွေက အဖြေပေးနေတယ် မှုံ။

ငါ သိပါတယ်။

နင့်ကိုပဲ ငါ လက်ထပ်သင့်တာ။

ဖေဖေရော မေမေပါ အသက်ဆုံးရှုံးခဲ့ရတာတွေ ငါတို့ စည်းစိမ်ဥစ္စာတွေ ဆုံးရှုံးခဲ့ရတာတွေ နင်လို နူးညံ့သိမ်မွေ့ ပြီး တို့အပေါ် သံယောဇဉ်ကြီးတဲ့ မိန်းမတစ်ယောက်ကို လက် လွှတ်ဆုံးရှုံးခဲ့ရတာတွေအားလုံး ငါ့ရဲ့မိုက်မဲတဲ့ အသိဉာဏ်မဲ့တဲ့ လုပ်ရပ်တွေကြောင့်ပါပဲ မှုံ။

"မှုံ"

"ဟင်"

"နင် ကိုနန္ဒနဲ့ လက်မထပ်ဖြစ်တော့ဘူး မဟုတ်လား"

သူရိန်အား ဘယ်လိုဖွင့်ပြောရမလဲဆိုတာ မသိ တော့အောင် ဖြစ်ရသည်။

ငါ ဘယ်လို ပြောရမလဲ။

ကိုနန္ဒနဲ့ လက်ထပ်ရတော့မယ်။

နင်နဲ့က ဘယ်လိုမှ မဖြစ်နိုင်တော့ပါဘူး။

ဆန္ဒနဲ့ဘဝဆိုတာ ဘယ်တော့မှ တစ်ထပ်တည်း မကျနိုင်ပါဘူး။

"နင် ငါ့ကို လက်ထပ်မယ် မဟုတ်လား မှုံ"

"အရေးကြီးတာက နင့်ကျန်းမာရေးပဲ ဂရုစိုက်ပါ။ ငါ သိပ်ပြီးအားမရဘူး"

သူမ စကားလမ်းကြောင်းလွှဲပြီး သူရိန့်ကို ဖျောင်း ဖျနေရသည်။

"ဒီတစ်ခါတော့ ငါရဲ့ အခွင့်အလမ်းတစ်ခုကို လက်လွှတ် မဆုံးရှုံးပါရစေနဲ့တော့နော်.."

သူမ လက်လေးတွေကို သူက ဆုပ်ကိုင်ဖျစ်ညှစ်ထားသည်။

"မရှုန်းပါနဲ့ မှူ..၊ ဒီတစ်ခါတော့ ငါ ဆုံးဖြတ်ပြီးပြီ၊ နင်နဲ့ အဝေးမခံနိုင်တော့ဘူး"

သူရိန်ရယ်...ငါ ဘယ်လို ဖြေရမလဲ။

နင့်ကို ငါ ချစ်တယ်။

ဒါပေမဲ့...ငါ လက်ထပ်ရမှာက ကိုနန္ဒပဲ။

နင် လူလွတ် ဖြစ်နေပေမဲ့ ငါ့မှာက

"နင့် အိပ်ခန်းတွေက ညစ်ပတ်နေတာပဲ..ငါ သန့်ရှင်းရေး လုပ်ပေးမယ်နော်"

သူရိန့်အခန်းအား သန့်ရှင်းရေးတွေ လုပ်ပေးနေမိသည်။

"နင် ရေချိုးဖို့ ငါ ရေနွေးလေးစပ်ပေးမယ်၊ ရေမချိုးရင်လည်း ခန္ဓာကိုယ်အပူရှိန် မကျဘူး.."

မှူ လုပ်ပေးသမျှ သူ ကျေနပ်စွာဖြင့် ခံယူနေမိသည်။

နေခြည်က အကြင်နာ မရှိ။

သူ့ကိုလည်း ပြုစုယုယပေးခြင်း မရှိခဲ့ပေ။

"ငါ နင့်ဆီ ဒီလို လာနေလို့မသင့်တော်ဘူးထင်တယ်"

"ဘာဖြစ်လဲ နင်နဲ့ ငါက ငယ်သူငယ်ချင်းတွေပဲဟာ၊ နင် အမြဲတမ်း ဝင်ထွက်နေကျလေ"





"ဟုတ်တော့ ဟုတ်တာပေါ့ဟယ်.."

"မှူ"

"ဟင်"

"ငါ့ကို ပစ်မထားပါနဲ့..နင့် အကြင်နာတွေ အယုအယတွေကို လိုအပ်တယ်..ငါ အသက်ရှင်ဖို့ နင်ပဲ လိုအပ်နေတယ်..မှူ"

အရက်တွေ ပြန်သောက်ရင် သူ့ရောဂါပိုဆိုးသွားမှာလည်း စိုးမိသည်။

အင်အားဖျော့တော့ကာ ဖြူဖတ်ဖြူရော်ဖြစ်နေတဲ့ နင့်ကို ပစ်မထားရက်ပါဘူး။

"နင့်ကို ငါ ချစ်တယ်မှူ..၊ ငါ့ဘဝမှာ နင်ပဲ လိုအပ်တယ်..နေခြည့်ကို ငါ ကွာရှင်းထားပြီးပြီပဲ၊ နင်နဲ့ လက်ထပ်မယ်.."

နင် ဖြစ်ချင်တာတွေကို အမြဲတမ်း လုပ်တတ်တဲ့ အကျင့်က ရှိနေသေးတယ်။

ငါက အရင်ကလို ကိုယ်ပိုင်လွတ်လပ်စွာ နေထိုင်ဆုံးဖြတ်ပိုင်ခွင့် မရှိတော့ဘူး။

ကိုနန္ဒနဲ့ လက်ထပ်ပွဲသာ ပျက်သွားရင် မေမေသေမှာပဲ။

အခုတောင်

နင်နဲ့ ပတ်သက်နေတာ မေမေတို့ လုံးဝ မသိသေးဘူး။

"ငါ တောင်းပန်ပါတယ်..မှူ၊ နင့်ဆီက ချစ်ခြင်း

မေတ္တာတွေနဲ့ အကြင်နာအယုယတွေကို ငါ ပိုင်ဆိုင်ချင်တယ်..နင်..နင် ငါ့ဆန္ဒတွေကို ဖြည့်စွမ်းပေးမယ် မဟုတ်လား"

သူက မျှော်လင့်ခြင်းကြီးစွာဖြင့် ပြောနေသည်။

ငြင်းဆန်လိုက်ဖို့လည်း သူမစိတ်တွေက မပြတ်သား။ တွန့်ဆုတ်နေမိသည်။

ဒီလို အနေအထားမျိုးမှာ နင့်ကို ပစ်မထားရက်နိုင်တာတော့ အမှန်ပါပဲ။

နင့်ကို ကျန်းမာပျော်ရွှင်ပြီး အရင်ကလို တက်ကြွလန်းဆန်းနေတဲ့ ယောက်ျားတစ်ယောက် ပြန်ဖြစ်စေချင်တယ်။

ငါ ဘယ်လို ဆုံးဖြတ်ရမလဲ။

"ပြောလေမှုံ..ငါ့ကို အဖြေပေးစမ်းပါ၊ နင်..နင် ငါ့ဆန္ဒတွေ ဖြည့်စွမ်းပေးမယ် မဟုတ်လား..မှုံ"

သူ့ မျှော်လင့်ချက်တွေကို သူမ ခြေမွဖျက်ဆီးပစ်နိုင်စွမ်း မရှိတော့။

ငြင်းဆန်နိုင်စွမ်းတွေက ကင်းမဲ့သွားခဲ့ရတော့သည်။

"သူရိန်ရယ်.."

မထင်မှတ်ဘဲနှင့် သူ့ရင်ခွင်ထဲ ပြေးဝင်မိတွယ်ကာ ငိုပစ်လိုက်မိသည်။

❑ ❑ ❑ ❑ ❑





## အခန်း(နှစ်ဆယ့်သုံး)

သူ

ပျော်ရွှင်တက်ကြွနေမိသည်။

နေခြည်နှင့် ကွာရှင်းပြတ်ဆဲလိုက်တဲ့အချိန်တွင် စည်းစိမ်ဥစ္စာတွေ ဆုံးရှုံးသွားခဲ့ရပေမဲ့ ဝမ်းနည်းကြေကွဲမှုတွေ ဘာတစ်ခုမှ မခံစားနေချင်တော့ပေ။

ပြီးဆုံးသွားပြီပဲ။

အတိတ်က အမှားတစ်ခုကြောင့် သူ့ဘဝ အဖတ်ဆယ်လို့ မရအောင် ပျက်စီးသွားခဲ့ရသည်။

အခု

မျှော်လင့်ချက်ရောင်ခြည်တွေ သမ်းလာပြီ ဖြစ်သည်။

မှုံ

နှင်းမှုံမှုံ

ငယ်သူငယ်ချင်း

သူ့အပေါ် ငယ်စဉ်လေးကတည်းကပင် သံယောဇဉ်ကြီးမားစွာ ချစ်ခင်မြတ်နိုး သံယောဇဉ် ကြီးမားခဲ့သော မှုံ။

မှုံက သူ့ကို ယခင်ကကဲ့သို့ ချစ်ခင်မြတ်နိုးစွာ သံယောဇဉ် ကြီးနေကြောင်း သူ သိလိုက်ရ၍ ဖြစ်သည်။

သူ့မှာ ဘာစည်းစိမ်ဥစ္စာမှ ရှိမနေခဲ့တော့ပေ။

ဒါပေမဲ့

မှုံက ချစ်နေဆဲပင်။

သံယောဇဉ်ကြီးမားစွာဖြင့် နှစ်သက်မြတ်နိုးနေဆဲပင် ဖြစ်သည်။

သူ တက်ကြွနေ၏။

အင်အားတွေ ပြည့်ဝလာမိသည်။

ကျန်းမာလာ၏။

"အဟွတ်..ဟွတ်.."

"အဟွတ်"

ချောင်းက အဆက်မပြတ်

ရင်ဘတ်နှင့် ကျောမှ စူးအောင့်တဲ့ ဝေဒနာတစ်ခုကို ပြင်းထန်စွာ ခံစားနေရသည်။

မှုံရယ်

နင် ရှိမှ ဖြစ်မှာပါ။

ငါ့ဘဝမှာ ဘာစည်းစိမ်ဥစ္စာမှ မရှိတော့ပေမဲ့ နင်တော့ ရှိသင့်တယ်။

နောင်တ,တွေ ရနေမိသည်။

တစ်ချိန်က

သူ

မိန်းမချောလေးတွေကိုသာ နှစ်သက်မြတ်နိုး အထင်ကြီးမိသည်။

အပျော်အပါးတွေနှင့် ဘဝကို ပေါ့ပျက်စွာဖြင့် ဖြတ်သန်းကြီးပြင်းလာခဲ့မိ၏။





ဆိုးပေခဲ့သည်။

မိဘတွေအပေါ်တွင်လည်း တာဝန်မဲ့စွာ တစ်ကိုယ်ကောင်းဆန်ခဲ့မိ၏။

အလိုလိုက်ထား၍ အမိုက်စော်ကားခဲ့မိသည်။

အထူးသဖြင့်

မှုံအပေါ် အနိုင်ကျင့်ဗိုလ်ကျကာ ဥပေက္ခာတွေ ပြုထားခဲ့မိသည်။

"အဟွတ်..အဟွတ်.."

"အဟွတ်"

"အား"

ဆရာဝန် ပြရဦးမယ်။

ဒီနေ့ အဖြေ သိရမည်။

သူ့ခန္ဓာကိုယ်တစ်ခုလုံး ဆေးစစ်ဆေးမှုတွေ ပြုထားခဲ့သည်။

မျှော်လင့်ချက်တွေ ကင်းမဲ့နေတဲ့ဘဝမှ မှုံကြောင့် ဘဝအတွက် မျှော်လင့်ချက်တွေ ပြန်လည် လင်းလက်လာရ၏။

ဖျားချင်နေသေးသည်။

ကျောမှ အောင့်နေ၏။

ချောင်းဆိုးလျှင် သွေးပါချင်နေသေးသည်။

ဆရာဝန်ဆီရောက်ရင် အခြေအနေတစ်ခုခုတော့ ထူးခြားစွာ သိရမှာပဲ။

သူ ဘာဖြစ်နေလဲ။

ဘာပဲ ဖြစ်နေ ဖြစ်နေ

မှုံ ရှိတာပဲ

တော်သေးသည်။

ကိုနန္ဒနှင့် လက်မထပ်ဖြစ်သေးလို့။

မှုံက

သူ့ကို ချစ်နေသေးသည်။

သံယောဇဉ် တွယ်နေသေး၏။

နေခြည်ကြောင့် ပျက်စီးဆုံးရှုံးမှုတွေအားလုံး မှုံ ရှိနေသေး၍ သူ့ဘဝမှာ မျှော်လင့်ချက်တွေ ရှိလာခဲ့ရသည်။

မှုံ

မင်းကို အဝေးမခံနိုင်တော့ဘူး။

ကိုယ်တစ်ယောက်တည်း အင်အားတွေ မဲ့နေရပြီလေ။

မေမေ

သားနဲ့ မှုံ လက်ထပ်တော့မယ်။

မေမေ အဖြစ်စေချင်ဆုံးဆန္ဒတွေပဲမဟုတ်လား။

နေခြည်နှင့်လက်ထပ်ဖို့ဆိုတာ မေမေ လုံးဝသဘောမကျခဲ့ပေ။

သားကို ချစ်လွန်း၍သာ မေမေက သား လိုအင်ဆန္ဒတွေ ဖြည့်ပေးခဲ့သည်။

အလိုက်အထိုက် ဆက်ဆံခဲ့၏။

ဘဝကို ပြန်စ,မယ်။

ဘဏ်စာရင်းမှာ ငွေတွေ ရှိနေသေး၍ မှုံနှင့် ဘဝကို ပြန်စပြီး ကြိုးစားဆောက်..





"အဟွတ်..အဟွတ်.."

"အဟွတ်"

ချောင်းက အဆက်မပြတ်ဆိုးလာသည်။

"အဟွတ်"

အခြေအနေကတော့ ဆိုးရွားသည်ထက် ဆိုးရွားလာတော့သည်။

ငါ နေကောင်းသွားမှာပါ။

တစ်ယောက်တည်း ဖြစ်နေသည်။

နေခြည်နှင့် လက်ထပ်ပြီးကတည်းက သူ့မှာရှိတဲ့စည်းစိမ်ဥစ္စာတွေ ပျက်စီး ဆုံးရှုံးသွားရ၏။

အမွေရသမျှ နေခြည်ပဲ လက်ဝါးကြီးအုပ်သွားခဲ့တော့သည်။

အခုဆို

ဘာမှ မကျန်တော့ဘူး။

ကုန်ပြီ။

စည်းစိမ်ဥစ္စာတွေ ဖြုန်းသုံးပြီး နေခြည်က စွန့်ခွာသွားခဲ့သည်။

မှုံရယ်

နင်နဲ့ တခြားစီပဲ။

ကြည့်စမ်း

ငါ့မှာ ဘာဆိုဘာမှ မရှိတဲ့ဘဝမှာ နင် ချက်ချင်းရောက်လာပြီး ပြုစုစောင့်ရှောက်ခဲ့တာ ငါ ဘယ်တော့မှ မမေ့ဘူး။

နှင့် မျက်ဝန်းတွေထဲမှာ ငါ့ကို ချစ်တဲ့အချစ်တွေ ရှိသေးတယ်။

ငါ ဝမ်းသာလိုက်တာ မှူး။

ကျောထဲမှ အောင့်နေသည်။

အဖျားက တက်ချင်လာ၏။

မှူးရော

ဘာလို့ မလာသေးတာလဲ။

ငါ ဆေးသောက်ဖို့ အရမ်း ပျင်းတတ်တာ နင်အသိဆုံးပဲလေ။

မှူ့ကို မျှော်လင့်နေမိသည်။

သူ့အခန်းလေးက ကျဉ်းမြောင်းပြီး ဘာမှ ရှိမနေပေ။

တိုက်ကြီးကနေ မကြာခင် ပြောင်းပေးရတော့မည် ဖြစ်သည်။

နေခြည်ကြောင့် စီးပွားရေးတွေကျပြီး တိုက်ကြီးက အပေါင်ဆုံးနေပြီ ဖြစ်၍ သူ အခန်းကျဉ်းလေးဆီ ပြောင်းရမည်။

အတွင်းပစ္စည်းတွေလည်း ရောင်းချ၍ ဆေးကုရတာ ကုန်ပြီ။

မှူးတစ်ယောက်ပဲ သူ့အပေါ် စိတ်ထား မပြောင်းဘဲ အရေးတယူ ရှိနေခဲ့သည်။

နေခြည်လိုမိန်းမတစ်ယောက်အား အပြင်ပန်း





ရုပ်ရည်လေးကြည့်ပြီးမှ သူမ ဘဝတစ်သက်တာအတွက် ရွေးချယ်ခဲ့သည်။

အမှားကြီးမှားယွင်းခဲ့ရ၏။

မှူး

တစ်ပတ်အတွင်း အိမ်ပြောင်းရတော့မယ်။

ပြီးရင်

မင်းကို လက်ထပ်မယ်။

ငါ့ရဲ့နောက်ဆုံးမျှော်လင့်ချက်ပဲ။

အရင်ကအမှားတွေကိုပြုပြင်ပြီး ကျန်နေတဲ့ အသက်အပိုင်းတွေအတွက် ဘဝတစ်ခုကိုတိုးတက်အောင်မြင်အောင်ထူထောင်မယ်။

ငါ ကြိုးစားမယ်။

တကယ်တော့

ငါ့ဘဝအတွက် အလိုအပ်ဆုံးကနင်ပါမှူး။

မှူး ဆီဖုန်းဆက်ရင် ကောင်းမလား။

နေခြည်နှင့်လက်ထပ်မိတာ အရှုံးကြီးရှုံးခဲ့ပေမဲ့ မှူးနှင့်ဘဝကို ဆက်ပြီးတည်ဆောက်ရမှာ အမြတ်ပဲ ဖြစ်နေ၏။

"အဟွတ် ဟွတ်"

"အဟွတ်"

"မောင်သူရိန် ဆေးမသောက်ရသေးဘူး မဟုတ်လား"

"မှူး လာမှ သောက်တော့မယ် ဒေါ်လုံး"

လောလောဆယ်တော့ မှူးနှင့်အနေအထိုင်ဆင်ခြင်မှဖြစ်မည်။

"အဟွတ် အဟွတ်"

ချောင်းတွေကမတရားဆိုးလာတော့သည်။

"မင်း ဒီနေ့ဆေးခန်းက အဖြေသိရမယ်မဟုတ်လား"

"ဟုတ်တယ် ဒေါ်လုံးကျွန်တော်ဆေးခန်းသွားမယ်"

မှုံကို ခေါ်ဖို့စဉ်းစားမိပေမဲ့ တစ်ယောက်တည်းပဲ ထွက်လာခဲ့မိသည်။

ဆေးခန်းရောက်တော့ အဖြေယူပြီး ဆရာဝန်ပြ၏။

"ခင်ဗျားမှာ အဖော်တစ်ယောက်ယောက်မပါဘူးလား"

"ဟင့်အင်း"

"အဆုတ်မှာအနာဖြစ်နေတယ် ကိုသူ့ရိန် အရက်မသောက်ပါနဲ့ ဆေးလိပ်မသောက်ပါနဲ့"

ဆရာဝန်ရဲ့အခြေအနေကြည့်ကတည်းက ကိုယ့်အခြေအနေမကောင်းတော့ဘူးဆိုတာ သဘောပေါက်နားလည်သွားသည်။

ကိုယ့်အသိဆရာဝန်တစ်ယောက်ကို ဖွင့်အတင်းကပ်မေးကြည့်တော့ အဆုတ်ကင်ဆာတဲ့။

အိမ်ပြန်ရောက်တော့ မှုံ့မမရောက်နေသည်။

"ဟင် မမ"

"သူ့ရိန်"

မမရောက်လာတာတော့ ထူးခြားမှုရှိနေသည်။

"နေမကောင်းတာ မမတောင်မသိဘူး မင်း တော်





တော် နေမကောင်း ဖြစ်နေတာပဲ"

"မမ"

"ဟင်"

"ဘယ်အချိန်က ရောက်နေတာလဲ ကိစ္စရှိလို့လားဟင်"

"သူ့ရိန်"

"ပြောပါမမ"

"မင်းဆီကို ညီမလေးမှုံ ရောက်လာတတ်တယ်မဟုတ်လား"

"ဟုတ်ကဲ့ မမ"

"ဒီဖိတ်စာကို ဖတ်ကြည့်စမ်း"

မမပေးသောဖိတ်စာကိုသူဖတ်ပြီး အထိတ်တလန့်ဖြစ်သွားမိသည်။

ကိုနန္ဒနှင့်မှုံတို့ရဲ့ စေ့စပ်ကြောင်းလမ်းခြင်းဖိတ်စာဖြစ်နေ၏။

"ဖိတ်စာက မဝေရသေးဘူး သူ့ရိန် အမှန်အတိုင်းပြောရရင်တော့ မှုံက လက်မခံချင်ဘူး မေမေ နေမကောင်းတာနဲ့ လက်ခံလိုက်တယ်လေ"

မှုံ ဘာဖြစ်လို့ ငါ့ကို မပြောတာလဲ။

ကိုနန္ဒနဲ့စေ့စပ်တော့မယ်၊ လက်ထပ်တော့မယ်ဆိုတာ နင် ဖုံးကွယ်ထားတယ်ဆိုတာ ငါ့ကို ချစ်လို့ပဲ မဟုတ်လား။

"ညီမလေးက ဖိတ်စာတွေဝေဖို့ ငြင်းနေတယ်"

"ဟင်"

"မင်းကြောင့်ဆိုတာ မမသိတယ် သူရိန်"

မှူး

သူရိန်နှင့်အဆက်အသွယ်လုပ်နေကြောင်း သတင်းရထားသည်။

စိမ့် စိတ်ပူပြီး သူရိန်အား လာရောက်တွေ့ဆုံခြင်းပင်

"မေမေကတော့ ဘာမှမသိသေးဘူး သူရိန် သိရင် အရမ်းစိတ်မကောင်းဖြစ်မှာပဲ အသက်တောင် ဆုံးရှုံးသွားနိုင်တယ်"

တစ်ချိန်က အန်တီမာကလည်း သူ့မိခင်ကဲ့သို့ပင် ချစ်ခင်ယုယခဲ့သည်။

သူက အရေးမစိုက်တာ။

မေမေ့ကို သူ သတိရမိလာသည်။

သူ့ကြောင့် မေမေစိတ်သောကတွေ ရောက်ပြီး ကွယ်လွန်ခဲ့၏။

အခု

သူကိုယ်တိုင် အဆုတ်ကင်ဆာရောဂါနှင့်လူ့ဘဝရဲ့နောက်ဆုံးအချိန်တွေကိုစောင့်မျှော်ရတော့မည်ဖြစ်သည်။

"သူရိန်"

"ဗျာ"

"မင်း မမရဲ့ ညီမလေးကို ချစ်ခင်နှစ်သက်မှာလည်း မဟုတ်ပါဘူး"

"ကျွန်တော်.."





မှူးကိုချစ်နေမိပြီဟုပြောဖို့ တွန့်ဆုတ်သွားမိသည်။

ဘယ်သူကယုံမှာလဲ။

"မှူးက စေ့စပ်ဖို့ ကိစ္စကို ဖျက်ခိုင်းနေတယ်"

"ဟင်"

"မမကို ပြောတာလေ သူ ကိုနန္ဒသီမှာ တောင်းပန်ပြီး ဖျက်မယ်တဲ့"

ငါ့အပေါ် နင့်ရဲ့ချစ်ခြင်းမေတ္တာတရားကြီးမားလိုက်တာမှူးရယ်။

နင် မရက်စက်နိုင်တာ မဟုတ်လား။

"အဲဒီကိစ္စမဖြစ်နိုင်ဘူး သူရိန်၊ မေမေသေမှာပဲ၊ တို့မိသားစုရဲ့ အရှက်သိက္ခာကိုလည်း ပြန် စဉ်းစားပါဦး"

သူရိန်ဘာလုပ်သင့်လဲဆိုတာ ရှင်းလင်းစွာသိလိုက်ပြီ ဖြစ်သည်။

ကိုနန္ဒကပဲ နင်နဲ့လိုက်ဖက်ပါတယ်မှူး။

ငါက

အဆုတ်ကင်ဆာဖြစ်နေပြီ။

သေခြင်းတရားတွေကိုရင်ဆိုင်ရတော့မယ် မှူး။

"သူရိန် စဉ်းစားပါ မှူး ဘဝကို မနှစ်ပါနဲ့ကွယ်"

မမ တောင်းပန်ပြီးပြန်ထွက်သွားတော့သည်။

သူရိန်တစ်ယောက်တည်း ကျန်ခဲ့မှ လက်ထဲက ဖိတ်စာကို သေချာစွာ ဖတ်ကြည့်နေမိ၏။

## 'နေ့စဉ်မှတ်လာ ဖိတ်ကြားလွှာ'
### မောင်ကျော်နန္ဒနှင့် မနှင်းမှုံမှုံ

ငါ့မျက်လုံးတွေ ပြာဝေသွားတယ်။
နှင် စေ့စပ်တော့မယ်။
လက်ထပ်တော့မယ်။
သူ့ဘဝမှာ အရှုံးတွေနှင့်ရင်ဆိုင်ဖြတ်သန်းရ
တော့မှာပဲ ဖြစ်သည်။
မျှော်လင့်ချက်တွေ ကင်းမဲ့သွားရ၏။
"သူရိန်"
ဖိတ်စာကို ခုတင်အောက်သို့ လွှင့်ပစ်လိုက်မိ
သည်။
"နှင် ဆေးခန်း သွားပြတာ ဘာပြောလဲဟင်"
မှုံ ဝင်လာသည်။
စိုးရိမ်ပူပန်နေတဲ့မျက်ဝန်းလေးတွေကို စိုက်
ကြည့်မိ၏။
နှင့်မျက်ဝန်လေးတွေက အကြင်နာတရားတွေ





ပြည့်ဝပြီး စွဲမက်စရာကောင်းနေတယ်။
ငါ
စောစောက ဘာဖြစ်လို့ သတိမထားမိခဲ့ရတာလဲ
နှင်းမှုံမှုံ။
ဒါကြောင့်လည်း ကိုနန္ဒက နှင့်ကိုချစ်မြတ်နိုးတာ
ပဲ။
"သူရိန်"
"ဟင်"
"နှင် ဘာဖြစ်နေတာလဲ"
"ဆရာဝန်က ငါ့ရောဂါက အဆုပ်မှာအနာပေါက်
တာတဲ့၊ ဆေးသောက်လိုက်ရင် ပျောက်သွားမယ်တဲ့"
"ဟုတ်လို့လား"
"အင်း"
သူမ အခန်းထဲဝင်လာပြီး ငါ့ကို ဆေးတိုက်ဖို့ပြင်
နေသည်။
"နှင် ဒေါ်လုံးဆေးတိုက်ရင် မသောက်ဘူးဆို သူရိန်"
"နောက်ဆို သောက်ပါ့မယ် နှင်ကလည်း အမြဲတမ်း
လာတိုက်နေမှာမှ မဟုတ်တာ"
သူရိန် ရယ်...
ငါ ဆုံးဖြတ်ပြီးသွားပြီ။
ရောဂါဝေဒနာတွေ ဖြစ်ပြီး အထီးကျန်နေတဲ့
နှင့်ကို ငါ ပစ်မထားရက်တော့ဘူး။
"သူရိန်"

"ဟင်"

"နင် နဲ့ နေခြည် ကွာရှင်းပြတ်ဆဲထားပြီးပြီ မဟုတ်လား"

အကြည့်ချင်း ဆုံမိနေသည်။

မှုံ့မေးခွန်းကို ရုတ်တရက် သူ ဖြေဖို့ အခက်အခဲဖြစ်သွားမိသည်။

နေခြည်နဲ့ ကွာရှင်းပြတ်ဆဲထားပြီးပေမဲ့ မှုံ့ဘဝအား မနှစ်ရက်တော့ပေ။

"မှုံ ဆုံးဖြတ်ပြီးပြီ သူရိန် နေခြည်က နင့်ကို ကွာရှင်းပြီးရင် နင့်အနားမှာပဲ ငါ နေတော့မယ်လို့လေ"

မှုံရယ်

နင့်အမေ တစ်ခုခု ဖြစ်သွားမှာကော မစိုးရိမ်ဘူးလားဟင်။

ငါ့အတွက် ဒီလောက်တောက်ပဲ စွန့်လွှတ်အနစ်နာခံလှချည်လားကွာ။

"မှုံ နင့်ကို ငါချစ်တယ်"

မှုံ့ကိုယ်လုံးလေးကို ဆွဲယူသိမ်းကျုံးဖက်ထားမိပြီး မျက်နှာလေးအနှံ့မြတ်နိုးစွာ နမ်းပစ်မိသွားရသည်။

□ □ □ □ □





## အခန်း(နှစ်ဆယ့်ဇလေး)

မေမေကို မှုံ ပြောပြမယ်။

သူရိန်တစ်ယောက်လည်း နောင်တတွေ ရနေပါပြီလို့...

ကိုနန္ဒကတော့ သူမ ပြောရင် လိုက်လျောမယ်ဆိုတာ သိနေသည်။

အဓိက ကိုနန္ဒပဲ။

သူရိန်နှင့် လက်ထပ်ခွင့် မရှိရင်တောင်မှ သူရိန့်အနားမှာ ပြုစုယုယပေးနေချင်မိသည်။

မဖြစ်ဘူး

ကိုနန္ဒနဲ့ လက်ထပ်လိုက်လို့ မဖြစ်ဘူး။

နေခြည်နှင့် သူရိန် ကွာရှင်းပြီးကြပြီ။

ဘဝအတွက် အားကိုးမက်မောရာ ဘာတစ်ခုမှ မရှိတော့တဲ့ ယောကျာ်းတစ်ယောက်အပေါ် နေခြည် အနိုင်နဲ့ ပိုင်းပြီး ကွာရှင်းပေးတာပဲ ဖြစ်သည်။

မှုံဘက်က ပြတ်သားဖို့ပဲ။

မေမေ့ကိုတော့ ဖျောင်းဖျရမယ်။

သူရိန်မှာ ဝေဒနာတွေနဲ့ စည်းစိမ်ဥစ္စာတွေ

ဆုံးရှုံးပြီး တစ်ယောက်တည်း အထီးကျန်ဘဝမှာ ထားခဲ့နိုင်မှာ မဟုတ်။

မမက ဖိတ်စာတွေ ဝေဖို့ အစီအစဉ်တွေ လုပ်နေသည်။

"စေ့စပ်မဲ့ရက်က လိုသေးတာပဲ..မမ၊ ဖိတ်စာတွေ မဝေပါနဲ့ဦး..၊ စောနေသေးပါတယ်"

"မဖြစ်ဘူး..မှုံ၊ မေမေက ဖွတ်အတင်းဝေခိုင်းနေပြီ၊ နင်က ဘာဖြစ်လို့ အချိန်ဆွဲနေရတာလဲ"

မမကတော့ ပြောလို့ မရမှန်းသိ၍ ကိုနန္ဒအား ဖုန်းဆက်ပြီး ခေါ်ရသည်။

ကိုနန္ဒ ရောက်လာ၏။

ဖိတ်စာတွေအားလုံးက ကိုနန္ဒဆီမှာပဲ ဖြစ်သည်။

"ကိုနန္ဒ"

"ဘာလဲ မှုံ"

"မှုံ ကိုနန္ဒနဲ့ ဆွေးနွေးစရာ ရှိနေတယ်.."

"ပြောလေမှုံ..၊ ဘာ ပြောမှာလဲ"

ကိုနန္ဒသည် အပြစ်ကင်းမဲ့သူသာ ဖြစ်နေသည်။

သူမ ဆန္ဒတွေအား အမြဲတမ်း ဖြည့်စွမ်းပေးသူလည်း ဖြစ်နေသည်။

"မှုံ ဘာပြောမလို့လဲ..ပြောလေ..ကိုယ့်ကို ဘာမှ အားနာစရာ မရှိဘူးနော်"

"ဟို..ဟို..မှုံလေ.."





သူရိန့်အကြောင်းတွေ ဖွင့်ပြောပြလိုက်မိသည်။

"ကိုယ်နဲ့ စေ့စပ်ကြောင်းလမ်းခြင်းကို ဖျက်သိမ်းချင်လို့လား မှုံ.."

"အင်း"

"မှုံရယ်.."

ကိုယ့်စိတ်တွေ ထိခိုက်ကြေကွဲနေတာ မှုံ လုံးဝ မသိအောင် ထိန်းချုပ်ပစ်လိုက်မိသည်။

"မှုံ... ဘာဖြစ်ချင်လဲ"

"ကျွန်မကို နားလည်ပါ"

"ကိုယ်ကတော့ မင်းဆန္ဒတွေအတိုင်းပဲ ဖြစ်စေရပါ့မယ် မှုံ.."

"ဟို..ဟို..ကိုနန္ဒဘက်ကနေ စေ့စပ်ကြောင်းလမ်းတာကို ဖျက်သိမ်းကြောင်း မေမေ့ကို ပြောပေးပါ"

"မှုံရယ်..ကိုယ်ကတော့ မင်းဆန္ဒကို လိုက်လျောဖို့ အဆင်သင့်ပါပဲကွာ.."

ကိုနန္ဒအား ကျေးဇူးတင်စွာဖြင့် မော့ကြည့်မိသည်။

"သူရိန်က ခုအချိန်မှာ ဖေးမမဲ့သူလည်း မရှိဘူး၊ ဝေဒနာတွေလည်း ခံစားနေရတယ်..၊ ကျွန်မတစ်ယောက်ပဲ အနားကနေ ပြုစုယုယပေးမဲ့သူ ရှိတာပါ.."

"ကိုယ် နားလည်ပါတယ် မှုံရယ်.."

သူရိန်

အဆင်ပြေသွားပြီ။

နင့်ဘက်ကပဲ ဆုံးဖြတ်ချက်ပိုင်ဖို့ပဲ ရှိတယ်။

စေ့စပ်ဖို့ရက်က လိုသေးတော့ ရုတ်တရက်ကြီး မေမေ့ကို ဖွင့်မပြောသေးဘဲ နေခဲ့သည်။

ကိုနန္ဒက ဖိတ်စာကွေ မဝေသေးပေ။

"မှူး နင် ဘာတွေ အရှုံးထနေတာလဲ..၊ သူရိန်က နင့်ကို ဘယ်တော့မှ ချစ်မှာ မဟုတ်ဘူး..၊ မေမေ သိသွားရင် သေမှာနော်"

"မေမေ့ကို မသေစေချင်ပေမဲ့ သူရိန့်အပေါ် မှူး ဘယ်နည်းနဲ့မှ မရက်စက်နိုင်ဘူး"

"မေမေနဲ့ လူကြီးတွေကို နင် အသိမပေးနဲ့ဦးနော်၊ ခေါင်းအေးအေးထားပြီး စဉ်းစားပါဦး..ဟယ်"

သူမဘက်ကတော့ ဆုံးဖြတ်ချက်ချထားပြီးသား ဖြစ်သည်။

သူရိန်နှင့် ဆွေးနွေးပြီးတာနှင့် လူကြီးတွေကို ဖွင့် ပြောမည် ဖြစ်၏။

ကိုနန္ဒကလည်း လက်ခံသည်။

"ကိုယ် မှူးကို အရမ်းချစ်တယ်..မြတ်နိုးတယ်..ဒါပေမဲ့ မှူး စိတ်မချမ်းမသာဖြစ်စေမဲ့ အပြုအမူတွေကို မပြုမူ ချင်တာပါ.."

"ကျေးဇူးပါပဲ ကိုနန္ဒရယ်.."

ကြေကွဲဝမ်းနည်းစွာ ဆို့နစ်နေတဲ့ ကိုနန္ဒ မျက်





ဝန်းတွေကို တိမ်းရှောင်ခဲ့မိသည်။

ကိုနန္ဒ ဘယ်လောက်အထိ ကြေကွဲဝမ်းနည်းနေမယ်ဆိုတာတော့ သူမ သိနေပြီးသား ဖြစ်၏။

သူရိန်ဆီသို့ သူမ ဝမ်းသာအားရ ရောက်လာမိသည်။

"သူရိန်"

"မှူး"

"နင် နေကောင်းလား"

"အင်း"

"ဆေးသောက်ပြီးပြီလား..ဟင်"

"နေခြည်တိုက်သွားတယ်..မှူး"

"ဘာ"

"မှူး"

"ဟင်"

"နောက်ဆို နင်လာပြီးဆေးတိုက်စရာ မလိုတော့ဘူး မှူး.."

"ဘာဖြစ်လို့လဲ သူရိန်..နင်နဲ့ နေခြည် ကွာရှင်းပြီးပြီဆို.."

"နင့်ကို အသုံးချပြီး နေခြည်ရဲ့ အချစ်တွေ ဂရုစိုက်မှုတွေ ပြန်ရအောင်လုပ်တာ အောင်မြင်တယ်..မှူး"

"ဘာ"

ပြောင်းလဲမှုအတွက် အံ့ဩမိ၏။

သူရိန့်မျက်နှာအား နားမလည်နိုင်စွာဖြင့် မော့ကြည့်မိသည်။

မျက်ဝန်းတွေက တင်းမာခက်ထန်နေ၏။

"ငါက မှုံ့ကို အသုံးချတာပါ..၊ နင် သိပါတယ် မှုံ့၊ ငါ့ဘဝမှာ နင်ဟာ ဘယ်တော့မှ အမြဲတမ်း မလိုအပ်နေနိုင်ပါဘူး"

"နင်..နင် ဘာတွေ လာပြောနေတာလဲ..၊ နင့်ကို နေခြည်က ကြင်နာယုယမှုတွေ ပေးနိုင်ခဲ့လို့လား"

"ဟုတ်တယ်..မှုံ့..နင်နဲ့ငါ ပြန်ဆက်နေတာ သိတော့ နေခြည်ဒေါကန်ပြီး ငါ့ကို အရမ်းပြုစုလာ တယ်.."

သူရိန် ပြောနေတာတွေကို မယုံကြည်နိုင်လောက်အောင် ဖြစ်ရသည်။

နင် တကယ် ပြောနေတာလား။

ငါ့ကို အသုံးချပြီး နင့်ဇနီးနေခြည်ရဲ့ ချစ်ခြင်းမေတ္တာတွေ ရယူဖို့ ကြိုးစားလုံးပန်းခဲ့တာပဲ။

"အလှအပကို မက်မောတဲ့ ငါ့အတွက် နင်က ဘယ်လို လုပ်ပြီး ဖမ်းစားနိုင်မှာလဲ..မှုံ့"

"နင်..နင် ယုတ်မာတယ်..၊ ခုထိ ငါ့အပေါ် ယုတ်မာကောက်ကျစ်နေတာပဲလား..သူရိန်"

သူရိန့်မျက်ဝန်းတွေကို စူးစိုက်စွာ ကြည့်မိနေသည်။

'နင်..လူယုတ်မာ"

"ဖျန်း"





ရိုက်ပါ..မှုံ့။

နင် ဒီထက်နာကျဉ်သွားအောင် ငါ့ကို ရိုက်ပစ်သင့်ပါတယ်။

ဂုဏ်သိက္ခာတွေ ကင်းမဲ့ပြီး သေမင်းနဲ့ မလွဲမသွေ ရင်ဆိုင်ရတော့မယ့် ငါ့ဘဝထဲ နင် ဝင်မလာသင့်တော့ပါဘူး။

ကိုနန္ဒက နင့်ကို ချစ်မြတ်နိုးပါတယ်။

နင့်ဘဝတစ်လျှောက်လုံးအတွက် အသင့်တော်ဆုံးယောကျ်ားတစ်ယောက်ပါ..မှုံ့။

ရွေးချယ်သင့်ပါတယ်။

နင့်အပေါ် ငါ အများကြီး ရက်စက်ယုတ်မာခဲ့တဲ့လူတစ်ယောက်ပါ။

"ငါနဲ့ နေခြည် မကွာရှင်းရသေးဘူး မှုံ့..ငါ ချစ်လို့ လက်ထပ်ထားတဲ့မိန်းမပဲဟာ.."

ငါ ဆုံးဖြတ်လိုက်ပြီ။

နင့်ဘဝ တင့်တယ်အေးချမ်းပြီး ချစ်ခြင်းမေတ္တာကြီးမားတဲ့ ကိုနန္ဒလိုယောကျ်ားတစ်ယောက်ရဲ့ ရင်ခွင်မှာ နားဝင် ခိုမှီနိုင်ပါစေ။

"နင်..နင် သိပ်ရက်စက်တယ်၊ ငါ့ အချစ်တွေကို အမြဲတမ်းစော်ကားတယ်..၊ နင့်ကို ငါ မုန်းတယ်.. မုန်းတယ်"

သူမ

နာကြည်းစွာပြောပြီး သူရိန့်အနားမှ ထွက်ပြေး

လာခဲ့မိသည်။

အိမ်မှာ မေမေနှင့်အန်တီရိုစီတို့က သူမအား စောင့်နေကြ၏။

"မှုံ..သမီးလေး..ဘယ်သွားနေတာလဲ၊ ဒီမှာ ဖိတ်စာ တွေဝေဖို့ ရိုစီက တိုက်တွန်းနေပြီ၊ မောင်နန္ဒနဲ့သမီး လေး သွားဝေလေ"

မမကတော့ သူမအကြောင်းသိနေ၍ အိမ်ထဲ ဝင်သွားသည်။

"ကိုနန္ဒရော မေမေ"

"ခြံထဲမှာလေ..သမီး မတွေ့ခဲ့ဘူးလား"

ဟုတ်သားပဲ။

ကျွန်မ ပြေးဝင်လာ၍ ကိုနန္ဒအား မတွေ့ဘဲဖြစ် သွားရသည်။

"ကိုနန္ဒကို ခေါ်ပြီး အခုပဲ သမီး ဖိတ်စာတွေ ဝေလိုက် ပါ့မယ် မေမေ"

သူမ ခြံထဲသို့ ပြန်ဆင်းလာခဲ့မိတော့သည်။

ကိုနန္ဒနား ရောက်လာ၏။

"ကိုနန္ဒ"

"မှုံ"

"ကျွန်မတို့ ဖိတ်စာသွားဝေကြမယ်နော်"

"ဟင်"

သူ





တအံ့တသြနှင့် မော့ကြည့်သည်။

"မင်း..မင်း.."

"ကျွန်မ ဘဝမှာ ကျွန်မအပေါ် အချစ်ဆုံးနဲ့ အမြတ် နိုးဆုံး ခွင့်လွှတ်သည်းခံပြီး အကြင်နာတွေ ပေးစွမ်းနိုင် တာက ကိုနန္ဒ တစ်ယောက်ပဲ ရှိပါတယ်လေ.."

သူ့မျက်ဝန်းတွေက ဝမ်းသာရွှင်လန်းစွာ တောက်ပ လာရသည်။

"မင်း..မင်း..တကယ်ပဲ ဆုံးဖြတ်ပြီးပြီလား.. မှုံရယ်"

မှုံ့လက်လေးတွေကို ဆုပ်ကိုင်ဖျစ်ညှစ်ရင်း အငမ်း မရ မေးနေသည်။

"အင်း"

သူမ ခေါင်းညိတ်ပြလိုက်မိသည်။

"မှုံရယ်.."

သူ့ရင်ခွင်ထဲသို့ သူမကိုယ်လုံးလေးအား ဆွဲယူ ပွေ့ဖက်ထားတော့သည်။

မီကိုရှူးဇင်